
www.burmeseclassic.com



www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ◆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◆ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- ◆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- ◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ◆ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# ရွှေအဥ္စလီ

---

## ချစ်ဦးညို

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၃၃၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၇၉၀၉၁၀
အဖုံးဒီဇိုင်း - Lလင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၈၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ် မတ်လ
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ရွှေအဥလိ
ချစ်မိသည်/ရွှေအဥလိ။ - ရန်ကုန်
- စိုးမိုးစာပေ၊ ၂၀၁၁
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်မိသည်


BURMESE CLASSIC .com

## အခန်း (၁)

"မုန်းလိုက်တာနော်၊ မုန်းလိုက်တာ၊ သိပ်မုန်းတာပဲ၊ ဟွန်း သူ့ကိုယ်သူ ဘာထင်နေတာလဲမသိဘူး၊ ငါ့ကို လူတွေရှေ့မှာ ပြောလိုက်တာများ"

"တောက်"

တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ရင်းက ရင်မှာ မကျေနပ်သမျှ ဆောင်း သူမအခန်းလေးထဲတွင် တစ်ယောက်တည်း ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း ခပ်ကျိတ်ကျိတ်ဆိုနေလိုက်သည်။

တစ်ဆက်တည်း သူမ၏ မျက်ဝန်းပြာလဲ့လဲ့ကြီးထဲတွင်လည်း နေ့လယ် အတန်းထဲရှိ ကျောင်းသား ကျောင်းသူများရှေ့

www.burmeseclassic.com

www.burmeseclassic.com



တွင် မျက်ခုံးထူထူကြီး စုံတွန့်ကာ ရှုတည်တည်မျက်နှာထားကြီးနှင့် ဆောင်းအား ရစရာမရှိ ဆူငေါက်ခဲ့သော ဗညားရဲ့မျက်နှာကြီးက သူမမျက်ဝန်းထဲက ဘယ်လိုမှ မထွက်ပါလေတော့။

သူမတို့ဌာနကို ပြောင်းလာသော ဆရာဆိုသူက ဆောင်းငယ်စဉ်ကတည်းက တစ်စက်ကလေးမှ မျက်နှာကြောမတည့်ပါသည့် သူမစိတ်ထဲ သူ့အား လူ့ခွစာကြီးလို့ တိတ်တခိုး အမည်ပေးထားသည့် ဒေါက်တာဆိုတဲ့ သူ့ကို ဆောင်း မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

သူ့ကို သူမ၏ ဆရာတစ်ယောက်အနေနှင့် ကြုံရလိမ့်မည်လို့ မထင်ခဲ့တာကိုက ဆောင်း အမှားပင်ဖြစ်သည်။

သို့သော မထင်တာတွေက သူမအတွက် ယခု လက်တွေ့ကြုံလာရပြီဖြစ်သည်။

ဆောင်း ဦးဗညား အတန်းထဲ ဝင်လာကတည်းက အံ့သြမှုများဖြင့် မယုံနိုင်သလို ကြည့်နေလိုက်သည်မှာ အတန်းထဲ ဦးဗညားစာသင်နေသည့်အထိပင်ဖြစ်သည်။

ရှေ့တွင် ဦးဗညား ဘာစာတွေ သင်လို့သင်မှန်းလည်း



ဆောင်း စိတ်မဝင်စားနိုင်ပါ။

သူမ စိတ်ဝင်စားနေသည်က ဦးဗညားကိုပင် ဖြစ်လေသည်။

သူ ဘယ်လိုလုပ်ပြီး သူမတို့ကျောင်းကို ရောက်လာတာပါလိမ့်။

အေးလေ။ ဒါလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့။ ပြောသာပြောရသည်။ ဦးဗညားသည် သူမ သိရသလောက်ကတော့ ငယ်စဉ်ကတည်းက စာတော်သူတစ်ယောက် ဖြစ်သလို ပညာရေးကိုလည်း အထူးစိတ်ဝင်စားတတ်သူဖြစ်သည်။

ဒါကြောင့်လည်း အန်တီခိုင်၏ သားသုံးယောက်ထဲတွင် ဦးဗညားသည် ကိုကိုကြီး ကိုကိုငယ်တို့နှင့် တခြားစီ။ လူကရှုတည်တည် မျက်နှာထားနှင့် နေတတ်သလို စာနှင့်မျက်နှာ ခွာသူလည်း မဟုတ်။

သူသည် ဆောင်းနှင့်လည်း နည်းနည်းလေးမှ တည့်သူမဟုတ်ပါ။

အိမ်နီးချင်း ခြံချင်းကပ်နေသည့် အန်တီခိုင်တို့ မိသားစု

www.burmeseclassic.com

www.burmeseclassic.com



သည် သမီး မိန်းကလေးမရှိသည်မို့ ဆောင်းဆိုလျှင် တစ်အိမ်လုံး က သည်းသည်းလှုပ် အလိုလိုက်တတ်ကြပေမယ့် ဦးဗညားဆိုသည့် သူကတော့ အားလုံးနှင့် ဆန့်ကျင်ဘက် အသွင်မတူ မူကွဲကာ ဆောင်းကို နည်းနည်းလေးမှ မျက်နှာသာမပေးသည့်အပြင် သူမကို တွေ့တိုင်း အမြဲလို တစ်ခုမဟုတ်တစ်ခု ပြဿနာရှာတတ်သူဖြစ် သည်။

ဒါကြောင့်မို့လည်း ဆောင်းသည် သူ့ကိုဆို ဝေးဝေးက ရှောင်တတ်သလို အန်တီခိုင့်သားသုံးယောက်ထဲတွင် ကိုကိုကြီး ကိုကိုငယ်တို့ကိုသာ ချစ်ခင်ခဲ့ပြီး ဦးဗညားကိုတော့ ဆောင်း သူမကို ပြဿနာရှာသူအဖြစ် မုန်းခဲ့လေသည်။

ဆောင်း သူနှင့်ဆုံလိုက်တိုင်းမှာ အကြောင်းတစ်ခုမဟုတ် တစ်ခုနှင့် သူမ မျက်ရည်ကျခဲ့ရသည့် အဖြစ်များကလည်း မနည်း ခဲ့ပါ။

ယခုလည်း ဦးဗညား သူ စာသင်နေတာကို စိတ်မဝင်စား ရကောင်းလားဆိုပြီး ဆောင်းကို ကျောင်းသား ကျောင်းသူများရှေ့ တွင် ရစရာမရှိအောင် ဆူငေါက်ခဲ့သည့်အဖြစ်က ဆောင်း အတန်းထဲ





ရှိ ကျောင်းသူ ကျောင်းသားများရှေ့တွင် ခေါင်းမဖော်ရဲအောင် အရှက်ရခဲ့သည့်အဖြစ်။

ဆောင်းမှာ ဦးဗညားအပေါ် ခံပြင်းနာကျင်မှုများဖြင့် မကျေ မနပ် ဒေါသများဖြစ်ရသည်။

သူမသည် ဒေါသမျက်ဝန်း စူးစူးတောက်တောက်လေး နှင့် တစ်ဖက်ခြံရှိ ဦးဗညားအခန်းကိုကြည့်ကာ သူမရင်ထဲတွင်တော့ ဦးဗညားအပေါ် နာကြည်းမုန်းတီးနေရသည့် အမုန်းများက ရင်နှင့် အပြည့် ရှိနေရလေသည်။

အထူးသဖြင့် နေ့လယ်က အတန်းထဲရှိ ကျောင်းသူ ကျောင်းသားများရှေ့တွင် ဆောင်း အရှက်ကွဲခဲ့ရသည်။ ဦးဗညား အား သူမ ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင် ရှိနေရသည်။

တကယ်တော့ ဆောင်းဆိုတာက ဆေးကျောင်းတစ်ခုလုံး ၏ အလှဘုရင်မဘွဲ့ကို ရထားသူတစ်ယောက်ဖြစ်သည်။ ထိုသို့ သူမကို အလှဘုရင်မဘွဲ့ ပေးထားလောက်အောင်လည်း ဆောင်း အလှပါရမီ လွန်စွာထူးကဲလွန်းသူဖြစ်ကာ ရက်ရက်စက်စက် လှရက်နိုင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါရွှေနွယ်သန်းကာ အကြောစိမ်းလေးများ မြင်နေရသည့် အထိ ကြည်စင်ဝင်းမွတ်ကာ နို့နှစ်ရောင် ပြေးနေသော အသား အရေ ကောင်းချီးနှင့်ပြည့်စုံသော ဆောင်းမျက်နှာအလှကိုလည်း ကြည့်လိုက်ပါဦး။

အဖျားတုတ်ကာ အရင်းသို့ သေးသွယ်သွားသည့် စင်ရော် တောင် မျက်ခုံးနှင့် ထိုမျက်ခုံး လှလှလေးအောက်က ကြည်စင်ရွှန်း ဝေ ဖြာနေပါသော မျက်ဝန်းပြာလဲ့လဲ့ကြီးအစုံကလည်း ထိုမျက်ဝန်း နှင့် အကြည့်ခံရသူအဖို့ ရင်ခုန်သံများပင် မှားချင်စရာ။

ထူထဲစင်းကျနေသော မျက်တောင်ရှည်ကြီးများ၊ စင်း၍ လုံးကျော ထင်ရှားသော နှာတံ၊ လေးကိုင်းသဖွယ် နီရဲ စိုဥနေရပါ သော သွေးရောင်များဖြင့် စိုစိုအိအိ နှုတ်ခမ်းထူထူလေးကလည်း အသည်းယားဖွယ်။

ပန်းသွေးထနေသော ပါးပြင်မို့မို့နှင့် သူမသည် အလှများ ကို ပိုင်ဆိုင်ထားပါသော ဆောင်း၊ မြင့်သော အရပ် အချိုးကျကာ ကောက်ကြောင်းပြေပြစ်လှသော ခန္ဓာကိုယ်နှင့် ကျောလယ်မှ ဖြန့်ဆဲဝဲ ကျနေသည့် အညိုရောင်ဆံနွယ် ထူထူအိအိဝဲဝဲလေးကို အလယ်မှ



တပြေးညီ ခွဲချထားလေသည်။

ထူးကဲလွန်းသည့် အလှများကို တစ်ခုချင်းစီ ပိုင်ဆိုင်ထား ပါသော ဆောင်းအလှက ရွှေစင်သွန်းထားသည့် သက်ရှိအလှရုပ် လေးလို အပြစ်ကင်းစင်စွာဖြင့် နတ်မိမယ်လေးလို မြင်သူအကြည့် မလွှဲနိုင်အောင် လှရက်သူဆိုလျှင်တော့ လွန်မည်မထင်ပါ။

နုထွေးလှပသော မျက်နှာလေးနှင့်အတူ ဆေးကျောင်းသူ တစ်ယောက်ဖြစ်သော ဆောင်းမှာ ပြည့်စုံချမ်းသာသော မိဘနှစ်ပါးမှ ပေါက်ဖွားလာသည့် တစ်ဦးတည်းသော သမီးရတနာပင်ဖြစ်သည်။

ဘဝရော အလှပါ ပါရမီကံကောင်းလွန်းသည့် ဆောင်း အနားတွင် အလှာပေါင်းစုံ အသိုင်းအဝိုင်းပေါင်းစုံမှ ကြီးကြီးငယ် ငယ် ယောကျ်ားများသည် သိပ်လှလွန်းသော ဆောင်းအနား ပျားပိတုန်းများစွာ ပျံဝဲနေကြပေမဲ့ ဆောင်းကတော့ အချစ်ဆိုတာကို ရှာဖွေစဉ်းစားသူတစ်ယောက် မဟုတ်ပါ။

သူမသိသည်က မိဘနှစ်ပါးကို ချစ်မည်။ နွှဲ့မည်။ လိုချင် တာကို ပူဆာမည်ဟူသော ကလေးဆန်သော အတွေးနှင့်သာ ဘဝကို ပေါ့ပါးလွတ်လပ်စွာ ဖြတ်သန်းနေသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမြင် ချစ်ခင်ပါစေဆိုသော ဆုတောင်းပြည့်ဝလာသော ဆောင်း မိဘနှစ်ပါးကိုသာမက အိမ်နီးချင်း ခြံချင်းကပ် အန့်တီခိုင်တို့ မိသားစု၏ အရေးပေး အလိုလိုက်ခြင်းကို ကံကောင်းစွာ ရခဲ့သူလေးဖြစ်သည်။

ထိုသို့ရခဲ့အောင်လည်း ဆောင်း သူမ၏ ချစ်စဖွယ် စကားလေးများဖြင့် တီတီတာတာ ချွဲနွဲ့တတ်သူဖြစ်သည်။

ဆောင်းဆိုလျှင် တစ်အိမ်လုံးက ဟဲ့တစ်ချက်မဆူရက် မငေါက်ရက် ဖူးဖူးမှုတ် အလိုလိုက်ခဲ့သမျှ ယခုတော့ ဦးဗညားက ဆောင်းကို လူအများကြား မိန်းမပျိုလေး တစ်ယောက် အရှက်ရသွားမည်သို့ ကိုယ်ချင်းစာစိတ်နှင့် မတွေးဘဲ မျက်နှာထားကြီးနှင့် ရက်ရက်စက်စက် ဆူငေါက်ခဲ့သည့်အဖြစ်က သူမစိတ်ကို တွေးလိုက်တိုင်း နာကျင်စေရပါ၏။

ထို့ကြောင့်လည်း ဆောင်း ဦးဗညားအပေါ် နာကျင်စိတ်နှင့် စိတ်မှာ ခံပြင်းသမျှ ကြိမ်းဝါးနေလိုက်ပေမယ့် သူမ စိတ်အတွေးများကတော့ ရှုပ်ထွေးနေရသည်။

မတည့်အတူနေဆိုသလိုနှင့် ရှေ့လျှောက် ဆရာနှင့်တပည့်





ဟူသော ဆက်ဆံမှုဖြင့် ရှိနေရမည့်အရေးကိုတွေးပြီး ဆောင်း ရင်လေးနေမိသည်။

သူမ ရင်လေးမည်ဆိုကလည်း ရင်လေးစရာပင်ဖြစ်သည်။

နှစ်ဦးသား တစ်ကျောင်းတည်း တစ်ဌာနတည်းမှာ လာဆုံနေရသည်မို့ မမြင်ချင် မတွေ့ချင်ပါသော်လည်း ဘယ်လိုမှ ရှောင်လွှဲလို့မရသည့်အဖြစ်နှင့် ရှေ့လျှောက် ရင်ဆိုင်နေရမည့်အဖြစ်။

သူတော့ ဘယ်လိုနေမည်မသိပါ။

ဆောင်းကတော့ဖြင့် သူ့မျက်နှာကို မမြင်ချင် မတွေ့ချင်အောင် ရင်မှာ ခါးသီးစွာ မုန်းတီးသွားရပြီဖြစ်သည်။

သည်အပြစ်များ၏တရားခံသည် ဘယ်သူမပြု မိမိပြုဆိုသလို သူပင် ဆောင်းအပေါ် စခဲ့သည့်ပြဿနာပင် ဖြစ်သည်။

မေတ္တာသည် ရောင်ပြန်ဟပ်သည်ဆိုပေမယ့် ဆောင်း လူခွစာကြီးအပေါ် အန့်တီခိုင်မျက်နှာနှင့် ဘယ်လိုပင် သည်းခံစိတ်မွေး မေတ္တာထားခဲ့လည်း သူမအပေါ် အကောင်းမမြင် မေတ္တာမထားနိုင်သည့် ပြဿနာရှာနေဦးမည်ဆိုတာကိုလည်း ဆောင်း စိတ်မှာသိနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း သူနှင့် ရှေ့လျှောက်လွတ်ကင်းဖို့ရာကလည်း ဘယ်လိုမှ မဖြစ်နိုင်ပါ။

သူသည် ဆောင်း၏ ဆရာဖြစ်လာရပြီမို့ ဘာပဲပြောပြော ဆောင်း သူ့အပေါ်မှာ ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ သူ့တပည့်တော့ ဖြစ်သွားရပြီ ဖြစ်သည်။

ဆောင်းဆိုသည့် သူမသည် သူ့ကို အလျှော့ပေးလိမ့်မည် မဟုတ်ပါ။ အကြောင်းတိုက်ဆိုင်လို့ တစ်နေ့ပြန်ကြုံလျှင် ဆောင်းသည် ဦးဗညားအပေါ် ပြန်၍ အနိုင်ယူရန်ကိုလည်း သူမစိတ်မှာ ဆုံးဖြတ်ခဲ့ပေမယ့် သူနှင့်ပတ်သက်ကာ သူမရင်ထဲ ရှုပ်ထွေးနောက်ကျို လေးလံနေရသည်ကတော့ အမှန်ပင်ဖြစ်တော့သည်။

◇ ◇ ◇

## အခန်း (၂)

ဗညားတစ်ယောက် လူကသာစာသင်နေပေမဲ့ သူ့အကြည့် စူးရှူးကြီးများကတော့ တစ်ချက်တစ်ချက်တွင် သိပ်လှလွန်းသော ဆောင်းထံသို့ သူ့အကြည့်များက ဖျတ်ခနဲဆိုသလို ခပ်စိုက်စိုက်လေး ရောက်ရှိသွားတတ်လေသည်။

ကြည့်လိုက်တိုင်းလည်း ဗညား သူ့ရင်မှာ မချင့်မရဲဖြစ်ရပါသည်။

ထိုသို့ ဖြစ်လောက်အောင်လည်း ဆောင်းဆိုသည့် မိချာတိတ်က သူ့ရင်ကို ကလိနေရသည်ကိုတော့ ကာယကံရှင် နှစ်ဦးဖြစ်သော ဗညားနှင့် ဆောင်းသိပါသည်။

ကြည့်လေ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်း သူ့မလေးလုပ်နေပုံက သူ့ရင်ကို ဘယ်လောက် အခံရခက်စေရသည်လဲဆိုတာ။

သူ စာသင်နေသည်ကိုသိပေမယ့် သူ သင်သည့်စာထဲ စိတ်မဝင်စားသလို သူ့စကားသံကို အာရုံမထားသလိုလိုနှင့် ဆောင်းသည် ဘေးမှအတန်းဖော် ကျောင်းသားကို စကားတွေပြောနေလေသည်။

သည်အဖြစ်က သူ့အတွက် တစ်ခါလည်းမက နှစ်ခါလည်းမကသည့် အခါမှာတော့ ဗညားသည် သူမ၏ မထေမဲ့မြင် လုပ်ရပ်ကို သူ သည်းမခံနိုင်တော့အောင် ဖြစ်လာသည်။

အစကတော့ သူသည် စိတ်ကိုအတော်ကြီး ရှည်ရှည်ထားကာ သည်းခံပါသေးသည်။

သို့သော်

သူ သည်းခံသည်ကို သူမလေးသည် ဂရုမစိုက်သလို ပို၍ ရောင့်တက်လာသောအခါ ဗညားရင်ထဲ သည်းခံနိုင်သည့် စိတ်များ ကုန်ဆုံးသွားရတော့သည်။

ဗညားသည် စာသင်နေသည်ကို ရပ်ကာ ဆောင်း မျက်နှာ



လှလှလေးကို တစ်ချက် စူးခနဲ စိုက်ကြည့်လိုက်ပြီး

"ဆောင်း"

"ဟင်"

ဆောင်း သူမကို ဦးဗညား ရုတ်တရက်ခေါ်လိုက်၍ အံ့သြသွားရသလိုမျိုး မျက်ဝန်းပြူးနှင့်ကြည့်လာပြီး

"ကျွန်မကိုခေါ်တာလား ဆရာ"

ဆောင်းသည် ဦးဗညားဆိုသည့်လူကို စိတ်မှာ တူးခါးနေအောင် မုန်းရပေမယ့် အခုချိန်မှာတော့ သူနှင့်သူမကြား ဆရာနှင့် တပည့်ဟူသော အသိကရှိသေးသည်မို့ ဆောင်းသည် ဦးဗညားကို ဆရာဟု ရိုရိုသေသေခေါ်ရင်းက မေးလိုက်သည်။

"ဟုတ်တယ်၊ မင်း ကြည့်ရတာ ဆရာ စာသင်တာကို ရော စိတ်ဝင်စားရဲ့လား"

"ရှင်"

ဦးဗညား ဘာကို ဆိုလိုက်သည်ကို ဆောင်း ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်သွားရသည်။

"ဆရာ ရှင်းရှင်းပဲပြောမယ်၊ ဒီစာသင်ခန်းထဲမှာ မင်းမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဆရာ စာသင်တာကို စိတ်မဝင်စားတဲ့ တခြားကျောင်းသူကျောင်းသားတွေ ရှိသေးရင်လည်း ဒီစာသင်ခန်းထဲက ဘယ်သူမဆို ထွက်သွားနိုင်တယ်"

"ကဲ…ဆောင်း မင်းရော ဆရာပြောတာကို ဘယ်လိုသဘောရလဲ"

"ရှင်…ဟို…ဟို ကျွန်မ ဆရာစာသင်တာကို စိတ်ဝင်စားပါတယ်"

"ကောင်းပြီ၊ ဆရာစာသင်တာကို စိတ်ဝင်စားတဲ့အတွက် ကျေးဇူးပါပဲ၊ ဒါပေမဲ့ ပါးစပ်နဲ့ စိတ်ဝင်စားတယ်လို့ ပြောရုံနဲ့မပြီးဘူး၊ ဆရာ စာသင်တဲ့အချိန်မှာတော့ ဆရာ့စကားကို လူရောစိတ်ပါ အာရုံထားဖို့လိုတယ်၊ ကဲ ထိုင်နိုင်ပါပြီ"

ထိုင်နိုင်ပါပြီပြော၍သာ ဆောင်း ထိုင်လိုက်ရပေမဲ့ သူမကို ဝိုင်းကြည့်နေကြမည့် ကျောင်းသူကျောင်းသားများရဲ့ အကြည့်များကြောင့် ဆောင်းရင်ထဲ ရှက်စိတ်များ ကြီးစိုးနေရသည်။

ထို့အတူ ရင်ထဲတွင်လည်း ရှက်လိုက်တာ၊ သိပ်ရှက်တာပဲဆိုသည့် စကားများက စိတ်မှာ အကြိမ်ကြိမ်ဆိုနေလိုက်သည်။



ရှက်စိတ်ကြောင့်လည်း ဆောင်း မျက်နှာတစ်ပြင်လုံး ရဲရဲတောက်ပသွားသည်။

သူမအဖြစ်က မရှက်ဘဲ ခံနိုင်မည်တဲ့လား။ သူမနေရာမှာ တခြားတစ်ယောက်ဆိုလည်း ယခုလိုအဖြစ်ကို ရှက်မှာအမှန်ဖြစ်သည်။

ဆောင်းအတွက်တော့ ဆိုဖွယ်မရှိပါ။

ဆောင်း အလှဘုရင်မဘွဲ့ကို ရထားသော သူမသည် ယောကျ်ားပီသကာ တည်ကြည်ခန့်ထည်သော ဆရာဦးဇညား ရောက်လာမှ ယခုလိုအဖြစ်မျိုးနှင့် မကြာခဏ ဆုံနေရခြင်းကိုက သူမကို လူတွေ ပို၍အာရုံထားစေရသည်။

ထိုနေ့ကတော့ ဆောင်းသည် တစ်ကိုယ်လုံး ရှက်ဒေါသစိတ်များ ပြင်းထန်မှုကြောင့် အတန်းပြီးချိန်ထိပင် စာဆက်၍ မသင်နိုင်တော့ဘဲ အိမ်သို့ ပြန်လာခဲ့လိုက်သည်။

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်…ဟင့်…ဟင့် သမီးရှက်တယ် မေမေ၊ သမီး သိပ်ရှက်တယ်၊ သူ့မျက်နှာကိုလည်း သမီး ဆက်မကြည့်ချင်တော့ ဘူး မေမေ"

ကျောင်းက ပြန်ရောက်ရောက်ချင်းမှာပဲ ဆောင်းသည် မိခင် ဒေါ်ထားထား၏ ရင်ခွင်ထဲကို တိုးဝင်ကာ ရှိုက်ရင်းက ထိုစကားများကို ဆောင်း ပြောနေလိုက်သည်။

"နေပါဦးသမီး ဘာတွေဘယ်လိုဖြစ်လာတာလဲ၊ မေမေ့ ကိုလည်း နားလည်အောင် ရှင်းပြစမ်းပါဦးကွယ်"

ဒေါ်ထားထားသည် သမီးဖြစ်သူ ဆောင်းကိုယ်လေးကို အသာအယာ ဆွဲပွေ့ယူရင်းက ပါးပြင်က မျက်ရည်များကို လက်လေးနှင့် အသာအယာ ပွတ်သုတ်ပေးရင်းက ချော့မော့ကာ



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်လေသည်။

"အဟင့်…ဟင့် ဘာဖြစ်ရမှာလဲ မေမေ၊ ဟိုလူ့ခွစာကြီး ပေါ့"

"ဘယ်သူလဲ၊ ဘယ်က လူ့ခွစာလဲ မေမေ့ကို သေချာပြောစမ်းပါ"

ဆောင်းစကားကို ဒေါ်ထားထားသည် နားမလည်စွာ မေးလိုက်သည်။

"ဟင့်…ဘယ်သူရှိရဦးမှာလဲ မေမေရဲ့၊ လူ့ခွစာဆိုတာ ဟိုဘက်ခြံက အန်တီခိုင်ရဲ့သား ဦးဇဉ္ဇာကိုပြောနေတာပေါ့"

"သြော်…သမီးရယ် မောင်ဇဉ္ဇာဆိုလည်း မောင်ဇဉ္ဇာ ပေါ့၊ ဘယ့်နှယ် ဟိုလူ လူ့ခွစာရမှာလဲ၊ ကဲ ပြောစမ်းပါဦး၊ မောင်ဇဉ္ဇာက ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ မေမေရဲ့၊ သူ သမီးကို ဆူလိုက်တာ များ ကျောင်းသူကျောင်းသားရှေ့မှာ သမီး ဘယ်လောက်အရှက်ရခဲ့တယ်မှတ်လဲ၊ မေမေ တော်ပြီ တော်ပြီ သမီးတော့ သူ့မျက်နှာကိုလည်း မကြည့်ချင်ဘူး၊ သူ့အသံကိုလည်း မကြားချင်တော့ဘူး၊





သမီး ကျောင်းဆက်မတက်ဘူး မေမေ၊ သမီး သမီး သူလုပ်တာနဲ့ ရှက်လို့သေတော့မယ်၊ အဟင့် ဟင့် ဟင့်"

ကလေးတစ်ယောက်လို ပြောရင်းက ပါးပြင်နုနုပေါ် မျက်ရည်ဥကြီးများ အဆက်မပြတ်ကျလာသော ကလေးဆန်လွန်းသည့် သမီးဖြစ်သူ ဆောင်းကိုကြည့်ပြီး ဒေါ်ထားထား ဘယ်လို ပြောရမှန်းမသိပါ။

ပြောရမည်ဆိုလျှင် ဒေါ်ထားထားသည် ကိုယ့်သမီး အကြောင်းကို ကိုယ်သာအသိဆုံးဖြစ်ပါသည်။

မောင်ဇဉ္ဇာသည် ကော်ရုံကိစ္စလောက်တော့ သမီးဖြစ်သူ ဆောင်းကို ဆူမည်ငေါက်မည် မဟုတ်ပါ။

ခုဟာက သမီးက သူမအဆိုးကိုမပြောဘဲ မောင်ဇဉ္ဇာ ဆိုးကြောင်းတွေကိုသာ ပြောနေသည်မို့ ဒေါ်ထားထားသည် သမီး ဖြစ်သူ လူလည်လုပ်ပုံကို နည်းနည်းရိပ်မိလာကာ…

"နေပါဦး သမီးရယ်၊ မေမေ့သမီးကို မောင်ဇဉ္ဇာ ကျောင်းသူကျောင်းသားတွေရှေ့မှာ ဆူလောက်အောင် သမီးကရော မောင်ဇဉ္ဇာကို ဘာတွေလုပ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



သည်လိုဆိုပြန်တော့လည်း ဆောင်းသည် မေမေ့ကို ဘာပြန်ဖြေရမှန်း မသိပါ။

တကယ်တမ်း ပြောရလျှင် ယခုဖြစ်ရသည့်ကိစ္စမှာ ဆောင်းသည် သူမဘက်က မှားသည်ဆိုတာကို သိပေမဲ့ သူမမှား ကြောင်းကိုတော့ ဆောင်း ဝန်မခံချင်ပါ။

သမီးဖြစ်သူ နှုတ်ဆိတ်သွားသည်ကိုကြည့်ပြီး ဒေါ်ထား ထားသည် တစ်စုံတစ်ရာကို သဘောပေါက်သွားရသလိုမျိုး ပြုံးသွား ရပြီး…

"မေမေ့သမီးက ကလေးဒါပ်ဆန်တာပဲ၊ နေရာတကာ ကလေးမဆန်ချင်စမ်းပါနဲ့သမီးရယ်၊ သမီးက မကြာခင်ပဲ လူတွေကို ဆေးကုပေးရမယ့် ဆရာဝန်တစ်ယောက် ဖြစ်တော့မယ်၊ လူကြီးစိတ် မွေးစမ်းပါကွယ်၊ နောက်ပြီး မောင်ဗညားဆိုတာကလည်း တခြားလူ မှတ်လို့၊ ကိုယ့်အစ်ကိုလို နေလာတဲ့လူကို အဲလိုမပြောရဘူး၊ မေမေ့ သမီးက လိမ္မာပါတယ်ကွယ်နော်"

ဆောင်း၏ ဆံနွယ်နုနုလေးများကို ခပ်ဖွဖွပွတ်သပ်ပေးရင်း က ဒေါ်ထားထားသည် သမီးဖြစ်သူကို လေပြည်လေးနှင့် ချော့နေ

ဝိုင်းမိုး၁၁၉၆



လိုက်သည်။

ဒေါ်ထားထား ဘယ်လိုချော့နေပါစေ ဆောင်းကတော့ ဦးဗညားကို စိတ်မှာ နည်းနည်းလေးမှ မကျေနပ်နိုင်ပါ။

သူ့အပေါ် နာကြည်းစိတ်ကလည်း သူမရင်ထဲက မပျောက် ပါ။ သူမကို အမျိုးမျိုးနာကျင်အောင် ပြုလုပ်ရက်သည့်လူကို ဆောင်း ဘယ်တော့မှ ခွင့်လွှတ်လိမ့်မည်မဟုတ်တော့သလို သူ့ရှိရာ ကျောင်းကိုလည်း ဆောင်းသည် သူနှင့် မျက်နှာချင်းမဆိုင်ချင်တာ တစ်ခုတည်းနှင့် ကျောင်းဆက်မတက်ဖို့ပင် ဆုံးဖြတ်လိုက်ပြီမို့

"သမီးတကယ်ပြောနေတာနော် မေမေ၊ သမီး သူ့ကို သိပ်မုန်းတယ်၊ သူနဲ့လည်း မျက်နှာချင်းမဆိုင်ချင်ဘူး၊ သူရှိတဲ့ ကျောင်းကိုလည်း သမီး မသွားချင်တော့ဘူး၊ သမီး သမီး ကျောင်း မတက်ဘူး မေမေ"

"တော်စမ်း သမီး၊ သမီးကို မေမေ ဘာပြောထားလဲ၊ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ သမီးရဲ့ ရည်မှန်းချက်ကို သမီးအပျက်ခံ မလို့လား၊ သမီးပဲ ဆရာဝန်သိပ်ဖြစ်ချင်တယ်ဆို၊ ဆရာဝန်ဖြစ်မှ လူတွေရဲ့အသက်ကို ကယ်လို့ရမှာဆိုတာ သမီး ခဏခဏပြောနေ တာ မေ့နေပြီလား၊ ကိစ္စတစ်ခုကို လွယ်လွယ်နဲ့ အရှုံးပေးတတ်တာ

ဝိုင်းမိုး၁၁၉၆

www.burmeseclassic.com

www.burmeseclassic.com



မျိုး မေမေမကြိုက်ဘူး သမီး”

ကလေးဆန်ကာ ဆိုးချင်သော သမီးကို ချော့ပြောနေလို့ မရဆိုတာ နားလည်လိုက်သည်မို့ ဒေါ်ထားထားသည် တမင်ပင် မျက်နှာကို တင်းတင်းထားလျက် ပြောလိုက်ရသည်။

ထိုအခါ ငိုမဲ့မဲ့ မျက်နှာလေးနှင့် မျက်နှာလှလှလေးကို ယခုလို မျက်နှာအညိုးခံဖို့ မပြောနှင့် မျက်နှာတစ်ချက်ပင် အပျက် မခံခဲ့ပါ။

ပါးစပ်က ဘာလိုချင်သည် ဘာလုပ်ချင်သည် တစ်ခွန်း ဟလိုက်တာနှင့်ပင် မိဘနှစ်ပါးသည် သမီးဖြစ်သူအတွက် ဘာမဆို အားလုံး အသင့်ဖြစ်နေပြီ ဖြစ်သည်။

ယခုကိစ္စကတော့ ဒေါ်ထားထားသည် သမီးဖြစ်သူကို အလိုလိုက်၍မရ မဖြစ်သည့်ကိစ္စမို့ သမီးဖြစ်သူ မျက်နှာညိုးသည်ကို သိသော်လည်း တမင်ပင် မသိဟန်ထားလိုက်ရသည်။

ဒါကိုပင် နှုတ်က ဘာမှမပြောသော်လည်း မကျေနပ်ဟန် လေး ပြနေသေးသော သမီးဖြစ်သူကို ဒေါ်ထားထားသည် လျစ်လျူ ရှုကာ အခန်းထဲမှ ထွက်လာခဲ့သည်။

◇ ◇ ◇

[illegible] ၁၀၃၆

## အခန်း (၃)

“အဲဒါပါပဲသန်းရယ်…ထားတော့ သမီးရဲ့ ကလေးဆန် မှုကို ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး၊ မောင်ဗညား သူ့ကို ဆူတာငေါက်တာကို ရှက်လို့တဲ့လေ၊ အဲဒါ ကျောင်းဆက် မတက်တော့ပါဘူး လုပ်နေလို့ ထားမှာ သမီးကို မဆူချင် မငေါက် ချင်ပေမဲ့ ဆူခဲ့ငေါက်ခဲ့ရသေးတယ်”

“ထားရယ် သမီးကို သိပ်ပြီးမဆူနေမငေါက်နေပါနဲ့၊ သမီး က နဂိုကတည်းက ကလေးလိုနေတက်တာ ထားရော သန့်ရော သိနေတာပဲ၊ သားကိုလည်း ပြောထားရဦးမယ်၊ သမီးကို မဆူဖို့ မငေါက်ဖို့၊ သူ့ခမျာ အပျိုရွယ်လေး လူကြားထဲမှာ အပြောခံနေရ တော့ ရှက်ရှာမှာပေါ့၊ သားကိုကလည်း သားပါပဲ၊ သူ သမီးကို

[illegible] ၁၀၃၆

www.burmeseclassic.com

www.burmeseclassic.com



မချစ်တာလည်း မဟုတ်ဘူး၊ ဆူလိုက်မာန်လိုက်တာလည်း လွန်ရော၊ အင်း မဖြစ်ဘူး မဖြစ်ဘူး၊ သမီးနဲ့ပတ်သက်ပြီး သားကို သန့် ပြောကိုပြောထားရဦးမယ်''

ကျောင်းဆက်မတက်တော့ပါဘူးဟု ကလေးဆန်ဆန် ဆိုးနွဲ့ခေါင်းမာနေသည့် သမီးဖြစ်သူကြောင့် စိတ်ညစ်နေရသော ဒေါ်ထားထားမှာ တစ်ဖက်ခြံသို့ ကူးလာကာ ဒေါ်ဝင်းဝင်းသန့်ကို ဖြစ်ကြောင်းကုန်စင် ရင်ဖွင့်နေတော့ ဒေါ်ဝင်းဝင်းသန့်သည်လည်း မနေသာ။ သားဖြစ်သူကြောင့် ဒေါ်ထားထားကို မျက်နှာပူအားနာကာ အနေခက်ခက်နှင့် ထိုစကားကို ဆိုလိုက်လေသည်။

''မောင်ဗညားအပြစ်လည်း မဟုတ်ပါဘူး သန့်ရယ်၊ သမီးကိုက ဘာမဟုတ်တာလေးနဲ့ ကလေးဆန်တာပါ၊ ဆရာနဲ့ တပည့် ဆူငေါက်တော့ရော ဘာဖြစ်လဲ၊ ဒါ စိတ်ဆိုးစရာလား၊ ပြီးတော့ ထား သမီးအကြောင်းကို ထားသိတယ်၊ သမီးက သိပ်ကလေးဆန်ပြီး ဆိုးချင်တယ်၊ နောက်ပြီး ခေါင်းမာချင်တယ်၊ အဲဒီ သူ့မှာရှိတဲ့ အကျင့်တွေက အိမ်မှာ အကြောင်းမဟုတ်ပေမယ့် လူအများနဲ့ဆက်ဆံတဲ့ နေရာမှာတော့ သမီးရဲ့ အပြုအမူတွေက





တစ်မျိုးဖြစ်နေမှာ အမှန်ပဲ၊ ခုကိစ္စမှာလည်း မောင်ဗညား စိတ်ဆိုးအောင် သမီးလုပ်တာပဲနေမှာ၊ ထား သမီးအကြောင်း ထားပဲသိပါတယ် သန့်ရယ်''

''အိုကွယ်...ဘာပဲပြောပြောထားရယ် ဆောင်းလေးက ကလေးပဲ၊ သူဆိုးရင်တောင်မှ သားက လူကြီးပီပီ ခွင့်လွှတ်ပေးရမှာပေါ့၊ ခု ဘယ်လိုလုပ်မလဲ၊ သမီးက နဂိုကမှ စိတ်ကြီးကြီး၊ ခုလို ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ကျောင်းဆက်မတက်တော့ဘူးလို့ ပြောတော့ ထားတို့ သန့်တို့ပဲ ကလေးအတွက် စိတ်ဆင်းရဲရရော မဟုတ်လား''

''သန့်ပြောတာလည်း ဟုတ်တော့ဟုတ်ပါတယ်ကွယ်၊ ထားတော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး''

''ဟင်း''

ဒေါ်ထားထားမှာ သမီးဖြစ်သူအတွက် ရင်မောစွာ သက်မတစ်ချက်ကို ခပ်လေးလေး ချလိုက်မိသည်။

''ခု သမီးရော ထား၊ ဘာလုပ်နေလဲ''

''ဘာလုပ်ရမှာလဲ သန့်ရယ်၊ သန့်သမီးက ခေါင်းမာမာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ထား ဘယ်လိုပြောပြော မောင်ဗညားဆူတာကို စိတ်ဆိုးပြီး ကျောင်းဆက်မတက်တော့ပါဘူးလုပ်ပြီး အိမ်မှာနေနေလို့ ထား စိတ်ညစ်ရတာပေါ့''

''ဟင်း''

''ဆောင်းရယ်''

ထိုစကားသံနှင့် သက်ပြင်းချသံက ဒေါ်ထားထားနှင့် ဒေါ်ဝင်းဝင်းသန့်တို့ဆီက မဟုတ်ပါ။

ဒေါ်ထားထားနှင့် ဒေါ်ဝင်းဝင်းသန့်တို့ ပြောစကားများကို အပြင်မှပြန်လာသော ဗညား ကြားလိုက်ရ၍ ချလိုက်ရသော သက်မချသံနှင့် ညည်းညူသံပင်ဖြစ်လေသည်။

ဗညားမှာ ဆောင်း ယခုရက်များမှာ ကျောင်းမတက်သည်ကို သတိထားမိပေမယ့် သူမ ဘာကြောင့် ကျောင်းမတက်ရသည်ကိုတော့ သူ မသိခဲ့ရပါ။

ယခုတော့ မထင်မှတ်ဘဲ မိခင်ဖြစ်သူနှင့် အန်တီထားတို့ ပြောစကားများကို ကြားရပြီး သူမ ဘာကြောင့် ကျောင်းမတက်သည်ကို သိရတော့ ဗညားသည် သူ့ကိုယ်သူလည်း အပြစ်မကင်း



သလို ခံစားလိုက်ရသည်။

သူမ ကျောင်းမတက်ရခြင်းသည် သူ့ကြောင့်ဆိုတာ သိရတော့ သူဘယ်လိုမှ စိတ်မကောင်းနိုင်ပါ။

ဗညားမှာ ဆောင်းကြောင့် လေးလံသွားရသော ရင်အစုံနှင့် သက်ပြင်းများကိုချရင်း အပေါ်ထပ် သူ့အခန်းဆီသို့ တက်လာခဲ့ပေမယ့် သူ့စိတ်ထဲ သူ့အတွေးထဲမှာတော့ ဆောင်း အကြောင်းက သူ့ကို စိုးမိုးနေရသည်။

ဆောင်းဆိုသည့် သူမလေးသည် သူ့စေတနာကို နားမလည်ဘဲ တမင်ဂျစ်ကျ အရွဲ့တိုက်ဖို့သာ စဉ်းစားနေသူလေး ဖြစ်သည်။

ဒါကလည်း အခုမှမဟုတ်ပါ။

''အဟွန်း…ဟွန်း…ဟွန်း''

နာကျင်နေသော နှလုံးသားဖြင့် ဗညားသည် သူမ အကြောင်းလေးများကို တွေးရင်းက နှုတ်ခမ်းလေး ကွေးတက်သွားရသည်အထိ မချိပြုံးနှင့် ခပ်လွန့်လွန့် ရယ်လိုက်မိသည်။

သည့်နောက် သူသည်အခန်းထဲသို့ ရောက်သည်ဆိုရင်ပဲ

www.burmeseclassic.com

www.burmeseclassic.com

စူးရှတောက်ပသည့် ဘူ့မျက်ဝန်းညိုကြီးများက တစ်ဖက်ခြံထဲ တိုက်ကြီးပေါ်ရှိ ဆောင်း အခန်းရှိရာသို့ အကြည့်များ စူးစူးစိုက်စိုက်ကြီး ရောက်ရှိသွားရလေသည်။

ဒါက လူချောကြီး ဗညား၏အကျင့်ပင် ဖြစ်ပါသည်။

ယောက်ျားပီသကာ စူးရှထက်မြက်သော မျက်ဝန်းပိုင်ရှင် ဗညားသည် ဘယ်တော့မဆို အပြင်မှပြန်လာတိုင်း သူ့မျက်ဝန်း အကြည့်စူးစူးများသည် ဆောင်းရှိရာ အခန်းဆီသို့ အကြည့်များ ရောက်ရှိတတ်သူဖြစ်သည်။

ယခုလည်း သူသည် ဆောင်းရှိရာ သူမအခန်းဆီသို့ အကြည့်များ စူးခနဲ ရောက်ရှိရင်းက စီးကရက်တစ်လိပ်ကို မီးညှိကာ ဖွာရှိုက်ရင်း စီးကရက် မီးခိုးငွေ့နှင့်အတူ သူ့အတွေးများသည်လည်း စီးမျောနေရသည်။

တစ်ဆက်တည်း သူ့မျက်ဝန်း စိုစိုတောက်တောက်ကြီးထဲတွင်လည်း မျက်ဝန်းပြာလဲ့လဲ့လေးပိုင်ရှင် အစဉ်လို ပြုံးမယောင် နီရဲစိုဥနေသော နှုတ်ခမ်းလေးနှင့် မှုန်ညက်ဝိုင်းစက် နုထွေးနေရပါသော ကြည်စင်ချောမွတ်နေရသော မျက်နှာလေးနှင့် အလှထူးကဲသူလေး ဆောင်း၏ မျက်နှာလှလှလေးကို ဗညား မျက်ဝန်းထဲ တရေးရေး ပေါ်လာရသည်။

သည်မျက်နှာလှလှလေးနှင့် သူမလေးသည် သူ့မျက်ဝန်းထဲတွင်သာမက သူ့နှလုံးသားထဲကိုပါ ပိုင်စိုးနေရာယူထားသည်မှာ ယခုမှ မဟုတ်ပါ။

ဟိုး ငယ်စဉ်ကတည်းကဆိုလျှင် မှားမည်မထင်ပါ။

ဟိုဘက်ခြံနှင့် ဒီဘက်ခြံ နှစ်အိမ့်တစ်အိမ် ကြီးပြင်းလာခဲ့သော ဆောင်းဆိုသည့် သူမလေးကို အန်တီထားတို့ မိဘရင်းတွေသာမက ဗညားတို့ တစ်အိမ်လုံးကပါ သူမလေးကိုဆိုလျှင် မျက်နှာတစ်ချက် အညိုးမခံ၊ ဖူးဖူးမှုတ် အလိုလိုက်ခဲ့သူများဖြစ်သည်။

အထူးသဖြင့် ပို၍ဆိုးသည်က မေမေနှင့်ဖေဖေပင် ဖြစ်သည်။

ဖေဖေနှင့် မေမေသည် သားသုံးယောက် မွေးထားသူမို့ မိန်းကလေးရူး ရူးနေကြသူဆိုလျှင် မမှားပါ။

ထိုသို့ သမီးမိန်းကလေးကို အာသာပြင်းပြင်းနှင့် လိုချင်တောင်းတနေသည့် အချိန်မှာ အန်တီထားက သမီးမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



မွေးလာတော့ ဖေဖေနှင့် မေမေသည် ဆိုဖွယ်မရှိတော့။

ဆောင်း ဟိုဘက်ခြ ဒီဘက်ခြ၏ မိဘများလက်ပေါ်တွင် ရွှေပေါ်မြတင် ပင်တိုင်စံမင်းသမီးလေးအဖြစ် ကြီးပြင်းလာခဲ့ရလေသည်။

ဆောင်းဆိုသည့် သူမလေးကို ဖေဖေနှင့်မေမေသည် သာမကပါ။ ကိုကိုကြီးနှင့် ကိုလေးကလည်း သူမကိုဆို မျက်စိအောက်က အပျောက်မခံ။ သူမ ဘာလိုချင်သည်နှင့် ချက်ချင်းရအောင် လုပ်ပေးတတ်သည်အထိ ညီမအထွေးဆုံးလေးတစ်ယောက်လို အချစ်ပိုခဲ့သည်။

ထိုထဲတွင်တော့ အားလုံးနှင့် ပုံစံမတူသူက ဗညားဆိုတဲ့ သူပင်ဖြစ်သည်။

ဗညားသည် သူမလေးကို နှစ်အိမ်လုံးရှိလူများ ဒီလောက်ဖူးဖူးမှုတ် အလိုလိုက်နေသည်ကို သူ့စိတ်ထဲ နည်းနည်းလေးမှ မကြိုက်။

ထိုသို့ မကြိုက်ရသည့် အကြောင်းရင်းကလည်း ရှိပါသည်။ တခြားတော့ဖြင့် မဟုတ်ပါ။





နှစ်ဖက်အိမ်ရှိလူများက သူမအပေါ် ဒီလောက်အလိုလိုက်နေသည်ကို ကြည့်ပြီး ဗညားသည် အလိုလိုက်လွန်းသည့်ကလေး ပျက်စီးတတ်သည်ဆိုသော စကားအတိုင်း သူမလေး ပို၍ဆိုးလာမှာကို တွေးမိသောကြောင့် ဖြစ်သည်။

ဒါကြောင့်လည်း သူသည် ကျန်လူတွေ သူမအပေါ် ဘယ်လိုပဲ အလိုလိုက်လိုက် သူကတော့ဖြင့် သူမအပေါ် နည်းနည်းလေးမှ အလိုမလိုက်ခဲ့ပါ။

သူမအပေါ် မျက်နှာသာလည်း မပေးခဲ့။

သူမကို မချစ်၍မဟုတ်ပါ။

ချစ်ပါသည်။ ချစ်သည်မှာ သူ့အပေါ် ငယ်စဉ်ကတည်းက ကလေးဘဝမှာလည်း ကလေးဘဝမှာမို့ ညီမငယ်လေးတစ်ယောက်လို ဖြူစင်သန့်ရှင်းသည့် နွေးထွေးမှုဖြင့် ချစ်ခဲ့ရသလို သူမအရွယ်လေးရောက် ကြီးပြင်းလာရပြန်တော့လည်း အပျိုစင်တစ်ယောက်၏ အလှမျိုးဖြင့် ဘာတစ်ခုမှ အပြစ်ပြောရက်စရာမရှိအောင် အပြစ်ကင်းစင်သည့် အလှများဖြင့် ဖူးဖူးဥဥ နုနုထွေးထွေးနှင့် လွန်စွာ လှရက်နိုင်လွန်းသော သူမကို ဗညားသည် ရင်မှာဆန်းကြယ်သော ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နှလုံးသားတွင် တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ခဲ့ဘူးသော ခံစားမှု ဝေဒနာဖြင့် မြတ်မြတ်နိုးနိုး ချစ်ခဲ့ရလေသည်။

အရွယ်လေးရောက်လာသော သူမသည် တစ်နေ့တခြား ပို၍ပို၍ လှပလာလေလေ ဗညား လူချောကြီးသည် ရင်မှာ တိတ်တခိုး ချစ်နေမိရသည့် သူမလေးအား စိတ်မချလာရလေလေ ဖြစ်လာရသည်။

ဗညားသည် အရာရာကို မျိုသိပ်ထိန်းချုပ်နိုင်စွမ်း ရှိသူပီပီ သူ့ရင်ထဲက ခံစားချက် ချစ်ဝေဒနာများကို ဘယ်သူမှ မသိရလေအောင် ဟန်ဆောင်ကောင်းခဲ့သူတစ်ယောက် ဖြစ်သည်။

ယုတ်စွအဆုံး ကာယကံရှင်ဖြစ်တဲ့ ဆောင်းပင် သူ့ရင်ထဲက ခံစားချက်များကို မသိခဲ့ရပါ။

သိအောင်လည်း ဗညားသည် သူမကို ဖွင့်ပြောလိမ့်မည် မဟုတ်ပါ။

ဆေးကျောင်းသူတစ်ယောက်ဖြစ်သော ဆောင်းကို ပညာသင်ချိန်မှာ ဗညားသည် ဘာအတွက်နှင့်မှ သူမ ပညာရေးကို အနှောင့်အယှက် အဖြစ်မခံနိုင်ပါ။



ဆောင်းဆိုတာက သူ့ရင်ထဲက မရှုးရက် မခြွေရက် တမြတ်တနိုးနှင့် ချစ်ခဲ့ရသည့် ရင်ထဲက မေတ္တာပန်းလေး တစ်ပွင့် ဖြစ်သည်။

ထိုမေတ္တာပန်းလေးက အချိန်မတန်ခင် သူ့ကြောင့် နွမ်းကြွေသွားမှာကိုဖြင့် သူ နည်းနည်းလေးမှ မလိုလားပါ။

ထို့ကြောင့်လည်း ဗညားသည် သူမအပေါ် သူ့မေတ္တာပန်းများ ဘယ်လောက်ပဲ ဖူးပွင့်လန်းဆန်းနေပါစေတော့ သူ့ရင်ထဲက မေတ္တာများကို ချစ်သူမရိပ်မိ၊ မသိနိုင်စေရန် သူ့ကိုယ်သူ ရင်ထဲက ခံစားချက်များနှင့် ဆန့်ကျင်ဘက် အပြင်ပန်းပုံစံကြီးက မှုန်တည်တည်နှင့် ဆောင်း၏အလှများကို မခံစားတတ်သလို မချစ်တတ်သလို ပုံစံကြီးနှင့် ရှိနေသည်။

တကယ်တမ်း သူ့ရင်ထဲက တကယ့်ခံစားချက် အစစ်မှန်များကို ထွင်းဖောက်ကြည့်မည်ဆိုပါက ဆောင်းအပေါ် ချစ်နေရသည့် ဗညား၏အချစ်များသည် ရင်ထဲတွင် ချစ်အမြုတေလေး ပေါက်ကွဲမတတ် ရှိနေရလေသည်။

ဗညား ရင်ထဲတွင် ဆောင်းကို ချစ်ရသည့် အချစ်များက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ နင့်သီးစွာ ခံစားနေရပါစေ ဗညားသည် ဆောင်းကို သူ့ရင်ထဲက အချစ်များကို တစ်ခွန်းတစ်စမှ ထုတ်ပြခြင်းမရှိပါ။

ပါးစပ်က ဖွင့်မပြောသလို ကိုယ်အမူအရာကလည်း သူမကို ချစ်သည့်အကြောင်း သူမသိသာအောင် မပြခဲ့တဲ့အပြင် ဗညားသည် ဆောင်းကို တွေ့သည့်အခါတိုင်းမှာလည်း သူမကို အခံရခက်စေသည့် မခံချင်စရာ စကားများဖြင့် ဆူငေါက်ခဲ့သည့် အဖြစ်ကလည်း တစ်ခါနှစ်ခါ မကပါ။

တကယ်ဆို ဗညားသည်လည်း ရင်မှာနင့်သီးစွာ ချစ်နေရသည့် ချစ်သူလေးအပေါ် မဆူချင် မငေါက်ချင်ပါ။

ရင်မှာနင့်သီးစွာ ချစ်ရသည့် ချစ်သူကို ရင်ခွင်မှာ ပိုင်ပိုင်ထွေးပွေ့ကာ ရင်မှာခံစားရသမျှ ချစ်သည့်အကြောင်း ဖွင့်ပြောကာ ချစ်သူအပေါ် ယုယကြင်နာမှုများ ပြလိုပေမယ့် ချစ်သူလေးနှင့်သူက တွေ့လိုက်တိုင်း တစ်ယောက်နှင့်တစ်ယောက် အဆင်မပြေ ဘုနှင့်ဘောက် ဖြစ်နေသည့်အဖြစ်။

ဒါ့အပြင် သိပ်လှသည့် ချစ်သူကိုလည်း ဗညားသည် နည်းနည်းမှ စိတ်မချပါ။



နဂိုမပြုမပြင်နှင့်ကို အလှထူးကဲစွာ လှရက်နိုင်သော သူမသည် ဆေးကျောင်း၏ အလှဘုရင်မဟူသော ဂုဏ်နှင့်အညီ နဂိုလှသည့် မျက်နှာလှလှလေးကို ပြင်ဆင်ခြယ်သလိုက်သည့် အခါမှာတော့ သူမအလှက ပြောစရာမရှိအောင် ပြိုင်စံရှားသည့် အလှပိုင်ရှင်လေး ဖြစ်သွားရသည်။

သိပ်လှသော ဆောင်းကိုကြည့်ပြီး ရင်မှာ နာလိုခံခက်ကြီးနှင့် ကသိကအောက်ကြီး ဖြစ်နေရသူက ဗညားပင် ဖြစ်သည်။

ဗညားမှာ ရွှေစင်ရုပ်လေးတမျှ လွန်စွာလှရက်နိုင်လွန်းသည့် ဆောင်းကိုကြည့်ပြီး သူသည်၊ တစ်စုံတစ်ရာကို အလိုမကျသလို မျက်နှာကြီး မှုန်တည်တင်းမာလျက် လူက ရှုတည်တည်ကြီး ဖြစ်နေရသည်။

ကြည့်စမ်းပါဦးတော့ ဒါလား သူမကျောင်းလာသည့်ပုံစံ။

နဂိုလှပါသည်ဆိုသော မျက်နှာလေးကို ပြင်ဆင်ခြယ်သလျက် ခေတ်မီလွန်းသော အဝတ်အစားများဖြင့် မြင်ရသူအဖို့ အကြည့်ဖလွဲချင်စရာ သိပ်လှနေသော သူမသည် ဒီပုံစံနှင့် ကျောင်းကိုလာသည်တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



လှပါသည်။

လှသည်မှာ ပြောစရာမရှိ။ ရက်ရက်စက်စက် လှလွန်း၍လည်း ဗညား ထိုစကားများကို ရင်ထဲမှာ မကျေမနပ်ကြီး ဆိုနေလိုက်ခြင်းဖြစ်သည်။

သူ ထိုသို့ မကျေမနပ်ကြီး ဖြစ်လောက်အောင်လည်း သိပ်လှလွန်းသော ဆောင်း အနားတွင် တွယ်ကပ်နေသော ကျောင်းသားများ၏ အကြည့်များကို မြင်ရတော့ ဗညားသည် ကိုယ်နှင့်မဆိုင်၊ ကိုယ်နှင့်မပိုင်ပါဘဲနှင့် ရင်မှာ နာလိုခံခက်ဝေဒနာဆိုးကြီးက သူ့ရင်ကို အခါမလပ် နှိပ်စက်လာရတော့သည်။

တကယ်တမ်း သူ အခုနှိုက်ကို ဝန်ခံရမည်ဆိုလျှင် ဗညားသည် ရင်မှာ ငယ်စဉ်ကတည်းက ဖြစ်တည်လာရပါသော အချစ်များဖြင့် နှလုံးသား၏ ထောင့်တစ်နေရာတွင် ရှူးနစ်စွာ ချစ်မိနေရပါသော ချစ်သူကို သူသည် ဘယ်လိုမှ စိတ်မချနိုင်၍ သူမရှိရာကျောင်းကို ဆရာအဖြစ် သူပြောင်းလာခြင်းဖြစ်သည်။

ကိုယ်ချစ်မိရသည့် ချစ်သူကို ကိုယ့်မျက်စိရှေ့အောက်တွင် အမြဲလို မြင်တွေ့နေရခွင့်ရသည့် အဖြစ်က သူမနှင့် အနေဝေးနေတာထက်စာလျှင် တော်ပါသေးသည်ဆိုသော ရင်မှာ ဖြေသိမ့်တွေးဖြင့် ဗညားသည် ချစ်သူလေးရှိရာကို ရောက်လာခဲ့သည့် အဖြစ်ကိုတော့ ဆောင်း သိမည်မဟုတ်ပါ။

သူ့ကို တွေ့လိုက်ရသည်ကိုပင် အံ့ဩထိတ်လန့်သွားရသလို မျက်ဝန်းပြာလဲ့လဲ့ကြီးများနှင့် မယုံကြည်နိုင်စွာ ကြည့်လာသော ဆောင်းအဖြစ်ကို ဗညားသိပေမယ့် မသိဟန်ပြုခဲ့သည်က သူမ သူ့ကြောင့် အနေခက်မည်ဆိုသောကြောင့် ဖြစ်၏။

ဗညားသည် ဆောင်းကို ရင်မှာ အသက်နှင့်ထပ်တူ သိပ်ချစ်ပါသည်ဆိုပေမယ့် ချစ်တာက ချစ်တာတခြား။ သူစာသင်သည့်အချိန်မှာ စည်းကမ်းနှင့် ပတ်သက်လာရင်တော့ ဗညားသည် သူသိပ်ချစ်သည့် မိန်းကလေးပင် ဖြစ်စေဦးတော့ သူသည် နည်းနည်းမှ သည်းခံတတ်သူ မဟုတ်ပေ။

ထို့ကြောင့်လည်း ဗညားသည် သူစာသင်နေသည့် အချိန်မှာ သူသင်သည့်စာကို စိတ်မဝင်စားသလို သူ့အား အရွဲ့တိုက်ဂျစ်ကျပြန်နေသော ဆောင်းကို သူသည် ဆရာတစ်ယောက်၏ စိတ်ဓာတ်နှင့် ဆူငေါက်သလို ဖြစ်ခဲ့သည့်အဖြစ်က ယခုတော့



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ပါဘဲ အခြေအနေတွေက လူကြီးတွေပါ စိတ်ညစ်ရသည့်အထိ ဖြစ်လာရသည်။

ဘာတဲ့ အန်တီထား မေမေ့ကို ပြောနေသည့်စကားထဲတွင် ဆောင်းသည် သူနှင့် မျက်နှာချင်းမဆိုင်ချင်တာနှင့် သူ့ရဲ့ ကျောင်းကို ဆက်မတက်တော့ပါဆိုသည့် စကားကို သူ ကြားဖြစ်အောင် ကြားခဲ့ရခြင်းက သူ့ရင်ကို အနာကျင်ရဆုံးစကားပင် ဖြစ်လေသည်။

ပညာရေး အနှောင့်အယှက် ဖြစ်မှာကိုပင် တွေးပြီး စိုးရိမ်သောကြောင့် ဗညားသည် သူ့ရင်ထဲက အချစ်များကိုပင် မဖော်ထုတ်ခဲ့ပါဘူးဆိုကာမှ ဆောင်းဆိုသည့် သူမလေးသည် ဘာမဟုတ်သည့် ကိစ္စလေးကို ကလေးဆန်ဆန် ခေါင်းမာမာနှင့် ကျောင်းဆက်မတက်တော့ပါဟု ဆုံးဖြတ်ခဲ့ခြင်းက သူ့ဘယ်လိုမှ သည်းမခံနိုင်။ လက်မခံချင်စရာပင် ဖြစ်သည်။

ကြည့်ရတာ အန်တီထားသည်လည်း ခေါင်းမာလွန်းသည့် သမီးဖြစ်သူကြောင့် စိတ်ညစ်နေမည်ကို ဗညား အသေအချာသိနေရသည်ပဲ။

အိုလေ…အန်တီထားမှ မဟုတ်ပါဘူး။ သူမကို ပိုင်းချစ်



ကြသည့် ဟိုဘက်ခြံ၊ ဒီဘက်ခြံ မိသားစုအားလုံးကပါ သူမကြောင့် စိတ်ညစ်နေရမည်ကို သူမ မသိဘူးတဲ့လား။

ဗညားမှာ တွေးရင်းက ဆောင်းအပေါ် မချင့်မရဲစိတ်ကြောင့် နှုတ်ခမ်းတို့ တင်းတင်းပိတ်လျက် ထားလိုက်သည်။

သူမသည် ဘာမဟုတ်သည့် ကိစ္စလေးကိုပင် ကလေးဆန်ကာ ဆိုးချင်သူမို့လည်း ဗညားသည် ဆောင်းကို အလိုမလိုက်၊ မျက်နှာသာမပေးခဲ့ခြင်းဖြစ်သည်။

အားလုံးအပေါ် ဗိုလ်ကျအနိုင်ယူရမှ ကျေနပ်တတ်သော ဆောင်းသည် သူမကို အားလုံးက အလိုလိုက်သည်ကို သိထားသည်မို့ ထိုသို့ဆိုးနေခြင်းသည်ကို ဗညား ကောင်းကောင်းသိပါသည်။

ဒါကြောင့်လည်း သူသည် အားလုံးနှင့် မတူအောင် သူမအပေါ် သူ ခပ်မှန်မှန် ခပ်တန်းတန်း ဆက်ဆံခဲ့ခြင်းဖြစ်သည်။

ဒါကိုပင် သူမက သူမအပေါ် သူ မျက်နှာသာမပေး၊ အလိုမလိုက်ရကောင်းလားဆိုပြီး သူ့ကိုတွေ့တိုင်း မျက်ဝန်းလေးထောင့်ကပ်ကာ မျက်စောင်းလေး တရွယ်ရွယ်နှင့် နှုတ်ခမ်းစူနေတတ်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်ထဲ သူ့အပေါ် မကျေမနပ်နှင့် ကလေးဆန်စိတ်ကောက်နေသည်ကို သိပေမယ့် ဗညားသည် သူမနှင့်ပတ်သက်ပြီး သူ့ဘက်က နည်းနည်းလေးမှ အလျှော့မပေးခဲ့ပါ။

သူအလျှော့ပေးလိုက်ပါက သူမ ရောင့်တက်လာမည်ကို ဗညား သိနေလေသည်။

မသိလို့လည်းမရပါ။

သူမအပေါ် ထိုသို့ အလျှော့ပေးကောင်း၍လည်း ကိုကိုကြီးနှင့် ကိုငယ်တို့ဆိုလျှင် သူမသည် အသက်ရှိသည့် သူများရယ်လို့ပင် မထင်မှတ်တော့။

သူမလိုချင်တာကို ကိုကိုကြီးနှင့် ကိုငယ်တို့အား ပူဆာလို့မရလို့ကတော့ သူမ၏ မျက်စောင်းလှလှလေးသည် ဘယ်သူရယ် ဘယ်ဝါရယ် မဟုတ်။ အကြောင်းသုံးပါး မရွေးတော့သလို ပါးစပ်က အပြစ်တင်စကား ပြောလိုက်သည်မှာလည်း ပြောလို့ပြီးတော့မည် မဟုတ်တော့။

ဒါကြောင့်လည်း ဌာနတစ်ခုမှ အရာရှိတစ်ယောက်ဖြစ်သော ကိုကိုကြီးနှင့် အင်ဂျင်နီယာတစ်ယောက်ဖြစ်သော ကိုငယ်သည် ဆောင်းဆိုသည့် သူမ ဘာလိုချင်သည် မပူဆာနှင့် သူတို့





နှစ်ယောက်သည် ဆောင်းပူဆာသည့်အရာကို မရမနေ မဖြစ်ဖြစ်အောင် လုပ်ပေးတတ်သူဖြစ်သည်။

သူမလိုချင်တာ ရလို့များကတော့ ဆောင်းဆိုသည့် သူမသည် အပြုံးယန်းလှလှလေးနှင့် မျက်နှာလေး ကြည်ရွှင်တောက်နေကာ ကလေးတစ်ယောက်လို ကိုကိုကြီး ဘယ်လိုတော်ကြောင်း၊ ကိုငယ် သူမကို ဘယ်လိုအလိုလိုက်ကြောင်းကလည်း ထိုနေ့တစ်နေ့ကတော့ ပြောလို့မပြီးပါတော့။

ကိုကိုကြီးနှင့် ကိုငယ်ကတော့ နဂိုကတည်းက ခပ်အေးအေးနေကာ သူမကို ငယ်စဉ်ကတည်းက အလိုလိုက်လျက် သူမအကြောင်းကို သိသူများပီပီ အပြုံးများနှင့် ရှိနေတတ်သူဖြစ်သည်။

အပြုံးများနှင့် မရှိနေနိုင်သူက ဗညားပင် ဖြစ်တော့သည်။

ကြည့်လေ ဆောင်းဆိုတဲ့ သူမ အမျိုးမျိုး တတ်ပဲတတ်နိုင်လွန်းပုံက ဗညားအတွက် ဘယ်လောက် အသည်းယားဖို့ကောင်းနေသည်လဲဆိုတာ။

သူမလိုချင်တာ မရလို့များကတော့ တစ်နေ့ကန် နှုတ်ခမ်းစူ စိတ်ကောက်ဖို့ ဝန်မလေးတတ်သော ဆောင်းသည် လိုချင်တာကို ရပြန်တော့လည်း သူမ မဟုတ်သည့်အတိုင်း အပြုံးလှလှလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ချွဲနွဲ့နေပုံက သူမကို စိတ်ရှိတိုင်း ခပ်နာနာလေးပင် ရိုက်ပစ်ဖို့ကောင်းနေရသည်။

ဆောင်းဆိုသည့် သူမလေးသည် ကလေးတစ်ယောက်လို ချွဲနွဲ့တီတာစွာဖြင့် လူတစ်ယောက်၏စိတ်ကို ပျော်ရွှင်လာအောင် တတ်ပဲတတ်နိုင်လွန်းသူလေး ဖြစ်သည်။

ထိုအခါမျိုးဝယ် ကိုကိုကြီးနှင့် ကိုငယ်ကတော့ မသိပါ။ ဗညားကတော့ သူမကို တစ်နေရာမှနေ၍ မသိမသာခိုးကြည့်ရင်း စိတ်မှာ အသည်းယားယားနှင့် မချင့်မရဲ ဖြစ်လာရမြဲဖြစ်သည်။

ထို့အတူ သူ့အချစ်များလည်း ဆောင်းအပေါ် တိုးလာရမြဲ မဟုတ်ပါလား။

ချစ်သူလေးကို မြင်သာမြင်ရ ကြင်ခွင့်မရရှိသည့် ဗညားသည် ဆောင်းအပေါ် ချစ်နေရသည့် အချစ်များကို ရင်ဖွင့်ကာ သူမလေးကို ပိုက်ထွေးထားလိုက်ချင်ပေမယ့် သူ့အဖြစ်က ရှေ့လည်း မတိုးသာ နောက်လည်း မဆုတ်နိုင်သည့်အဖြစ်။

ချစ်သူကို မြင်ရပါလျက်နှင့် မျိုသိပ်ထိန်းချုပ်ထားသည့် သူ့အဖြစ်က ရင်မှာ အခံရခက်စေရသည်။



ဒါတွေကို ဘာမှမသိသည့် ဆောင်းသည် သူနှင့် မျက်နှာချင်းမဆိုင်ချင်ပါ။ သူ့မျက်နှာကိုပင် မကြည့်ချင်ပါဆိုသော စကားများနှင့် ကျောင်းကိုပါ ဆက်မတက်ပါဆိုလာသောအခါ ဗညားသည် နှလုံးသားများ မချိအောင် နာကျင်ရသည်ပေါ့။

"ဟင်း"

ဆောင်းဆိုတဲ့ မိန်းမဆိုးလေးရယ်။ မင်းလေး ကိုယ့်အချစ်တွေကို နားလည်ရင် သိပ်ကောင်းမှာပဲဗျာ။ ခုတော့…

"ဟူး…ကိုယ်ရင်မောလိုက်တာ ဆောင်းရယ်၊ မင်းလေးနဲ့ ကိုယ် ဘာဖြစ်လို့များ နားလည်မှုတွေ လွဲနေရတာလဲဗျာ၊ ကိုယ် မင်းကို သိပ်ချစ်တယ်ဆိုတာ မင်းလေးသိပါတော့ချစ်ရယ်"

ဗညားသည် ဆောင်းနှင့် ပတ်သက်ပြီး ရင်မှာခံစားရသမျှ ချစ်စကားတွေကို ဆောင်းရှိရာ အခန်းလေးဆီသို့ ရီဝေသော အကြည့်များဖြင့် ငေးကြည့်ရင်း တစ်ယောက်တည်း ဖွင့်၍ ညည်းတွားနေလိုက်သည်။

◇ ◇ ◇

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

"ဟင်"

"ရှင်"

"ဆောင်း"

ဆောင်းမှာ တိုက်ထဲသို့ဝင်လာသော ဦးဗညားကို တွေ့လိုက်ရသဖြင့် အံ့ဩသွားရသလို ဗညားမှာလည်း သူတွေ့ချင်မြင်ချင်နေရသူလေးကို အသင့်တွေ့လိုက်ရသောကြောင့် ဖျတ်ခနဲ ခုန်သွားရသော ရင်အစုံနှင့်အတူ နှစ်ဦးသား အသံလေးများက ပြိုင်တူဆိုသလို ထွက်သွားရသည်။

"အတော်ပဲ မင်းကိုတွေ့တာ"

ဗညားမှာ ဆောင်းကိုကြည့်ကာ ဆိုလိုက်တော့ ဆောင်း





www.burmeseclassic.com

www.burmeseclassic.com



မှာ ရွှန်းရွှန်းဝေနေသော မျက်ဝန်းပြာကြီးနှင့် ဗညားကို စူးစူးရဲရဲ လေး ပြန်ကြည့်ကာ…

"ကျွန်မကိုတွေ့တာ ဘာအတော်ပဲလဲ"

"မင်းကို ကျုပ် ပြောစရာရှိတယ်"

"ဘာလဲ၊ ဘာကိစ္စလဲ"

ဆောင်းမှာ ထိုစကားကို မျက်နှာလှလှလေး တည်တည် တင်းတင်းလေး ထားလျက် မေးလိုက်သည်။

ကျောင်းမှာဆိုရင်ဖြင့် ဆောင်းသည် ဦးဗညားကို ယခုလို လေသံမျက်နှာထားနှင့် ပြောရဲမည် မဟုတ်သော်လည်း အခုချိန်မှာ တော့ ဦးဗညားသည် သူမ၏ဆရာမဟုတ်သလို ကျောင်းမှာလည်း မဟုတ်သဖြင့် ဆောင်းသည် ဦးဗညားကို သူမ၏ နဂိုပုံစံအတိုင်း အကြောက်အရွံ့မရှိ ပြန်ကြည့်ပြန်ပြောရဲနေခြင်းဖြစ်သည်။

ဗညားမှာ ဆောင်း၏အကြည့်နှင့် အမေးကြောင့် လူက အခံရခက်ခက် ဖြစ်သွားရသည် မမြင်မတွေ့ရတာ ကြာပြီဖြစ်တဲ့ ဆောင်း မျက်နှာလှလှလေးကို အကြည့်တွေတွေကြီးများဖြင့် စူးစူး စိုက်ကြည့်လိုက်ပြီး…



"ကျောင်းမတက်တဲ့ ကျောင်းပြေးကို ကျုပ်လာဖမ်းတာ"

"ဘာရှင့်"

ဆောင်းသည် ဗညားစကားကို နားမလည်သလို မျက်ခုံး လေး ကုပ်ကွေးကာ မျက်ဝန်းစူးစူးလေးနှင့် သူ့ကိုပြန်ကြည့်ကာ မေးလိုက်တော့ ဗညားမှာ သူမပုံစံလေးကိုကြည့်ကာ သဘောကျ သွားရသလိုမျိုး ပြုံးလိုက်ပြီး…

"အဟွန်း…ကဲ ပြောစမ်းပါဦး၊ မင်း ဘာဖြစ်လို့ ကျောင်း မတက်တာလဲဆိုတာ"

ဗညားမှာ သူမ ကျောင်းမတက်ရခြင်း၏ အကြောင်းရင်း ကို သိသော်လည်း တမင်ပင် မသိဟန်ပြုကာ မေးလိုက်သည်။

"ကျွန်မ ကျောင်းတက်တာ မတက်တာ ရှင်ကြီးနဲ့ ဘာဆိုင်လို့လဲ"

"အလိုလေးကွာ ဆိုင်တာပေါ့၊ မင်းက ကျုပ်တပည့်ပဲ၊ ဆရာနဲ့တပည့် ဒီထက်ပဲ ဆိုင်ရဦးမလား ဆောင်း"

ဗညားမှာ မှုန်အိနေအောင်လှသော ညို့မျက်ဝန်း ပြာကြီး နှင့် ဆောင်းအလှကိုကြည့်သလို မကြည့်သလိုဟန် မျက်ဝန်းစူးစူး

www.burmeseclassic.com

www.burmeseclassic.com



ကြီးများဖြင့်ကြည့်ကာ ဆိုလိုက်သည်။

"ဒီမယ် လူ့ခွစာကြီး"

"ဘာ…ဘယ်လို မင်း ကျုပ်ကို ဘယ်လိုခေါ်လိုက်တယ် ဆောင်း"

"ကြားတဲ့အတိုင်းပဲ၊ လူ့ခွစာမို့လို့ လူ့ခွစာခေါ်တာ ဘာဖြစ်လဲ"

ဆောင်းကလည်း တစ်ခွန်းမခံ သူ့အား ခပ်စွာစွာကလေး ပြန်ရန်တွေ့နေသည်မို့ ဗညားသည် မျက်နှာကြီး ရှုတည်သွားကာ

"အဲဒီလူ့ခွစာက မင်းဆရာဆိုတာလည်း ထည့်ပြောဦးလေကွာ"

"အို…ရှင်နဲ့ကျွန်မကြားမှာ ဆရာနဲ့တပည့်ဆိုတာ ကျောင်းမှာပဲရှိတယ်၊ အိမ်မှာတော့ လူကိုလာပြီး ဆရာလာလုပ်လို့မရဘူး သိလား"

"ဘာဖြစ်လို့ မရရမှာလဲ၊ ဆရာဆိုတာ တပည့်နဲ့တွေ့ရင် ဘယ်နေရာရောက်ရောက် ဆရာကဆရာပဲ၊ မင်း ကိုယ့်ဆရာကို ကိုယ်ပြစ်မှားဖို့ မကြိုးစားနဲ့နော် ဆောင်း၊ ဆရာကို ပြစ်မှားရင် မင်း ကံကြီးထိုက်လိမ့်မယ် သတိထား"

"ဟွန်း…ရှင့်လို လူတစ်ဖက်သားကို ရက်ရက်စက်စက် ပြောတတ်တဲ့သူကို ကျွန်မ ဆရာမတော်ဘူးသိလား၊ နောက်ပြီး ကျွန်မ ရှင့်မျက်နှာကို မမြင်ချင်မတွေ့ချင်လို့ ရှင်ရှိတဲ့ကျောင်းကို လည်း မတက်တော့ဘူး"

"မတက်လို့မရဘူး ဆောင်း၊ မင်း ကျောင်းကိုပြီးအောင် တက်ရမယ်၊ ဆရာတစ်ယောက်ဖြစ်တဲ့ ကျုပ်ဟာ တပည့်ဖြစ်တဲ့ မင်းအပေါ်မှာ သွန်သင်ဆုံးမတာ မှားတယ်၊ လွန်တယ်လို့ မင်းထင်ရင် အဲဒီအမှားတွေအတွက် မင်းကျေနပ်အောင် ကျုပ်တောင်းပန်မယ်၊ ဒါပေမဲ့ မင်း ကျောင်းကိုတော့ ဆက်တက်ရမယ်"

"ဟင်"

ဦးဗညားထံမှ ထိုစကားမျိုး ပြောလာလိမ့်မည်လို့ မထင်ထားသော ဆောင်းမှာ မထင်မှတ်ဘဲ သူ့ထံက တောင်းပန်လာသည့် စကားကို ကြားရတော့ စင်ရော်တောင်မျက်ခုံးထူထူလေးအစုံမှာ ပင့်တက်သွားရသည်အထိ အံ့ဩသွားရသည်။

သူမ သိထားရသလောက်တော့ ဦးဗညားဆိုသည့်လူ



www.burmeseclassic.com

www.burmeseclassic.com



သည် လူတစ်ယောက်ကို သူ့နှုတ်က တောင်းပန်ဖို့ဆိုတာ လွန်စွာခက်ခဲလွန်းမှန်း ဆောင်း သိထားရသောကြောင့် ဖြစ်သည်။

ယခုတော့ ထိုလူမျိုးက ဆောင်းလို မိန်းကလေးတစ်ယောက်ကို သူ့နှုတ်က အလွယ်တကူ တောင်းပန်လာသည်ဆိုတော့ ဆောင်းမှ မအံ့သြလျှင် ဘယ်သူအံ့သြမည်တဲ့လဲ။

"ဘယ်လိုလဲ အမိ၊ ခင်ဗျားလေး ကျုပ်တောင်းပန်တာကို ကျေနပ်ရဲ့လား"

မကျေနပ်ပါလို့လည်း ဆောင်းသည် သူ့ကို မပြောနိုင်တော့ပါ။

ဦးဗညားသည် ဆရာတစ်ယောက်ဆိုတော့ သူ့ဆရာဂုဏ်နှင့်မလိုက်အောင် ဆောင်းအပေါ် တောင်းပန်နေသည်မို့ ဘာပဲပြောပြော ဆောင်း သူ့ရှေ့တွင် အနေခက်ခက်ကြီး ဖြစ်လာရလေသည်။

သို့ပေမယ့် သူမရင်ထဲက သူ့အပေါ် မကျေနပ်စိတ်လေးကတော့ ပျောက်ပျက်မသွားပါ။ ထိုစိတ်အတွေးလေးသည် သူမရင်ထဲကနေ ဘယ်တော့မှလည်း ပျောက်ပျက်မည်မဟုတ်။

ကျောင်းသားကျောင်းသူ လူအများရှေ့တွင် လုလုပပ

ရှက်ခွဲခံလိုက်ရသော ထိုအဖြစ်က ဆောင်းဘဝအတွက် လွန်စွာရှက်ဖွယ်ပင် မဟုတ်ပါလား။

"ဒီမှာ ရှင်လာရင်းကိစ္စ ဒါပဲဆိုရင် ရှင်ပြန်ပါတော့၊ ိမ်မှာ လူကြီးတွေမရှိဘူး"

ဆောင်းသည် ထိုစကားကို ဦးဗညားအား ပြန်စေချင်သည့် ိတ်နှင့် စိတ်စောစွာ ပြောလိုက်ပြီးမှ သူမစကားပြောမှားသွားမှန်း ူမကိုယ်သူမ ချက်ချင်းသိလိုက်ရတော့ မျက်နှာလှလှလေးမှာ ျက်သွားရသည်။

သေတော့မှာပဲ။

သူမ ဘာတွေ သူ့ကိုပြောနေမိတာပါလိမ့်။

အိမ်မှာ လူကြီးတွေမရှိပါဘူးဆိုတော့ သူမတစ်ယောက်တည်း ရှိသည့်သဘောပေါ့။ သူမတစ်ယောက်တည်းရှိသည်ဆိုကာ ူမအပေါ် အရွဲ့တိုက်ကာ မပြန်မှဖြင့် အတွေးနှင့်ပင် ဆောင်း ျက်နှာလေး ပျက်နေရတော့သည်။

သူမ ဘာဖြစ်နေသည်ကို မသိသော ဗညား လူချောကြီး ကတော့ဖြင့် ကလေးဆန်လွန်းသည့် ဆောင်းအပြောကို သဘောကျ

www.burmeseclassic.com

သွားရကာ…

"ဘာဖြစ်လဲကွာ…အိမ်မှာ လူကြီးတွေမရှိပေမယ့် မင်းရှိနေတာပဲ"

"ကျွန်မရှိပေမယ့် ကျွန်မ ရှင်နဲ့စကားမပြောနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ရှင်ကြီးကိုမုန်းလို့"

"ဘာ"

"ရှင်ကြီးကို မုန်းလို့လို့ပြောတာ"

"ဟင်…မင်း"

ဗညားသည် ဆောင်းထံမှ မမျှော်လင့်သော မထင်မှတ်ထားသည့် စကားကြောင့် မျက်နှာချောချောကြီး မှုန်တည်တင်းမာသွားရသလို နှလုံးသားများလည်း နာကျင်သွားရသည်မို့ ရုတ်တရက် စကားမဆိုနိုင်အောင် ဖြစ်သွားရသည်။

ချက်ချင်းပင် ဗညားသည် ပျက်သွားရသည့် မျက်နှာကို ပြန်ပြင်လိုက်သည်။

"ကျုပ်ကလည်း မင်းကိုချစ်ပါလို့ မပြောရပါလား ဆောင်း"

"ဟင်"

"ရှင်…ရှင်"

ဆောင်းသည် ဗညားစကားကြောင့် မှုန်ညက်ဝင်းစက်နေရသော မျက်နှာလှလှလေးမှာ နီရဲသွားကာ ရှက်ရှက်နှင့် သူ့အား ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားရသည်။

"ရှင်…ရှင်…သွား"

မျက်နှာရဲရဲလေးဖြင့် ဗညားအား ပါးစပ်ကနေ သွားခိုင်းနေပေမယ့် တကယ်တမ်း သွားရသူက ရှက်စိတ်များ ကြီးစိုးနေသည့် ဆောင်းပင် ဖြစ်ပါသည်။

ဆောင်းကား ဦးဗညားထံမှ သူမ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသည့် ရီဝေစူးရှတောက်ပနေသော အကြည့်စူးစူးကြီးများကြောင့် ရင်ထဲ ရှက်ကြောက်ခြင်းများနှင့်အတူ ဒေါသမခံချင်စိတ်ကလေးများပေါင်းကာ ရဲရဲတွတ်နေရသော မျက်နှာလေးနှင့် နေရာမှ ဖျတ်ခနဲ လှည့်အထွက်…

"ဒါဘယ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

"အို"

စကားသံနှင့်အတူ သူမလက်မောင်းလေး တစ်ဖက်ကို ဖျတ်ခနဲ လှည့်ဆွဲလိုက်တာကြောင့် ရုတ်ခြည်း အငိုက်မိသွားရသော ဆောင်းမှာ ဦးဗညား၏ ရင်ခွင်ကျယ်ကြီးထဲ ထွေးခနဲ ပစ်ကျသွားရုံတင်မက ရုတ်တရက် အရှိန်နှင့်မို့ သူ့နှာခေါင်းနှင့် ဆောင်းပါးပြင်နုနုလေးတို့သည် ရှောင်လွှဲလို့မရနိုင်သလို ထိတွေ့သွားရသည်။

ဗညားနှင့်ဆောင်းတို့ နှစ်ဦးမှာ တစ်သက်မှာ တစ်ခါမှ မကြုံဖူးသည့် အတွေ့ထူးမို့ နှစ်ဦးလုံး ရုတ်ခြည်းမှာတော့ သတိလွတ်သွားရသလို ခဏငြိမ်သက်သွားရလေသည်။

ချက်ချင်းပင် အသိလေးများ ပြန်ဝင်လာရသူက ဆောင်းပင်ဖြစ်သည်။

"အို…ရှင်…ရှင်…လွှတ်"

ပြောလည်းပြော ဆောင်းသည် ရှက်စိတ်များဖြင့် ဦးဗညားရင်ခွင်တွင် တဆတ်ဆတ် တုန်နေရသည့် သူမကိုယ်လေးကိုလည်း ရုန်းထွက်လိုက်လေသည်။

သို့ပေမယ့် သူမကိုယ်လေးသည် ဦးဗညား ရင်ခွင်ထဲတွင် သူနှင့် ရင်ချင်းအပ်မတတ် ပိုမိုနီးကပ်၍ သူမကိုယ်လေးသည် သူ့ရင်ခွင်ထဲတွင် ပို၍တင်းကြပ်သွားရသောအခါ ဆောင်း တစ်ယောက် ကြောက်ရွံ့ထိတ်လန့်မှုများဖြင့် မျက်ဝန်းလေးများ ပြူးကျယ်ဝိုင်းစက်သွားရလေသည်။

"ဟင်…ရှင် လွှတ်နော်"

"မလွှတ်ရင် မင်းလေး ကျုပ်ကို ဘာလုပ်မလို့လဲ"

ဗညားသည် ဆောင်း၏မျက်နှာလှလှလေးကို ကြည့်ပြီး ချစ်အသည်းယား ဆိုလိုက်သည်။

"ကြည့်စမ်း…ရှင် ဒါဘာစကားပြောတာလဲ၊ ရှင် လူကြီးလူကောင်းဆန်နော် ဦးဗညား"

"အဟွန်း…ကျုပ်က လူကြီးလူကောင်း မဆန်ရအောင် ခင်ဗျားလေးကို ဘာတွေလုပ်နေလို့လဲ"

"ဟင်…ဒီစကား ရှင်ကပဲမေးရသေးတယ်၊ ရှင် အခု ကျွန်မကို ဘာလုပ်တာလဲ"

"ဘာလုပ်တာမြင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"အို…ဘယ်လိုလူနှင့် လာတွေ့နေရတယ်မသိပါဘူး။ ရှင် ကျွန်မကိုလွှတ်ပါ"

"အဟွန်း…ဘာလဲ သိပ်ကြောက်သွားပြီလား"

"ရှင့်ကို ဘယ်တော့မှမကြောက်ဘူး သိလား"

"တကယ်လား၊ အေးကွာ ခုထက်ထိ အပြောမလျှော့သေးတဲ့ မကြောက်တဲ့ကောင်မလေး တွေ့မယ်"

"အို…ရှင်"

သူ့ရင်ခွင်ထဲ သူမရောက်နေတာတောင် မျက်နှာတင်းတင်းလေးနှင့် ပါးစပ်က တစ်စက်လေးမှ အပြောမလျှော့သေးသော ဆောင်းကြောင့် ယောက်ျားမာနနှင့် မခံချင်ဖြစ်သွားရသော ဗညားမှာ ရင်ခွင်ထဲက ဆောင်းကိုယ်လေးကို တစ်ချက် ဖျစ်ညှစ်လိုက်သည်ဆိုရင်ပဲ ဆောင်းသည် သူ့ရင်ခွင်ထဲတွင် တုတ်တုတ်မျှ မလှုပ်သာအောင် ဖြစ်သွားရသည်။

သူစိမ်းယောက်ျားပျိုတစ်ဦးနှင့် ဘာမဆိုင် ညာမဆိုင် ရင်ချင်းအပ်မတတ် တစ်ဦးနှင့်တစ်ဦး လွန်စွာနီးကပ်လျက် သူ့ရင်ခွင်ကျယ်ကြီးထဲတွင် သူမတစ်ကိုယ်လုံး တင်းတင်းကြီး ရောက်ရှိနေရ



သည့် အဖြစ်ကြောင့်လည်း ဆောင်းရင်ထဲ ရှက်ကြောက်စိုးရွံ့ ထိတ်လန့်မှုများနှင့် နှလုံးခုန်သံများ တဒိတ်ဒိတ် ဆောင့်ခုန်မြန်ဆန်နေရသော ဆောင်းမှာ သူ့ရင်ခွင်ထဲ ရောက်နေရသည့်အဖြစ်ကို ရှက်သွေးမက ရှက်ရသောကြောင့် လူက နေရာမှာတင် သတိလစ်မတတ် မျက်ဝန်းများ ပြာဝေလာရသည်။

"လွှတ်ပါ၊ ရှင် ရှင် ကျွန်မကို အနိုင်ကျင့်တယ်၊ ရှင့်ကို ရှင့်ကို သိပ်မုန်းတယ်၊ အဟင့်…ဟင့်…ဟင့်"

အားမတန်လို့ မာန်လျှော့လိုက်ရပေမယ့် အနိုင်ယူရက်လေခြင်းဆိုသည့် ရှက်ဒေါသ ဝမ်းနည်းစိတ်များကြောင့် ဆောင်းသည် သူမကိုယ်လေးကို သူ့ရင်ခွင်ထဲက ရုန်းထွက်နေရင်းက ဘယ်လိုက ဘယ်လို ရောက်ရှိလာသည်မသိသော မျက်ရည်ဥကြီးများက ပါးပြင်နုနုထက် အဆက်မပြတ် စီးဆင်းကျလာရတော့သည်။

ဗညားသည် ဆောင်းအပေါ် အခွင့်အရေးယူခြင်းမဟုတ်ပေမယ့် သူနှင့်တွေ့တိုင်း သူ့အား တစ်ခွန်းမခံ စွာလွန်းသည့် သူမလေးကို စရုံနောက်ရုံသက်သက် ဖြီမ်းခြောက်လိုက်တာဖြစ်ပေမယ့် သူမကိုယ်လေး သူ့ရင်ခွင်ထဲ ရောက်လာသည်ဆိုရင်ပဲ ဗညား

www.burmeseclassic.com

www.burmeseclassic.com



သည် သူ့စိတ်များ ဘယ်လိုဖြစ်သွားရသည်မသိ ရင်ခွင်ထဲက နွေးနွေးအိအိ ထွေးထွေးမြမြ ဆောင်းကိုယ်လေးကို လွှတ်မပေးချင်တော့လောက်အောင် ဖြစ်သွားရသည်။

ထိုစိတ်ကြောင့်လည်း ဗညားသည် ဆောင်းကိုယ်လေးကို မထင်မှတ်ပါဘဲ သူ့ရင်ခွင်ထဲမှာ အချိန်ကြာကြာလေး ထွေးဖက်ထားလိုက်မိသည်။

သူမကိုယ်လေးကို ထွေးဖက်ထားရင်းက ဗညား ဆောင်းမျက်နှာလေးကိုကြည့်ရင်း သူ့ရင်ထဲ အေးခနဲဖြစ်လိုက်၊ နွေးခနဲဖြစ်လိုက်နှင့် ရင်ခုန်သံတွေ တဒိန်းဒိန်းမြည်နေရကာ ရင်ထဲမှာ ရှိန်းမြမြဖြစ်နေရသည်။ ဆောင်း မျက်ရည်များကိုမြင်ရတော့ သူသည် လွှတ်သွားရသည့် သူ့စိတ်ကို သူပြန်၍ ထိန်းနိုင်ခဲ့လေသည်။

ဗညား ရင်ခွင်ထဲက ဆောင်း လွတ်သွားရသည်ဆိုရင်ပဲ ဆောင်းသည် ဗညားကို တစ်ချက်လေးမှ လှည့်မကြည့်ပါလေတော့။

မျက်နှာလှလှလေးကို လက်လေးနှစ်ဖက်နှင့် ဖိအုပ်ရင်းက ငိုရှိုက်ကာ အပေါ်ထပ်သို့ အပြေးလေးထွက်သွားသည့် ဆောင်းကို ကြည့်ပြီး ဗညားသည် မထင်မှတ်ပါဘဲ ပေါက်ကွဲချင်သလို ဖြစ်သွားရသည့် သူ့အချစ်စိတ်များအတွက် သူ့ကိုယ်သူ အချိန်မီ ထိန်းလိုက်နိုင်သည်ကို ဖြေသာနေရပေမယ့် ဆောင်းအတွက်ကတော့ဖြင့် ဗညားသည် ဘယ်လိုမှ စိတ်မကောင်းနိုင်တော့ပါ။





အကြောင်းမှာ သူ့ရင်ခွင်က လွတ်သည်ဆိုရင်ပဲ ပြာလဲ့လဲ့မျက်ဝန်းလေးနှင့် သူ့အား ထိတ်လန့်စွာ ကြည့်သွားပါသည့် ဆောင်းအကြည့်တစ်ချက်သည် သူ့အား ကြောက်ရွံ့ရိပ်များဖြင့် အမုန်းရိပ်များ သန်းနေရသည်ကို ဗညားသည် မြင်ဖြစ်အောင် မြင်လိုက်ရသည် မဟုတ်ပါလား။

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မျက်ဝန်းများကို ခွတ်မှိတ်ကာ အိပ်ပျော်အောင် ကြိုးစားပါသော်လည်း ဘယ်လိုမှ ကြိုးစားလို့မရအောင် အိပ်မပျော်ရသူက ဗညားပင် ဖြစ်လေသည်။

ဗညားတစ်ယောက် အိပ်မပျော်နိုင်သည့်ရက်များ တစ်ရက်ပြီးတစ်ရက် ဖြတ်သန်းကုန်ဆုံးလာရသည်မှာ မှတ်မှတ်ရရပြောရလျှင် ဒီနေ့နဲ့ပါဆို ဆောင်းနှင့် ပြဿနာဖြစ်ပြီးကတည်းက ဖြစ်သည်။

ထိုအချိန်ကတည်းက သူသည် အတွေးများက သူ့အား အခါမလပ် နှိပ်စက်ကာ အိပ်မရအောင် ဖြစ်နေရသည်ကလည်း ဒီနေ့အချိန်ထိပင်ဖြစ်သည်။

စားစားသွားသွားလာလာမှာ ဗညားရင်ထဲ ဆောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သည့် အတွေးစိတ်များက ရင်မှာ အခါမလပ် နှိပ်စက်လျက် ရှိနေရသည်မို့ ဗညားသည် သူ့ကိုယ်သူလည်း မကျေနပ်နိုင်ပါ။

ဘယ်လိုပင် မကျေနပ်အောင် ဖြစ်နေပါသော်လည်း ဆောင်းနှင့် ပတ်သက်သည့် အတွေးများက သူ့ရင်ထဲမှာ ဘယ်လိုပင် မောင်းထုတ်၍မရပါသောအခါ ဗညားတစ်ယောက် အခက်ကြီး ခက်လာရတော့သည်။

"ဟင်"

သက်မတစ်ချက် ချလိုက်ရင်းက ဗညားသည် အိပ်မပျော်နိုင်သည့် အတူတူ အိပ်ရာမှထကာ စီးကရက်ကိုသာ တစ်လိပ်ပြီး တစ်လိပ် သောက်နေလိုက်သည်။

စီးကရက်သောက်နေသော ဗညား၏ မျက်နှာချောချောကြီးကို ကြည့်မည်ဆိုပါက သူ့အသွင်နှင့် သူ့ဟန်သည် တည်ကြည်လေးနက်သော မျက်နှာအသွင်နှင့် တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေသည်ကို တွေ့ရပေမည်။

တကယ်လည်း ဗညားသည် ဆောင်းနှင့်ပတ်သက်၍



ရင်ထဲ နက်ရှိုင်းစွာ ခံစားနေရသည့် သူ့ရင်မှ ခံစားမှုများကို လေးလေးနက်နက် စဉ်းစားနေရသည်မဟုတ်ပါလား။

"ဟူး…ခုခုခက်ပြီ၊ ဆောင်း ကျောင်းမတက်တာလည်း ဖော်ကြာပြီ၊ သူ့ကို ဘယ်သူမှ ပြောလို့မရဘူးဆိုတာလည်း မနေ့တီထားက ငါ့ကို သူကိုယ်တိုင် လာပြောသွားပြီ၊ ခက်တာက ငါ့စကားကိုလည်း သူက နားထောင်မှာမဟုတ်ဘူး၊ အပွန်း ငါ့စကားကို နားထောင်ဖို့ နေနေသာသာပေါ့လေ၊ ငါ့မျက်နှာကို တောင် သူ ခုချိန်မှာ ကြည့်ချင်မယ်မဟုတ်ဘူးဆိုတာ ငါသိတယ်၊ ငါ့ကိုမြင်တာနဲ့ သူ့စိတ်ထဲ ဒေါသတွေ အစုလိုက်အပြုံလိုက် ဖြစ်နေမှာ သေချာတယ်၊ အင်း ငါကလည်း ငါပါပဲလေ၊ သူခေါင်းမာတာ၊ ချွဲ့တိုက်တာ၊ ဂျစ်ကျတာကို သိရက်နဲ့ မာနခဲသူ့ကိုမှ သွားပြီးစမိတာကိုး၊ ခုတော့ ငါ့အပြစ်နဲ့ငါ ခံပေဦးတော့ပေါ့"

ဗညား အသွင်ချောချောကြီးသည် အပြင်ပန်းကကြည့်လျှင် တည်ငြိမ်သည်ထင်ရပါသော်လည်း ရင်ထဲမှာတော့ ဆောင်းနှင့် ပတ်သက်တာ ထိုစကားများကို လေးလေးနက်နက်ကြီး ဆိုနေလိုက်ပါသည်။

သည့်နောက် သူသည် နောက်ဆုံးကျန်ရှိနေသည့်

www.burmeseclassic.com

www.burmeseclassic.com



စီးဇာရက်တိုကလေးကို တစ်ချက် ဖွာရှိုက်လိုက်ပြီးနောက် သူသ
ဝရန်တာသို့ ထွက်လာခဲ့လိုက်ပြီး ယခုထက်တိုင် ပြာလဲ့လဲ့မီးရော
လေး ရှိနေသေးသည့် ဆောင်း အခန်းဆီသို့ အကြည့်စူးစူးကြီးမျ
ရောက်ရှိသွားရလေသည်။

အင်း…ဆောင်း ကြည့်ရတာ သူလည်း ငါ့လို
အိပ်မပျော်နိုင်ဘူးနဲ့တူတယ်၊ ဖြစ်နိုင်ပါတယ်လေ သူလည်း ငါ
ပတ်သက်ပြီး အတွေးတွေရှိနေမှာ အမှန်ပဲ၊ အဲဒီအတွေးတွေဟ
သူ့အပေါ် မုန်းနေတဲ့ အတွေးမဟုတ်ပါစေနဲ့လို့ သူဆုတောင်းမိ

"ခက်တယ် ဆောင်း မင်းလေးကြောင့် သိပ်ခက်ရ
တယ်ဗျာ"

ဗညားတစ်ယောက် ဆောင်းနှင့်ပတ်သက်သည့် အတွေ
များ တွေးလို့မဆုံးနိုင်အောင် သူ့ရင်မှာရှိနေရသလို ဆောင်း နာမ
လေးကိုလည်း နှုတ်မှ ခပ်ညည်းညည်းလေး ညည်းညူလိုက်
သည်။

တစ်ဆက်တည်း သူ့မျက်ဝန်းထဲတွင်လည်း အလိုလို
လာရသည်က သိပ်လှလွန်းသည့် ဆောင်း၏မျက်နှာလေးပင်
သည်။





သူ့မမျက်နှာလေး သူ့မျက်ဝန်းထဲမှာ ပေါ်လာရသည်ဆိုရင်
ဗညား ရင်ခုန်သံတွေ မြန်ဆန်လာရ၏။

ဆောင်း၏ကိုယ်ငွေ့ နွေးနွေးလေးနှင့် အတွေ့အထိများကို
သည် ပြန်လည်သတိရမိလိုက်တော့ အေးစက်နေသည့် သူ့နှလုံး
ားများ မြန်ဆန်ပူနွေးလှုပ်ရှားလာရသည်။

တကယ်တော့ ဗညားဆိုသည့်သူသည် ဆယ်ကျော်သက်
ပျိုပေါက်လေးတစ်ယောက်တော့ဖြင့် မဟုတ်ပါ။

ဒေါက်တာ ဦးဗညားဆိုသော ဂုဏ်နှင့်အညီ တည်ကြည်
ညားသော ရုပ်ရည်၊ ယောကျ်ားပီသသော ကိုယ်နေဟန်ရပ်သွင်
မိန်းကလေးများ၏ စိတ်နှလုံးအာရုံကို ဖမ်းစားနိုင်စွမ်းရှိသော
ချောလူခန့်ကြီး ဗညားသည် ယခုအသက်အရွယ်အထိ
းကလေးများနှင့် မပတ်သက် ကင်းခဲ့သူဖြစ်သည်။

ထိုသို့ကင်းရှင်းအောင်လည်း ဗညားသည် သူ့ကိုယ်သူ
းနိုင်ခဲ့သလို သူ့နှလုံးသားကိုလည်း တစ်စုံတစ်ယောက်သော
ကို ဗညားသည် သူ့ဘက်က တစ်ဖက်သတ်ပေးပြီးသည်ကိုတော့
ား သူ့ကိုယ်သူသာ သိပါသည်။

သူကသာ တစ်ဖက်သတ် ခံစားမှုများဖြင့် သိနေရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလေးကတော့ သူ့ရင်ထဲက ခံစားချက်များကို သိဖို့နေနေ သာသာ သူ သူမကို ချစ်နေရသည့် အချစ်များကိုပင် သိမည်မဟုတ် ပါ။

ဆောင်းတွင် အပြစ်မရှိပါ။ သူမလေး သူ့အချစ်များကို မရိပ်မိ၊ မသိနိုင်လောက်အောင် သူ့ရင်ထဲက ခံစားမှုများ ဗညားသည် သိုသိပ်နိုင်လွန်းသည်ပဲလေ။

ရာထူးဂုဏ်ရှိန် စည်းစိမ်အပြင် ယောကျ်ားပီသသော ရုပ်သွင်ကိုယ်ဟန်နှင့် လူချောလူခန့်ကြီးဖြစ်သော ဗညားအနားတွင် သူ့ရူးဆွတ်ရန် မျှော်လင့်နေကြပါသည့် ဂုဏ်သရေရှိ အလွှာပေါင်းမှ မိန်းမချော မိန်းမလှလေးပေါင်းများစွာ ရှိသော်လည်း ဗညား သည်ကတော့ ထိုမိန်းမချော မိန်းမလှလေးများကို သူ့နှလုံးသား ဥပေက္ခာပြုနေခဲ့သည်က သူ့ရင်ထဲတွင် အချိန်ကြာမြင့်စွာ တွယ် စွဲလမ်းနေရပါသော ဆောင်းဆိုသည့် မိဆိုးလေးကြောင့်ပင်ဖြစ်သည်

ဗညားသည် ဆောင်းကို ချစ်ခဲ့သည်က ယခုမှမဟုတ်ပါ

သူ့ရှေ့မှာတင် အစွမ်းကုန် ဖူးပွင့်လာသည့် ပန်းလေး တစ်ပွင့်ကို သူသည် မခူးရက်၊ မခြွေရက်၊ ထိုပန်းလေးကို အမြဲ



တကြည့်ကြည့်နှင့် ကြည့်ကာ တန်ဖိုးထား မြတ်နိုးခြင်းများစွာဖြင့် ချစ်ခဲ့ရသည့် အချစ်ဖြစ်သည်။

သည်အချစ်ပန်းလေးကို သူသည် ဘာအတွက်နှင့်မှ အဆုံး ရှုံးမခံနိုင်ပါ။

ချစ်သူလေးကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားဖို့ဆိုတာက လည်း သူ့ရင်ထဲက ခိုင်မြဲတွယ်နှောင်နေသည့် အချစ်များကြောင့် သူသည် ချစ်သူကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားသွားမည်ဖြစ်သည်။

ဆောင်းဆိုသည့် သူမလေးသည် အခုချိန်မှာ သူ့အချစ်များ ကို နားမလည်သေးပေမယ့် သူ၏မှန်ကန်သော ချစ်မေတ္တာ၏ ရောင်ပြန်ဟပ်မှုကြောင့် သူ့အချစ်များကို တစ်နေ့ နားလည်သဘော ပေါက်လာပါလိမ့်မည်။

ထိုနေ့ကိုတော့ သူ စိတ်ရှည်ရှည်နှင့် စောင့်ရပေမည်။

ခဏတာက ဆောင်းသည် နဂိုကမှ သူ့ကိုမြင်သည်နှင့် နှုတ်ခမ်းတစူစူ၊ မျက်စောင်းတခဲခဲနှင့် သူ့အပေါ် နားလည်မှုလွဲမှား နေရသည့်ကြားထဲ မထင်မှတ်ပါဘဲ သူမလေး သူ့ရင်ခွင်ထဲကို ရောက်ခဲ့ရသည့်အဖြစ်က သူ့အပေါ် သူမလေး ပို၍နားလည်မှုလွဲမှား

www.burmeseclassic.com

www.burmeseclassic.com



စရာ ဖြစ်နေရတော့သည်။

တကယ်တော့ ယိုနေ့ကအဖြစ်သည် သူ့အတွက် ခထင်မှတ်ဘဲ ဖြစ်သွားရသော တိုက်ဆိုင်မှုပင်ဖြစ်လေ၏။

သိပ်လှသည့် ချစ်သူလေး သူ့ရှေ့ကနေ ပျောက်ကွယ်သွားမှာကို စိုးရိမ်စိတ်နှင့် ဗညားသည် သတိလက်လွှတ် မခေါ်မခြင်း သူမလက်လေးကို ဖျော်ခနဲ လှမ်းဆွဲလိုက်မိသည့် အဖြစ်က သူ့ရင်ခွင်ထဲ သူမလေး ရောက်ရှိဆဲရသည့်အဖြစ်။

ချစ်သူလေးကို ရင်ခွင်မှာ ထွေးပွေ့မိပြန်တော့လည်း မလွှတ်ချင်အောင် ဖြစ်ရသူက ဗညား ဖြစ်သည်။

သိပ်ချစ်ရလွန်းသော သူမကို ချစ်သည့်စိတ်နှင့် ရင်ခွင်မှာ မလွှတ်တမ်း ထွေးဖက်ထားရင်းက ဗညားသည် ချစ်သူလေးကို ဒီလိုသာ တစ်သက်လုံး ထွေးပွေ့ခွင့်ရစမ်းပါတော့ဆိုသည့် အတွေးစိတ်နှင့် ရင်ခုန်သံတွေ မြန်ခဲ့ရသည့်အဖြစ်က ချပြန်တွေးခုရင်ခုန်စရာပင်ဖြစ်သည်။

ဒါကို သူမကတော့ သိမည်မဟုတ်ပါ။

သူ့အပေါ် ကလေးဆန်ဆန်ဆိုးနွဲ့ စိတ်ကောက်အနိုင်ယူ



ချင်ဖို့သာ သိသည်မို့ သူသည် သူမအပေါ် နားလည်မှုဖြင့် ခွင့်လွှတ်ကာ သူ့အချစ်များ သူမအပေါ် မလျှော့ခဲ့သည့်အပြင် ပိုလို့ပင် တိုး၍ ချစ်ခဲ့ရသည့်အဖြစ်။

ထိုနေ့ကတော့ သူသည် ခေါင်း ကျောင်းမတက်၍ စိတ်ပူကာ အိမ်လိုက်လာခဲ့ရမည့် သူသည် ထိုကိစ္စကို သူမနှင့် သေချာ မပြောဖြစ်ခဲ့ရပါ။

ပြောလို့လည်း ခေါင်း လက်ခံမည်မဟုတ်ဆိုတာ သူမ မျက်နှာလေးကို ကြည့်တာနှင့်ပင် သိနေရသည်။

ခေါင်းမာတော တစ္ဆတ်ထိုးဆန်လွန်းသော သူမသည် ချော့ပြောနေလို့ကတော့ ပြောလို့သာ ပြောသူမောသွားပါမည်။ သူမသည် တစ်ခါတစ်ရံ အကြမ်းနည်းနှင့် သုံးမှရသည်ကို ဗညားသည် သူမစိတ်ခာတ်ကို သိနားလည်နေသည်မို့ ခေါင်းနှင့်ပတ်သက်ကာ သူ့ရင်ထဲ ခိုင်မာသည့် ဆုံးဖြတ်ချက်တစ်ခုကို တည်ကြည်လေးနက်သော စိတ်အစဉ်နှင့် ဆုံးဖြတ်လိုက်တော့သည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

"ရှင်"

"မေမေ…မေမေ သမီးကို ဘာပြောလိုက်တယ်"

"သမီးကို အန့်တီခိုင်ရဲ့သား မောင်ဗညားနဲ့ အိမ်ထောင်ချပေးတော့မယ်လို့ ပြောတာ"

"ရှင်"

"ဘယ်လိုမေမေ၊ သမီးကို ဦးဗညားနဲ့ အိမ်ထောင်ချပေးမလို့ ဟုတ်လား"

ဆောင်းမှာ မေမေ့စကားကို မယုံနိုင်သလို မျက်နက်ဝန်းပြာလဲ့လဲ့ကြီးနှင့် မိခင်ကြီးကို ပြန်ကြည့်ရင်းက မေးလိုက်လေသည်။

ဒေါ်ထားထားမှာ သမီးချောရဲ့မျက်နှာဝလှလှလေးကို ကြည့်ပြီး…

မိုးဇော်၁၉၃၆၉

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် သမီး၊ သမီးကို မောင်ဗညားနဲ့ အိမ်ထောင်ချပေးဖို့ မေမေတို့လူကြီးတွေ အားလုံးစီစဉ်ပြီးသွားလို့ မင်္ဂလာဖိတ်စာတွေတောင် ရိုက်ပြီးသွားပြီ"

"ဟာ"

မမျှော်လင့်သည့် စကားများကိုပင် ဆက်တိုက်ဆိုသလို ကြားနေရသော ဆောင်းမှာ ,ယခုလည်း မေမေ့နှုတ်မှ ထွက်လာသည့် စကားများကို နားထောင်ရင်း ဆောင်းတစ်ယောက် နှုတ်ခမ်းလှလှလေးကို မစေ့ပိတ်နိုင်သည့်အထိ နှုတ်ခမ်းလေးပွင့်ဟကာ လူက တအံ့တသြလေး ရှိနေရသည်။

ဘုရားရေ ဘာတွေဖြစ်ကုန်ပြီလဲ။

ကမ္ဘာမြေကြီးသည် ဆောင်းအတွက် ချာချာလည်သွားပြီလား မသိတော့ပါ။

မေမေ့ထံမှ ဆောင်း ကြားရသမျှ စကားများသည် သူမအတွက် ဘယ်လိုမှ မထင်မှတ် မမျှော်လင့်ထားသော စကားများဖြစ်နေသည်ကပင် ဆောင်းကို ကမ္ဘာကြီး ချာချာလည်သွားစေရသည်အထိ လူက အံ့သြတုန်လှုပ် ထိတ်လန့်သွားစေရသည် မဟုတ်



ပါလား။

"မေမေ ဒီစကားတွေနဲ့ သမီးကို စနေတာတော့မဟုတ်ပါဘူးနော်"

ကျားကိုက်ပါသည်ဆိုမှ အပေါက်လေးနှင့်လား မေးနေရသလို ယခုလည်း ဆောင်းသည် မေမေ့စကားကို မယုံနိုင်သလိုမျိုး ထပ်မေးလိုက်လေသည်။

"သမီးရယ်…ဒီကိစ္စက သမီးကို မေမေ စနောက်စရာကိစ္စမှ မဟုတ်ဘဲ၊ မောင်ဗညားကိုယ်တိုင်က သမီးကို သူမေတ္တာရှိကြောင်း မေမေတို့လူကြီးတွေကို သူ ဖွင့်ပြောပြီး သမီးကို တောင်းရမ်းလို့ မေမေတို့ နှစ်ဖက်လူကြီးတွေက ခုလိုစီစဉ်ရတာ၊ ပြောရမယ်ဆိုရင်တော့ မေမေတို့မိဘတွေကလည်း မောင်ဗညားလို လူမျိုးကို မေမေ့သမီးနဲ့ သဘောမတူစရာ ဘာအကြောင်းမှ မရှိဘူးလေ၊ မောင်ဗညားဆိုတာ မေမေတို့ မျက်စိရှေ့မှာတင် ကြီးလာတဲ့ ကလေး၊ လူရိုးလူအေးတစ်ယောက် ဖြစ်တဲ့အပြင် သူ့အနားမှာ သူ့ကိုလိုချင်လို့ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းကလေးတွေ အများကြီးရှိတယ်ဆိုတာလည်း မေမေတို့ သိနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အို…သူ့ဘာသာသူ သူ့အနားမှာ မိန်းကလေးတွေ ဘယ်လောက်ပဲ ဝိုင်းဝိုင်းလည်နေပါစေ သမီးကတော့ အဲဒီလူ့ခွစာကြီးကို လုံးဝမယုံနိုင်ဘူး၊ ကြည့်လို့လည်းမရဘူး။ သမီး သူ့ကို သိပ်မုန်းတယ်ဆိုတာ သူ သူ သိရက်နဲ့ ခုလိုလုပ်တာဟာ သမီးမာနကို သူ တမင်ချိုးချင်လို့ပဲမေမေ"

"ဟဲ့…အို ဒီကလေးနှယ် ပေါက်တာ၊ မောင်ဗညားကို ဘယ်လိုပြောလိုက်တာလဲ၊ သူ့ခမျာ ကြားရင် စိတ်မကောင်းဖြစ်တော့မှာပဲကွယ်၊ မောင်ဗညားက သမီးကို ချစ်ရှာလွန်းလို့သာ ခုလို သူကိုယ်တိုင် မရှက်မကြောက် မေမေတို့မိဘတွေကို ဖွင့်ပြောပြီး သမီးကို တန်ဖိုးထား တောင်းရမ်းတာပါကွယ်၊ မောင်ဗညားက သမီးထင်သလို မဟုတ်ပါဘူး"

ဦးဗညားဆိုသည့် လူကြီးသည် သူမကွယ်ရာတွင် မေမေ့ကို ဘယ်လိုများ သိမ်းသွင်းထားလိုက်သည် မသိပါ။ ဆောင်းဘာစကားမှမပြောရသေးခင် မေမေသည် သူ့လူဖြစ်နေရပြီဖြစ်သည်။

တောက်…



ကြည့်စမ်း ဒီလူ မေမေ့ကို ဘယ်လောက်များ စည်းရုံးသိမ်းသွင်းထားတယ်မသိဘူး ငါပြောသမျှစကားကို အမြဲတမ်းလက်ခံခဲ့တဲ့ မေမေဟာ ခုတော့ သူ့ဘက်က လုံးလုံးဖြစ်နေပါရောလား။ ဟင်း…သိမယ်၊ ဒီလူနဲ့ ငါနဲ့ ကောင်းကောင်းတွေ့ဦးမယ်။ သူ…သူ ငါ့ကို ဘာထင်နေတယ်မသိဘူး။ ဒီကိစ္စ ငါဘာမှမသိရသေးခင် သူက လူကြီးမိဘတွေ အားကိုးနဲ့ ငါ့ဘဝကို ချုပ်ကိုင်ဖို့ ကြိုးစားနေတာပေါ့။ မုန်းလိုက်တာ ဦးဗညားရယ်၊ ရှင့်ရဲ့ အကြံတွေကို သိရလို့ ရှင့်အပေါ် နဂိုမုန်းတာထက် ခုတော့ ပိုပိုမုန်းသွားပြီသိရဲ့လား။

နှုတ်ခမ်းလေးကို တင်းတင်းစေ့ရင်းက ဆောင်း ဦးဗညားနှင့် ပတ်သက်ကာ သူ့အပေါ် ရင်ထဲမကျေနပ်ရသမျှ ဒေါသများက စိတ်နှင့် နှာမှာကျင်ကျင်နှင့် ပေါက်ကွဲနေတော့သည်။

သူမဘာဝကို ချုပ်ကိုင်ဖို့ ကြိုးစားနေသော ဦးဗညားကို ဆောင်းသည် လက်မထပ်နိုင်ပါဟု စိတ်မှာ အကြိမ်ကြိမ်ပြောရုံမက နှုတ်မှလည်း…

"ဦးဗညားကို သမီး မယူနိုင်ဘူးနော် မေမေ၊ လုံးဝမယူ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး၊ သမီး သူ့ကိုသိပ်မုန်းတယ်၊ မေမေတို့ ဘာစိတ်ကူးနဲ့များ သမီးကို သူ့လိုလူနဲ့ လက်ထပ်ပေးချင်ရတာလဲ"

ဆောင်းသည် သူမကို ဒီလိုလူ့ခွစာနှင့် သဘောတူရပါ့မလားဆိုကာ နှုတ်ခမ်းလေးစူ စိတ်ကောက်ရင်းက မကျေမနပ်လေး မေးလိုက်သည်။

"မောင်ဗညားလိုလူနဲ့ မေမေ့သမီးကို မေမေ ဘာလို့ သဘောတူရသလဲဆိုရင် မောင်ဗညားက ရိုးသားတယ်၊ တော်တယ်၊ ထက်မြက်တယ်၊ နောက်ဆုံးတစ်ချက်က မောင်ဗညားဟာ သမီးရဲ့အနွံ့အတာကိုခံပြီး သမီးကို သူတကယ်ချစ်တယ်ဆိုတာ မေမေ အကဲခတ်လို့ရလို့ပဲ"

"အို"

မေမေ့စကားအဆုံး ဆောင်း မျက်နှာလေးမှာ ရဲခနဲ တောက်ပသွားရသည်။

ဦးဗညားသည် သူမကို တကယ်ချစ်သည်ဆိုတာ မေမေ အကဲခတ်လို့ရသည်ဆိုပါလား။

မထင်ပါ။

မိုးမိုး၁၁၁၀၃၆၈



ဦးဗညားလိုလူက သူနဲ့ နည်းနည်းမှမတည့်တဲ့ သူမကို ချစ်နေသည်တဲ့လား။

ဆောင်းမှာ နားရှိလို့သာ ကြားရယုံရပါသည်။

သူမကို ချစ်သည်ဆိုတာကိုဖြင့် ဗညား နည်းနည်းလေးမှ မယုံနိုင်ပါ။

ဘယ်လိုလုပ်ပြီးလည်း ယုံနိုင်စရာကောင်းမှာတဲ့လဲ။ ဆောင်းနဲ့သူဆိုတာ ငယ်စဉ်ကတည်းက တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးခြင်း မရှိခဲ့သလို သူသည် ဆောင်းကို ဘယ်သောအခါမှ မျက်နှာသာပေး အလိုလိုက်တတ်သူတစ်ယောက် မဟုတ်ပေ။

ဆောင်းနှင့်တွေ့တိုင်း ရှုတည်တည်မျက်နှာထားကြီးနှင့် မျက်မှောင်ကြီး မှုန်ကုတ်ကာ လူကို ရန်ရှာသလိုကြည့်တတ်သည့် သူ့အကြည့်များကြောင့်လည်း ဆောင်း သူ့ကို ကြည့်မရ မုန်းခဲ့လေသည်။

သည်လိုလူက ယခု ဆောင်းကို သိပ်ချစ်ပါသည်ဆိုသောအခါ ဆောင်းသည် ထိုစကားကို ဘယ်လိုမှ လက်မခံနိုင်အောင် ဖြစ်နေရသည်။

မိုးမိုး၁၁၁၇၆၈

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ဆောင်းအရွယ်က အိမ်ထောင်ပြုရန် စောသေးသည်ဆိုတာ မေမေတို့ ဘာလို့များ မေ့နေရတာပါလိမ့်။

"သူ သမီးကိုချစ်ချစ် မချစ်ချစ် သမီးကတော့ ဒီလူကို ချစ်ဖို့နေနေသာသာ မျက်နှာချင်းတောင် ဆိုင်လို့မရဘူး မေမေ၊ နောက်ပြီး သမီးအရွယ်က အိမ်ထောင်ပြုရမယ့် အရွယ်မှမဟုတ် သေးတာ၊ မေမေ ဘာလို့ သမီးကို အိမ်ထောင်ချပေးချင်နေရတာလဲ၊ သမီးတော့ သိပ်စိတ်ညစ်တာပဲ"

ဆောင်းမှာ တကယ်ပင် စိတ်ညစ်နေဟန်လေးနှင့် မျက်နှာလေးမဲ့ကာ ဆိုလိုက်သည်။

ဒေါ်ထားထားမှာ သမီးချော၏ ကလေးဆန်မှုကို အပြုံးလေးနှင့် ချစ်စနိုးလေး ကြည့်ရင်း…

"သမီးရယ်…မေမေ့သမီးကို မေမေလည်း ဘယ်အိမ်ထောင်ချပေးချင်ပါ့မလဲကွယ်၊ ဒါပေမယ့် မိန်းကလေးဆိုတာ အချိန်တန်ရင် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရမှာပဲ မဟုတ်လား။ မေမေတို့က သမီးကိုချစ်လို့ မခွဲနိုင်လို့ဆိုပြီး မျက်စိအောက်က အပျောက်မခံဘဲထားပေမယ့် မတော် မေမေတို့မရှိတဲ့အချိန်မှာ သမီး



မဆော်သူနဲ့တွေ့ရင် မေမေတို့ပဲ ရင်ကျိုးရမှာ၊ ဒါတွေကို တွေးပူမိလို့ မေမေတို့မိဘတွေက မောင်ဗညားလို အတွင်းသိအစင်းသိတဲ့ လူတော်လူကောင်းတစ်ယောက်နဲ့ သမီးကို မေမေတို့ သဘောတူတာပေါ့"

ဘယ်လိုပင်ပြောပြော နောက်ဆုံးမှာ ဒီဘူးဟာပဲ ပြန်ရောက်နေသည်မို့ ဆောင်း စိတ်ညစ်သွားရသည်။

မေမေသည် ဦးဗညားနှင့် ပတ်သက်ကာ ဆောင်းရင်ထဲက ခံစားချက်များကို သမီးဖြစ်သူ သူမဘက်ကနေပြီး မတွေးပေးပါ။

ဆောင်းနှင့် ဦးဗညားဆိုတာ ငယ်စဉ်ကတည်းက ဟာစ်ယောက်နှင့်တစ်ယောက် ကြည့်မရ။ မတည့်သည်ကိုလည်း မေမေတို့ လူကြီးများသည် မသိမဟုတ် သိပါသည်။

ဒါနဲ့တောင် ဆောင်းကို သူ့လိုလူနှင့် လက်ထပ်ပေးဖို့ ဖြဦးစားတာကတော့ ဆောင်း နားမလည်နိုင်တော့ပါ။

ဆောင်း သိသည်က ဆောင်းသည် သူမအပေါ် အမျိုး မျိုး အနိုင်ယူတတ်သည့် လူ့ဥစ္စာကို သိပ်မုန်းသည်မို့ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ဆိုတာဝေးလို့ ခုနေ ဦးဗညားသာ သူ့ခအနားရှိမည်ဆို ပါက ဆောင်းသည် ထုရိုက်မိမည်လား မသိပါ။

သူနဲ့သူမ မတည့်တာကို သိရက်နှင့် သူ့လိုလူက သူမကို များ လက်ထပ်ဖို့ မိဘများထံမှာ ခွင့်တောင်းရသည်တဲ့လား။

"ဟွန်း…တွေ့မယ်တွေ့မယ်၊ ဆောင်းနဲ့ ကောင်းကောင်း တွေ့မယ်"

"ဟဲ့…သမီး ဘယ်သူနဲ့တွေ့မှာလဲ၊ မေမေပြောတာရော သမီးကြားရဲ့လား"

"ဟင်….ရှင်"

"မေမေ"

ဦးဗညားသိုက်အပေါ် မချင့်မရဲ ဒေါသအဆွေးစိတ်များ နှင့် တစ်ယောက်တည်း ရင်မှာ မကျေမနပ်ဒေါသထွေ ပေါက်ကွဲ နေရသော ဆောင်းသည် စိတ်ကတင်မဟုတ်ပါ ပါးစပ်ကပါ မကျေနပ် ဒေါသသံနှင့် ကြိမ်းလိုက်သံက သတိလက်လွတ် ထွက်သွားရသမျှ မေမေ့အသံကြားမှ သတိပြန်ဝင်လာရသည့်ပို ပျာပျာသလဲလေး ဖြစ်သွားရသည်။



"သမီးနော်သမီး ခုကတည်းက မေမေ သမီးကို တစ်ခါ တည်း ပြောထားလိုက်မယ်၊ မောင်ဗညားကို သမီးသွားပြီး ဘာမှ ရန်မလုပ်ရဘူးနော်၊ ပြီးတော့ မင်္ဂလာကိစ္စကိုလည်း မေမေတို့လူကြီး တွေ စီစဉ်ထားတဲ့အတိုင်း လုပ်ရမယ်၊ မေမေက သမီးအတွက် ကောင်းမယ်ထင်လို့ စီစဉ်တာကို သမီးက ဖျက်ဖို့စဉ်းစားတယ်ဆိုရင် တော့ မေမေ့ကို သမီး အသက်ရှင်ရက်မြင်ရမယ် မဟုတ်ဘူးဆိုတာ သမီးသိထားပါ၊ ကဲ မေမေသွားမယ်"

ပြောပြောဆိုဆို ဒေါသထားထားသည် ထိုစကားများကို သမီး ဖြစ်သူ ဆောင်းအား မျက်နှာတည်တည်တင်းတင်းနှင့် လေးနက်စွာ ပြောရင်းက သမီးဖြစ်သူကို တစ်ချက်ကြည့်ကာ အခန်းထဲမှ ထွက်သွားလေသည်။

"အား…စိတ်ညစ်တယ်၊ စိတ်ညစ်တယ်၊ မေမေ သိပ်ရက်စက်တယ်၊ သမီးကို အဲဒီလူကြီးနဲ့ ဘာဖြစ်လို့ ပေးစားချင်ရ တာလဲ၊ သမီး အဲဒီလူကြီးကို မုန်းတယ်၊ သိပ်မုန်းတယ်၊ အဟင့် ဟင့် ဟင့်"

ချည်ပြီးတုပ်ပြီး စကားနှင့် ဆောင်းအကြံကို ကြိုသိသလို

www.burmeseclassic.com

www.burmeseclassic.com

မျိုး သူမအား ဘယ်လိုမှ လှုပ်လို့မရအောင် ပြောသွားသော မေမေ့ စကားကြောင့် ဆောင်းသည် စိတ်မှာ မချော့နိုင်ရသည့် ဒေါ်သ အတွေးစိတ်များနှင့် တစ်ယောက်တည်း ပေါက်ကွဲနေသည့် စကား သံနှင့် ငိုရှိုက်သံသဲ့သဲ့လေးကို အခန်းပြင်ရောက်နေသော ဒေါ်ထား ထားမှာ ကြားဖြစ်အောင် ကြားလိုက်ပေမယ့် သမီးဖြစ်သူကို ဒေါ်ထားထားသည် ဒီတစ်ခါတော့ အလျှော့မပေးပါတော့။

အဘယ်ကြောင့်ဆိုသော် သမီးဖြစ်သူ၏ ဆိုးပုံဆိုးနည်းနှင့် ခေါင်းမာကာ အရွဲ့တိုက်ချစ်ကျပုံကို မောင်ဗညားလို အတွင်းသိ အစင်းသိဖြစ်သည့် လူမှလွဲပြီး ကျန် ဘယ်သူမှ သမီး၏ဆိုးပုံဆိုး နည်းဒဏ်ကို ခံနိုင်မည်မဟုတ်တာကိုလည်း ဒေါ်ထားထား သိနေရ သည်။

သို့၍လည်း ဒေါ်ထားထားသည် သမီးဖြစ်သူနှင့် မောင်ဗညား၏ မင်္ဂလာကိစ္စကို နှစ်ဖက်လူကြီးများ တိုင်ပင်ကာ အမြန်ဆုံးစီစဉ်ရန်ကိုလည်း စဉ်းစားလိုက်လေသည်။

◇ ◇ ◇



## အခန်း (၆)

ဦးဗညားအား ဘယ်လိုပင် လက်မထပ်နိုင်ပါဟု အကြိမ်ကြိမ် ငြင်းပယ်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ ဆောင်းသည် အများနှင့်တစ်ယောက်မို့ အားလုံးကို အရှုံးပေးကာ မျက်ရည်စက်လက်နှင့်ပင် ဦးဗညားကို လက်ထပ်ခဲ့ရလေသည်။

မင်္ဂလာပွဲ စလယ်ဆုံး တစ်လျှောက်မှာ ဆောင်းသည် မင်္ဂလာပွဲကို သူမနှင့်မဆိုင်သလို လျစ်လျူရှုခဲ့သူလည်း ဖြစ်သည်။

သူမ ဘယ်လိုပင် လျစ်လျူရှုခဲ့ပါစေ နှစ်ဖက်လူကြီးမိဘများနှင့် ဗညားသည်ကတော့ ဆောင်း ယခုလို မင်္ဂလာကိစ္စကို ပျော်ပျော်ရွှင်ရွှင်နှင့် လက်ခံသည့်ကိုပင် စိတ်မှာကျိတ်၍ ကျေးဇူးတင်ကာ ပျော်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဆိုသည့် သူမသည် ခေါင်းမာကာ အရွဲ့တိုက်တတ်သူမို့ သူမ ဘယ်အချိန်မှာများထ၍ ဗွေဖောက်မလဲဆိုတာ အားလုံးက ရင်တထိတ်ထိတ်နှင့် ရှိနေရသည်မဟုတ်လား။

မင်္ဂလာပွဲသာ ပြီးသွားပါသည်။ ဆောင်းသည် သူတို့ထင်သလို ဖြစ်မလာဘဲ မင်္ဂလာပွဲကို အေးအေးဆေးဆေးနှင့် အတည်ငြိမ်ဆုံးဟန်လေးနှင့် ပြီးဆုံးသွားစေရမှ သူတို့အားလုံးသည်လည်း ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်။

သို့ပေမယ့် အားလုံးနှင့်ဆန့်ကျင်ဘက် သက်ပြင်းမချနိုင်သူက သတို့သား အသစ်စက်စက်ဖြစ်ဂဲ့ ဗညားပင်ဖြစ်လေသည်။

မင်္ဂလာပွဲစဉ်တစ်လျှောက်မှာ ဆောင်းသည် လူကြီးမိဘများကို မျက်နှာပျက်လောက်အောင် ဘာမှမလုပ်ခဲ့ပေမယ့် သူ့ကိုတော့ဖြင့် သူမသည် စိတ်မှာ ကသိကအောက်ဖြစ်အောင် လုပ်နေသည်ကိုတော့ သူသာသိနေရသည်။

ဆောင်း သူ့အပေါ် ဘယ်လောက်များ ဆိုးနေသည်လဲဆိုတာ။

ဧည့်သည်များကို ဧည့်ခံနေသည့် မင်္ဂလာပွဲစဉ်တစ်လျှောက်





မှာ ဆောင်းသည် လူလစ်လျှင်လစ်သလို သူမသည် သူ့လက်ကို တွဲချိတ်ထားသည့် သူမလက်လေးကို မသိမသာ ရုန်းထွက်ယူတတ်သလို ထိုသို့မလုပ်ရပြန်ရင်လည်း ဆောင်းဆိုသည့် မိဆိုးလေးသည် သူ့လက်ကို တွဲချိတ်ထားရင်းက သူမသည် သူ့အား လူမမြင်အောင် ဆွဲဆိတ်နေတတ်သည်မှာ သူ့လက်မောင်းပင် သူမ ဆွဲဆိတ်ထားမှုကြောင့် ညိုမည်းပုပ်လောက်နေရပြီဖြစ်သည်။

ဆောင်း သူ့အပေါ် ကျိတ်၍ဆိုးနေသည့်အဖြစ်ကိုတော့ ကာယကံရှင်ဖြစ်တဲ့ သူမှလွဲပြီး တခြားဘယ်သူမှ မသိရှိမရိပ်မိပါ။

ထိုသို့ မရိပ်မိနိုင်အောင်လည်း ဆောင်း ကျိတ်၍ဆိုးနေသမျှကို ဗညားသည် ဟန်မပျက် အပြုံးချောချောကြီးနှင့် ကျိတ်ခံနေရသည် မဟုတ်ပါလား။

ဗညားတစ်ယောက် ဆောင်းဆိုးသမျှဒဏ်ကို လူမသိသူမသိ ခံနေရသည်မှာ မင်္ဂလာပွဲ ပြီးဆုံးချိန်အထိပင် ဖြစ်သည်။

မင်္ဂလာပွဲပြီး နှစ်ဖက်လူကြီးမိဘများကို ကန်တော့ပြီးသည်နှင့် သတို့သား အသစ်စက်စက်ဖြစ်သော ဗညားနှင့် သတို့သမီးဆောင်းမှာ သူတို့နှစ်ဦးနေထိုင်ရန် လူကြီးများ လက်ဖွဲ့ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



တိုက်သစ်ဆီသို့ ရောက်လာခဲ့လေသည်။

ကားက ပေါ်တီကိုအောက် ထိုးရပ်သွားသည်ဆိုရင်ပဲ ဆောင်းသည် မျက်နှာလေး ရှုပုပ်ပုပ်နှင့် သူ့ကိုလည်း မစောင့်ဘဲ ရှုရှုအောင့်အောင့် ပုံစံလေးနှင့် ကားပေါ်မှ ဆင်းလာခဲ့လိုက်သည်။

ဗညားမှာ သူ့ကိုရှိသည်ဟုမထင် မျက်နှာလေး ရှုပွပုပ်ပွကာ ကားပေါ်မှ ရှုရှုအောင့်အောင့်လေး ဆင်းကာ တိုက်ထဲဝင်သွားသည့် သတို့သမီးလေး ဆောင်းကို မျက်မှောင်ခပ်ပြေပြေ တွန့်ကာ ကြည့်ရင်း သူသည် ကားပေါ်မှဆင်းကာ တိုက်ထဲသို့ ဝင်လာခဲ့လိုက်သည်။

သူ တိုက်ထဲသို့ ရောက်သည်နှင့် သူ့မျက်ဝန်းညိုညိုအစုံက အောက်ထပ်တစ်ခုလုံးကိုကြည့်ကာ ဆောင်းကိုရှာသော်မယ့် သူ မတွေ့ပါ။

ဗညားသည် အပေါ်ထပ်သို့ တက်လာလိုက်သည်။ လှေကားထစ်များကို နင်းဖြတ်ကျော်ရင်းက ဗညားသည် ဒီအိမ်ကြီးဝယ် သူနှင့်သူမ နှစ်ယောက်တည်းပါလားဆိုသော အသိဘာလည်း သူ့ရင်ခုန်သံများကို မြန်လာစေရသည်။



သူသည် အပေါ်ထပ်ရှိ သူတို့နှစ်ဦးအတွက် ပြင်ဆင်ထားသည့် မင်္ဂလာအိပ်ခန်းရှေ့သို့ ခြေစုံရပ်မိသည်နှင့် အခန်းတံခါးကို တွန်းဖွင့်လိုက်ရာ...

"အမေ့"

"ရှင်...ဟင်"

"အို"

ဆောင်းသည် မျက်နှာလှလှလေးမှာ ရှက်စိတ်များနှင့် နီရဲသွားရသည်။

မင်္ဂလာဝတ်စုံကြီးနှင့် စိတ်မှာ ကျဉ်းကျပ်နေရသော ဆောင်းသည် အိမ်သို့ရောက်သည်ဆိုရင်ပဲ သူမ အဝတ်အစားများ ရှိရာ မင်္ဂလာအိပ်ခန်းအကျယ်ကြီးထဲသို့ ဝင်လာခဲ့ပြီး ဦးဗညား ပလာခင် အဝတ်အစားလဲရန်အတွက် သူမကိုယ်ပေါ်မှ မင်္ဂလာဝတ်စုံ အပေါ်နိုပ်သီးလေးကို အဖြုတ်နှင့် ဗညား အခန်းထဲသို့ ဝင်အလာ တိုက်ဆိုင်သွားသောကြောင့် ဖြစ်သည်။

"ဟာ...ဆောရီး...ဆောရီး အဝတ်အစားလဲမလို့ လား"

www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော ဗညားသည် မျက်နှာရဲရဲကြီးနှင့် တစ်ဖက်သို့လှည့်သွားတော့ ဆောင်းသည် သူ့ကိုမကျေနပ်သလို နှုတ်ခမ်းလေး ဖိကိုက်ကာ စိုက်ကြည့်လာရင်း…

"ဒီမှာ ရှင်ဘယ်လိုလူလဲ၊ နည်းနည်းမှ ယဉ်ကျေးမှုမရှိပါလားဟင်"

"ဟင်း"

ဆောင်းစကားကြောင့် ဗညားကိုယ်ကြီး သူ့ဘက်သို့ ဆတ်ခနဲလှည့်လာပြီး…

"မင်း ကျုပ်ကိုပြောတာလား ဆောင်း"

အို…ဒီလူတော့ သေတော့မှာပဲ။ ဒီအခန်းထဲမှာ သူနဲ့သူမ နှစ်ယောက်တည်းရှိတာကို သိရက်နဲ့ သူ့ကိုပြောတာလား မေးနေပုံက ဆောင်း သူ့အား ပို၍ဒေါသဖြစ်လာစေရသည်။

"ဒီအခန်းထဲမှာ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းရှိတာ ကျွန်မက ရှင့်ကိုမပြောလို့ ဘယ်သူ့ကို ပြောရမှာလဲ"

"မသိဘူးလေကွာ။ မင်းက ဒီမှာဆိုတော့ ကျုပ်က ကျုပ်ကို မင်းခေါ်တယ်လို့ ဘယ်ထင်ပါ့မလဲ၊ ကျုပ်နာမည်က





ဒီမှာမှမဟုတ်တာ"

"အို…အရေးထဲ ဒုက္ခပါပဲ၊ ရှင့်ကို နာမည်အကြောင်း ပြောနေတာ မဟုတ်ဘူး၊ ရှင်ဘာဖြစ်လို့ ကျွန်မရှိတဲ့ အခန်းထဲကို အသံမပေးဘာမပေးနဲ့ ရမ်းဝင်လာရတာလဲလို့ မေးနေတာ"

"အခန်းထဲ ဝင်လာတာပဲကွာ၊ ဘာဖြစ်လဲ၊ ဘာလဲ ကျုပ် အခန်းထဲဝင်လာပါပြီလို့ ဟိုးအဝေးက အသံပေးလာရမှာလား"

"ဟင်…ရှင်…ရှင် ဒါ ကျွန်မကို ရွဲ့တာပေါ့လေ၊ ဟုတ်လား"

"ကျွတ်..ဆောင်း မင်းကွာ ဘယ်လိုလဲ၊ ကျုပ်ကို ဘာတွေမကျေနပ်လို့ ပြဿနာရှာနေတာလဲ"

သူ ဒီလိုမေးလာပြန်တော့လည်း ဆောင်းသည် မျက်နှာ ရဲရဲလေးနှင့် အနေခက်သွားကာ…

"ရှင့်ကို ကျွန်မ မကျေနပ်လည်း ရှင့်ကိုယ်ရှင်သိနေသားပဲနော် ဦးဗညား၊ ဟုတ်တယ် ရှင့်ကို ကျွန်မ ခုကိစ္စနဲ့ပတ်သက်ပြီး နည်းနည်းလေးမှ မကျေနပ်ဘူးသိလား"

"ဘာလဲ မင်း အဝတ်အစားလဲနေတုန်း ကျုပ် အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတဲ့ကိစ္စကို ပြောတာလား"

"အို…ကျွန်မပြောတာ ဒီကိစ္စကိုပြောတာ မဟုတ်ဘူး ရှင့်"

စောစောက အဖြစ်အတွက် ဗညားသည် မျက်နှာအထားရ ခက်ခက်ဟန်လေးနှင့် ခပ်ဆတ်ဆတ် ဆိုလိုက်သည်။

"ဒါဖြင့် ဘာလဲ အဓိပ္ပါယ်ကိုပြောချင်တာလဲ၊ ကျုပ်နားလည်အောင် ကျုပ်ကို ရှင်းရှင်းပြော"

"ပြောမှာပါ၊ ပြောမှာပါ၊ ကျွန်မတာလည်း ဒီစကားတွေ ရှင့်ကိုပြောချင်နေတာ ရင်ထဲမှာ ပြည့်နေပါပြီ"

"မင်းနှယ်ကွာ…ကျုပ်ကို ဒီလောက်စကားတွေပြောချင်နေတာများ ရင်ထဲမှာ အောင့်ထားနေရသေးတယ်၊ ပြောစရာရှိတာ ကျုပ်ကိုပြောရောပေါ့"

သူ့ကို စကားအကောင်းပြောမည်ဟုထင်နေသော ဦးဗညားကို ဆောင်းသည် အကြည့်တစ်ချက် စူးစူးလေးကြည့်ရင်းက…

"ရှင့်ကို ဘာပြောမယ်ထင်နေလို့လဲ"

"အဟွန်း…ဆောင်းပြောရင် ဘာစကားပဲဖြစ်ဖြစ် ကျုပ်



နားထောင်ပေးရမှာပေါ့"

"ဟွန့်"

ခပ်လွှန့်လွှန့် အပြုံးနှင့်အတူ မချိုမချဉ် မျက်နှာချောချောကြီးနှင့် ပြောလာသည့်စကားကြောင့် ဆောင်း သူ့အား မျက်စောင်းလေး ထိုးလိုက်ပြီး…

"ရှင် ကျွန်မကို ဒီလိုပုံနဲ့ လက်ထပ်ခဲ့ရလို့ ရှင့်ကိုယ်ရှင် သိပ်ကျေနပ်နေမှာပေါ့နော် ဦးဗညား"

"အဲဒီကိစ္စအတွက် ဆောင်း ကျုပ်ကို မကျေနပ်နေတာလား"

"ဒါ မေးစရာတောင်မလိုဘူး၊ မိန်းကလေးတစ်ယောက်ကို ချစ်တယ်၊ မြတ်နိုးတယ်၊ ပိုင်ဆိုင်လိုတယ်ဆိုလည်း ဒီကာယံရှင် မိန်းကလေးကို ကိုယ်ချစ်တဲ့အကြောင်း အရင်ဆုံးဖွင့်ပြောပြီး အဲဒီ မိန်းကလေးရဲ့ အချစ်နဲ့ သဘောထားကို အရင်ဆုံး တောင်းခံသင့်တာပေါ့၊ ခုတော့ ရှင်လုပ်ပုံက မင်း ငါ့ကို မချစ်ရင်လည်းနေ၊ မင်းမိဘတွေကို ငါပိုင်ရင်ရပါတယ်ဆိုတဲ့ ရှင့်ဆန္ဒအတိုင်း လုပ်တာကတော့ မကောင်းဘူးထင်ပါတယ် ဦးဗညား"

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် မကျေနပ်သမျှ ရင်ထဲမှိုသိပ်ထားရသည့်စကား များက မရည်ရွယ်ပါဘဲနှင့် အစီအစဉ်တကျ နှုတ်ကနေ ထွက်သွား ရလေသည်။

"မင်းပြောတာ မှန်သင့်သလောက် မှန်ပါတယ် ဆောင်း၊ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ မင်းထင်သလို မင်းကို ဂရုမစိုက်လို့၊ အလေးမထားလို့ မင်းအချစ်ကို အရင်ဆုံး ဖွင့်ဟမတောင်းခဲ့တာ မဟုတ်ပါဘူး၊ ကျုပ်စိတ်ထဲမှာ မင်း ကျုပ်ကို သိပ်မုန်းနေတာကို သိတဲ့အတွက် ကျုပ်ချစ်တဲ့မိန်းကလေးတစ်ယောက်ကို ချစ်တဲ့စိတ်နဲ့ လက်လွှတ်ဆုံးရှုံးမခံနိုင်လို့ ကျုပ်ဘက်က ဖြစ်တဲ့နည်းနဲ့ ပိုင်ဆိုင်ခွင့် ရအောင် ကြိုးစားတယ်လို့ပဲ မင်း ကျုပ်ကို နားလည်ပေးပါ"

"အဟင်း…ဟင်း ရှင့်စကားတွေက ရှင့်ဘက်ကို ရှင် သိပ်ယက်နေမနေဘူးလား ဦးဗညား၊ ကျွန်မဘက်ကိုရော ရှင် ထည့်မတွက်ပေးတော့ဘူးလား၊ မတွေးတော့ဘူးလား"

ဆောင်းမှာ သူ့ခအဖြစ်ကို သူမ နာကျင်လွန်းသဖြင့် အသံ လေးများပင် တုန်ခါလာရသည်။

ဗညားမှာ ဆောင်းအား ချစ်ချက်ဝန်း စူးစူးတောက်တောက်



ကြီးများဖြင့် ရှိဝေစူးရှစွာ စိတ်မကောင်းသလို ကြည့်လာရင်းက…

"ဆောင်းရယ် မင်းနားလည်အောင် ကျုပ် ဘယ်လိုရှင်းပြ ရမလဲဗျာ။ မင်းအတွက် ကျုပ် စဉ်းစားပေးရုံတင်မကဘူး၊ တွေးလည်း တွေးပေးပါတယ်၊ အဲဒီအတွက် မင်း မကျေနပ်ဘူးဆို ရင် ကျုပ်ဘဝတစ်ခုလုံးကို မင်းစိတ်ကြိုက် ပြန်ပြီးအနိုင်ယူပါ၊ ကျုပ် အရှုံးပေးပါတယ် ဆောင်း"

"အဟင်း…ရှင့်စကားက အမှားလုပ်ပြီးမှ မှားပါတယ်လို့ ဝန်ခံနေတာနဲ့ မတူဘူးလား ဦးဗညား၊ မင်းစိတ်ကြိုက် မင်းပြန်ပြီး အနိုင်ယူပါ၊ အရှုံးပေးပါတယ်ဆိုတဲ့ ရှင့်စကားကရော ဘယ်လောက် ထိ ရှင် ကျွန်မကို အရှုံးပေးနိုင်မှာမို့လို့လဲ"

ဆောင်းမှာ သူမစကားကြောင့် မခံမရပ်နိုင်သလို မျက်နှာ ကြီး တည်ခနဲ ဖြစ်သွားရသော ဦးဗညားကိုကြည့်ပြီး စိတ်မှာ ကြိတ်ပျော်သွားရသည်။

သိမယ်…သိမယ်။ ရှင် ဆောင်းအကြောင်း ကောင်း ကောင်းကြီး သိလာစေရမယ်။

"မင်း ကျုပ်အပေါ်မှာ ဘယ်လောက်ထိ အနိုင်ယူမှာမို့

www.burmeseclassic.com

www.burmeseclassic.com



လဲ ဆောင်း"

အမယ်…ဒီလူ ဒီလိုဆိုတော့လည်း လာလာချည်သေး အနိုင်ယူတာတောင် သူ့အပေါ် အကဲနဲ့အသတ်နှင့် အနိုင်ယူရမည့် ပုံပါလား။

ဆောင်းသည် နုကိုရုစ်ကျသောစိတ်နှင့် သူ့အပေါ် အ‌ေ တိုက်ချင်လာရသည်မို့…

"ကျွန်မကို ကွာရှင်းပေးပါလို့ ပြောရင်ရော"

"ဘာ"

ဗုဒ္ဓေါနဲ့မြတ်စွာဘုရားရေး

ဘာဆိုသည့် သူ့ထံက ကျယ်လောင်စွာ ထွက်ပေါ်လာ သည့် ခက်ထန်လွန်းသည့် အသံကြီးနှင့်အတူ လူက မှုန်တည်တ နှင့် ရှုးရှုးရှားရှား ဖြစ်သွားရသော သူ့ရုပ်သွင်ကြောင့် ဆောင်း လန့်လို့သွားရသည်။

"မင်းဘာပြောလိုက်တယ် ဆောင်း"

"ကျွန်မကို ကွာရှင်းခွင့်ပေးပါလို့ ရှင့်ကိုပြောနေတာ တောက်။



ကြည့်စမ်း သူမ ဒါ သူ့ကို တမင်သက်သက် စိန်ခေါ် တာ။ ချစ်လွန်းလို့ အရယူလက်ထပ်ထားပါသည်ကို သိရက်နှင့် ယနေ့ပင် လက်ထပ်သည်။ ယနေ့ပင် ကွာရှင်းခွင့်တောင်းနေသော သူမလှုပ်ပုံက ဗညားနှလုံးသားကို အပ်အစင်းပေါင်းများစွာနှင့် ထိုးဆွလိုက်သလို နာကျင်ခံခက်စေရသည် မဟုတ်ပါလား။

နာကျင်ရသော နှလုံးသားကြောင့် ဗညားသည် မျက်နှာ ကြီး တည်တင်းလာရသလို လူကလည်း အခံရခက်သည့်ဟန် ရှုးရှုးရှားရှား ဖြစ်လာရပြီး ရူးရှဲတောက်ပသော မျက်ဝန်းညိုတစ်စုံ နှင့် ဆောင်းကို စူးခနဲ စိုက်ကြည့်လာသည်မှာ ဆောင်းပင် လန့်သွား ရသည်။

"မင်း ကျုပ်ရင်ကို ဒီထက်ပိုပြီး နာကျင်စေမယ့်စကား လုံးတွေနဲ့ အနိုင်ယူပါဦးလား ဆောင်း"

"ဟင်"

အက်ကွဲတုန်ခါနေသည့် သူ့အသံကြီးကြောင့် ဆောင်း သည် တကယ်ပင် အံ့သြသွားရသည်။

ဘယ်လိုပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ဒီစကားပြောရုံလေးနဲ့ သူ့ ဦးဗညား ဘာဖြစ်သွားရသည်တဲ့လဲ။

ဆောင်းမှာ သူ့အား နားမလည်သည့်မျက်ဝန်းလေးများဖြင့် ငေးကြည့်နေဆဲ၊

"မင်း…ခင်း ငါ့အချစ်တွေကို အသိအမှတ်မပြုချင်နေပါ ဆောင်း၊ ငါ့မေတ္တာကိုတော့ မစော်ကားပါနဲ့၊ မင်းကို ငါ သိပ်ချစ်တယ်၊ ချစ်တာမှ မင်းကို ဟိုးငယ်ငယ်ကတည်းက ချစ်ခဲ့ရတာ၊ ဖွင့်မပြောခဲ့ရပေမယ့် မင်းဟာ ငါ့ဘဝ၊ ငါ့နှလုံးသားမှာ မရှိမဖြစ် လိုအပ်တဲ့ မိန်းကလေးပဲ ဆောင်း၊ ဒါကြောင့်လည်း မင်းကိုငါ မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ထပ်ခဲ့တာပဲ၊ ဒါကို မင်းက ငါ့အချစ်ကို အသိအမှတ် မပြုတဲ့အပြင် ငါ့ကိုကွာရှင်းဖို့ ပြောတာကတော့ မင်း ငါ့အပေါ်မှာ မရက်စက်လွန်းဘူးလား ဆောင်း၊ ဒီမှာ မင်းသိအောင် မင်းကိုငါ တစ်ခါတည်းပြောလိုက်မယ်၊ ငါသိပ်ချစ်တဲ့ မင်းကို ငါ့ရင်ခုန်သံမရပ်သရွေ့ ဘယ်တော့မှ မကွာရှင်းပေးဘူး၊ မင်းဟာ ငါ့ရင်ခွင်၊ ငါ့နှလုံးသားမှာ ငါ့အသက်နဲ့အတူ အမြဲရှိနေမဲ့ မိန်းကလေးဆိုတာ မင်းသိထားပါ"



ဘုရားရေ။ သူမ ဒါလေးပြောမိတာနှင့် ဦးဗညားသည် မျက်နှာထားကြီးနှင့် ဒေါသတကြီး ပြောနေပုံက ကြောက်စရာပါပဲလား။

ဒါလား သူမကို သိပ်ချစ်ပါသည်ပြောတဲ့လူ။ ချစ်သည့်အကြောင်း ပြောသည့်လူကလည်း သူမကို ဒေါသတကြီး ခုပဲ ကိုက်တော့မည့်ပုံ။ ဒီလိုလူ၏ အချစ်ကို ဆောင်း ဘယ်လိုယုံရမှာတဲ့လဲ။

တကယ်ဆို ကိုယ်ချစ်သည့် မိန်းကလေးကို ချစ်စကားပြောရမှာ ချိုသာနူးညံ့စွာဖြင့် တစ်ဖက်မိန်းကလေးနားဝင်လာအောင် သူ့အချစ်ကို ပြန်လည်တုံ့ပြန်လာအောင် ပြောရမှာဖြစ်ပေမယ့် ယခုတော့ သူ့အဖြစ်က ကိုယ်ချစ်သည့်မိန်းကလေး ချစ်စကားပြောပုံက ကြောက်စရာလန့်စရာဖြစ်သည်။

သူ့ချစ်စကားကြောင့် ဆောင်းသည် ရင်ခုန်ရမည့်အစား သူ့ကို မျက်နှာထားကြီးနှင့် ဒေါသတကြီး ပြောလာပုံကြောင့်လည်း ယခုတော့ သူ့ကို ဆောင်းသည် ဒေါသလေးများ ဖြစ်လာရကာ

"ဒီမယ် ဒီမယ် ရှင်ပြောချင်တဲ့စကားတွေပဲ ပြောမနေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဦးဗညား၊ ကျွန်မကေလည်း ကျွန်မဘဝကို ဖွတ်ချည်နှောင်တဲ့ ရှင့်ဘဝထဲက အမြဲထွက်ဖို့ ကြိုးစားနေမယ်ဆိုတာ ရှင်သိထားပါ"

"မင်း…မင်း"

"ဟာကွာ"

ဆောင်း စကားကြောင့် သူ ဘယ်လောက်ထိ အခံရခက် ဒေါပွသွားရသည်မသိ မှုန်တည်ခက်ထန်သွားရသော မျက်နှာကြီးနှင့် မခံချိမခံသာနယ် ရင်နာသွားရသော ဗညားသည် ဆောင်းအား စူးခနဲ တစ်ချက်စိုက်ကြည့်ရင်းက နေရာမှ ချာခနဲ လှည့်ထွက်သွားသည်ကိုကြည့်ပြီး စိတ်ကျေနပ်မှုဖြင့် မဲ့ပြုံးလေးတစ်ချက် ပြုံးသွားရလေသည်။

မှတ်ပြီလား။

ဆောင်းတဲ့။

သူမကို အနိုင်ယူလို့ကတော့ ဆောင်းဆိုတဲ့သူမကလည်း ပြန်၍အနိုင်ယူရမှ ကျေနပ်တတ်သူဆိုတာ ရှင် ခုတော့ ကောင်းကောင်းကြီး သိသွားရပြီမို့လားဟူ၍လည်း ဆောင်းသည် စိတ်မှာ ကျိတ်ဆိုနေလိုက်ပါတော့သည်။

◆ ◆ ◆

"ဒေါက်…ဒေါက်…ဒေါက်"

"ဆောင်း…ဆောင်း၊ ဟေ့ ဘာလို့ အခန်းတံခါးကြီး ပိတ်ထားရတာလဲ၊ ဒီမှာ ကျုပ်ပြန်လာပြီလေကွာ၊ တံခါးဖွင့်ပါဦး၊ ခန်း…ခုန်း"

စကားသံ ခပ်လေးလေးနှင့်အတူ အစက တိုးတိုးညင်ညင် ခေါက်နေသော တံခါးသံသည်လည်း အရှိန်ရလာသည်နှင့် တဖြည်းဖြည်း အသံကျယ်လာရကာ တံခါးခေါက်သံမှာလည်း အရှိန်ပို၍ ပြင်းလာရလေသည်။

တစ်နေကုန် ပင်ပန်းထားသမျှ ရေချိုးညစာစားပြီး၍ ခုတင်ပေါ် ဝင်လှဲလိုက်သည်ဆိုရင်ပဲ လူက ခြေလက်များမလှုပ်ချင်လောက်အောင် ပင်ပန်းထားရသည့် အရှိန်ကြောင့် အိပ်ရာပေါ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး သိပ်မကြာခင်မှာပင် ဆောင်းသည် မျက်ခွံများ လေးလံလာရကာ လူက အချိန်ခဏအတွင်းမှာပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရသည်။

အိပ်လို့မှမကြာသေး အပြင်မှ တံခါးခေါက်သံ တဒုန်းဒုန်းနှင့် သူမအမည်ကို အဆက်မပြတ် ခေါ်လာသံကြောင့် ဆောင်းယူနှင်း မျက်ဝန်းလေးများ ဖျတ်ခနဲ ပွင့်လာရသလို လူကလည်း လန့်နိုးသွားရသည်မို့ ရင်တွေတုန်သွားရသည်။

"ဒေါက်…ဒေါက် ဆောင်း ကျုပ်ခေါ်နေတာ ကြားလား၊ ဘာလဲ ယောကျ်ားပြန်လာတာကို မစောင့်ဘဲ အိပ်နေပြီလား"

မဖြစ်တော့။

ဆောင်း ဒီအတိုင်းဆက်နေလို့ မဖြစ်တော့သည်မို့ သူမကိုယ်လေးကို အိပ်ရာမှ ဆတ်ခနဲ ထလိုက်ပြီး လူက ဒေါသဖြစ်ဖြစ်နှင့် နှုတ်ခမ်းလေးကို ဖိကိုက်ထားလိုက်၏။ သည်လူ ဘယ်လိုလူလဲ။

ညကြီးအချိန်မတော် ပြန်လာပြီး သူမနာမည်ကို အော်ကြီးဟစ်ကျယ် ခေါ်နေပုံက ပတ်ဝန်းကျင်ကြားလို့မှ မသင့်တော်၊ ရမ်းကားလွန်းနေရသည်ဆိုတာ ဒီလူ မသိဘူးတဲ့လား။



"ဆောင်း…ဟေ့ ဆောင်း"

"ကြားတယ်၊ ကြားတယ်၊ ဘယ်လိုဖြစ်နေတာလဲ၊ လာပြီ"

ဦးဇညားအား အသံပေးပြန်ထူးရင်းက ဆောင်းသည် သူမကိုယ်လေးကို ခုတင်ပေါ်မှ ဆင်းလာရင်း ခြေလှမ်းလေး ခပ်သွက်သွက်ဖြင့် အခန်းတံခါးဆီသို့ လျှောက်လာခဲ့လိုက်သည်။

သည်နောက် အခန်းတံခါးကို ဒေါသလေးဖြစ်ဖြစ်နှင့် ဆတ်ခနဲ ဖွင့်လိုက်တော့ အခန်းဝတွင် သူ့မျက်နှာကြီးက ပေါ်လာရသည်။

"ကြာလိုက်တာကွာ၊ ဘာလုပ်နေတာလဲ"

တံခါးဖွင့်သည်ဆိုရင်ပဲ ရှုတည်တည်မျက်နှာထားကြီးနှင့် အပြစ်တင်သလို ဆိုလာသည့် ဦးဇညားကြောင့် ဆောင်း နှုတ်ခမ်းလေး စူသွားရပြီး

"ဟင်…ရှင်ကပဲ လူကိုပြန်ပြီး အပြစ်ပြောရတယ်ရှိသေးတယ်၊ ညကြီးမိုးချုပ်မှ ပြန်လာပြီး ပတ်ဝန်းကျင်မှ ကြားလို့မတော်



www.burmeseclassic.com

www.burmeseclassic.com

အော်နေတာ ဘယ်သူလဲ၊ ဒါ လူအိပ်ချိန်ရှင့် လူအိပ်ချိန်၊ ဒါကိုရော ရှင်နားလည်ရဲ့လား"

"ဘာဖြစ်လို့ ကျုပ်က နားမလည်ရမှာလဲ၊ နေပါဦး မင်းကရော ကိုယ့်ယောကျ်ားပြန်လာတာကို မစောင့်ဘဲ အိပ်နေရလား"

"ရှင်နော်…ဘာကိုယ့်ယောကျ်ားလဲ၊ စကားကို ဆင်ခြင်ပြောပါ"

မီးရောင်မှုန်မှုန်လေးအောက်တွင် ရှက်သွေးများဖြင့် ရဲပွသွားရသော မျက်နှာလေးနှင့် ဆောင်းထံမှ စကားသံလေးက ခပ်ဆတ်ဆတ် ထွက်သွားရသည်။

"ကျုပ်က ဘာကိုဆင်ခြင်ပြောရမှာလဲ၊ မင်းနဲ့ကျုပ်က ဒီနေ့မနက်ပဲ လူကြီးစုံရာရှေ့မှာ လက်ထပ်ခဲ့တဲ့သူပဲ၊ မင်းက ကျုပ်မိန်းမ၊ ကျုပ်က မင်းယောကျ်ား၊ ဒါ ဘာဖြစ်လဲ"

ဗညားသည် ပြောရင်းက လူက ယိုင်တိုင်တိုင်နှင့် ဆောင်းကိုယ်လေးကို တွန်းတိုက်ကာ အခန်းထဲသို့ ဝင်လာခဲ့လိုက်တော့ ဆောင်းမှာ သူ့ကိုကြည့်ကာ မျက်ဝန်းလေး ပြူးသွားရသည်။



ဘုရားရေ…

ဒီလူ အရက်တွေသောက်လာပါလား။ သူမ ကိုယ်လေးကို တွန်းတိုက်ကာ အခန်းထဲသို့အဝင်မှာ သူ့ထံကရလိုက်သည့် အရက်နံ့ကြောင့် ဆောင်းသည် ဦးဗညား အရက်သောက်လာသည်ကို သိလိုက်ရသည်။

သူ့ထံက အရက်နံ့ကြောင့် ဆောင်း နှာခေါင်းလေး ရှုံ့သွားရပြီး….

"ရှင်…ရှင် အရက်တွေသောက်လာတယ် ဟုတ်လား"

"အေးပေါ့…ယောကျ်ားပဲ၊ အရက်သောက်တာ ဘာဆန်းလဲ၊ အခုလိုညမျိုးမှာ ယောကျ်ားတစ်ယောက် အရက်သောက်လာတာဟာ ပိုတောင်မဆန်းသေးတယ်"

သူက မဆန်းပေမယ့် ဆန်းနေသူက ဆောင်းဖြစ်သည်။

ဆောင်းမှာ ဦးဗညား အရက်သောက်သည်ကို တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသည်မို့ ယခုလို သူမရှေ့တွင် ခန္ဓာကိုယ် ခပ်ယိုင်ယိုင် ဟန်ချက်ပျက်သလို ရှိနေရသော ဦးဗညားကို အံ့သြသလို မျက်နက်ဝန်း ခပ်စူးစူးလေးနှင့် လိုက်ကြည့်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



"ရှင်…အရက်တွေသောက်လာပြီး ကျွန်မအခန်းထဲ ဘာလို့ဝင်လာရတာလဲ"

"မင်း ဘာပြောတယ် ဆောင်း၊ ကျွန်မအခန်းထဲ ဘာလို့ ဝင်လာရတာလဲ ဟုတ်လား"

အပေါ်အင်္ကျီကို ချွတ်ရင်းက ဆောင်းထံ အကြည့်စူးစူးကြီး နှင့် လှည့်ကြည့်လာသော ဦးဇည်း၏ အကြည့်ကြောင့် ရင်တွေ ခုန်သွားရသူ ဆောင်းဖြစ်သည်။

အရက်သောက်ထားသဖြင့် ရီဝေဝေသန်းနေသော သူ့ အကြည့် ခပ်စူးစူးသည် ဆောင်းတစ်ကိုယ်လုံးကို ထွင်းဖောက် မတတ် ရှိစေရသည်မို့ ဘာပဲပြောပြော သူနှင့်ယခုလို တစ်ယောက် တည်းရှိနေသည့် အချိန်မှာတော့ ဆောင်းသည် စိတ်ထဲတစ်မျိုးကြီး ဖြစ်လာရကာ သူ့ကို ကြောက်ရွံ့စိုးထိတ်သလိုနှင့် ရင်ခုန်သံတွေ ဆူညံလာရသည်။ စောစောက အိပ်ချင်သလိုရှိနေရသည့် စိတ်များ ပင် လွင့်ပြယ်သွားရသည်။

"ဒီမှာဆောင်း ဒီမင်္ဂလာအိပ်ခန်းကြီးက မင်းပိုင်သလို ကျုပ်လည်းပိုင်တယ်ဆိုတာ မင်းသိလား"





"ဟင်"

သူ့စကားကြောင့် ဆောင်း၏ မျက်ဝန်းပြာလဲ့လဲ့ကြီးမှာ ပို၍ ပြူးကျယ်သွားရသည်။

"ဒါဆိုရှင် ရှင် ဒီအခန်းမှာ အိပ်မှာပေါ့၊ ဟုတ်လား"

တုန်ခါနေသော စကားသံလေးနှင့် သူ ဒီအခန်းထဲအိပ်မှာ ကိုပင် စိုးရိမ်နေသလို ကြောက်ရွံ့ထိတ်လန့်ရိပ်များ ဝိုင်းနေသော မျက်ဝန်းလေးနှင့် ကြည့်ကာဆိုလာသော ချစ်သူလေးကိုကြည့်ပြီး ဇည်းစိတ်ဝယ် မချင့်မရဲကြီး ဖြစ်သွားရသည်။

"အဟွန်း…ဟွန်း ဘာလဲ ကျုပ် ဒီအခန်းထဲအိပ်မှာ မင်းစိုးရိမ်နေတာလား"

"ရှင် ဒီအခန်းထဲမှာနေရင်နေ၊ ကျွန်မကတော့ ရှင်နဲ့ တစ်ခန်းထဲမှာ အတူမနေနိုင်ဘူး"

"ဘာ"

"အို…လူကိုမအော်ပါနဲ့"

"အော်အောင် မင်းပြောနေတာမဟုတ်လား ဆောင်း၊ ယောကျ်ားနဲ့အတူ တစ်ခန်းထဲမှာ အတူမနေနိုင်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာသဘောလဲ၊ ဘာလဲ ကျုပ်က မင်းအချစ်ကို မင်းမကြည်ဖြူဘဲ နဲ့ ဖွတ်ယူမဲ့လူလို့များ မင်းထင်နေလို့လား"

"ရှင်...ရှင်"

"စိတ်ချ၊ ကျုပ်ဆိုတဲ့ကောင်က ကျုပ်ကိုမချစ်တဲ့ မိန်းမ တစ်ယောက်ဆီက အချစ်ကို ဘယ်တော့မှ ဖွတ်ယူမဲ့လူမဟုတ်ဘူး ဆိုတာ မင်းသိထားစမ်းပါ၊ မင်းကိုသိပ်ချစ်လို့ ကျုပ် အရပ်ယူ လက်ထပ်ခဲ့ပေမယ့် ကျုပ်အချစ်က မင်းထင်သလိုမျိုးမဟုတ်ဘူး၊ ကျုပ်ချစ်တဲ့သူကို ကျုပ်မျက်စိရှေ့မှာ အရိပ်အဖြစ်နဲ့ အမြဲမြင်တွေ့ ခွင့်ရရင်ပဲ ကျုပ်ဆိုတဲ့ကောင်က ကျေနပ်နေမယ့်သူ၊ ဒါကြောင့် မင်း ကျုပ်ကိုတွေးပြီး ဘာမှကြောက်နေစရာ မလိုဘူး၊ ကျုပ်က မင်းအတွက် ကြောက်စရာလူလည်း မဟုတ်ဘူး၊ ဒီတော့ မင်း စိတ်ချလက်ချသာ နေပေတော့"

ဦးဗညားပါးစပ်က စိတ်ချလက်ချသာ နေပါတော့ဆိုပေ မယ့် ဆောင်းသည် ဘယ်လိုလုပ် စိတ်ချနိုင်မှာတဲ့လဲ။

သူနဲ့ကိုယ်ဆိုတာက နဂိုကမှ တေည့်အတူနေ ဖြစ်နေ၊ သည့်ကြားထဲ ယခုလို မင်္ဂလာဦးည သူ့ အရက်များသောက်လာ



သည့်အချိန်မှာ ဆောင်းသည် သူနှင့်အတူ တစ်ခန်းထဲမှာ နှစ်ယောက် အတူနေဖို့ဆိုတာ ရင်ထဲမှာ ဘယ်လိုမှ မဝံ့ရဲရသည့်အဖြစ်။

ဒါကို သူသည် နားလည်မည်မဟုတ်ပါ။

မိန်းမသားပီပီ စိုးရွံ့ကြောက်လန့်တတ်သည်က ထုံးစံမို့ သူမနှင့် ရင်းနှီးခြင်းမရှိသည့် ဦးဗညားလို လူနှင့် တစ်ခန်းတည်း မှာ နှစ်ယောက်အတူ နေဖို့ဆိုတာ စိတ်ကူးနဲ့ပင် ဘယ်လိုမှ မဖြစ် နိုင်သည်မို့...

"ဒီအခန်းထဲမှာ နှစ်ယောက်အတူ နေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ မင်းလည်း မင်းဘာသာမင်းနေ၊ ကျုပ်လည်း ကျုပ်ဘာသာ ကျုပ်နေမယ်၊ စိတ်ချ မင်းအသားကို ထိပါ့ဆိုရင်တောင် ကျုပ်က ကျုပ်ကိုမကြည်ဖြူတဲ့ မိန်းမတစ်ယောက် ရဲ့ အသားကို မထိသေးဘူးမှတ်"

"အမယ်...ရှင်ထိလို့ရော ရမယ်တဲ့လား"

"အပွန်း...ဒီမှာအမိ သိပ်ပြီးလည်း ရန်တွေ့ကောင်းမနေ နဲ့၊ ယောကျ်ားနဲ့မိန်းမ ဘာမထိလို့ရစရာ အကြောင်းရှိလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အို"

အကြည့်စူးစူးကြီးသာမက အပြောကြမ်းကြမ်းနှင့် သူ့စကားကြောင့် ဆောင်း မျက်နှာလေး ရဲတက်သွားရသည်။

သေတော့မှာပဲ။ ဒီလူတော့ စကားပြောရင် ဘယ်တော့မှ အပေါက်အလမ်း တည့်တည့်နှင့် စကားကို ချိုချိုသာသာ မပြော တတ်တော့ပြီလားမသိပါ။

ပြောလိုက်မှဖြင့် လူတစ်ဖက်သားကို အခံရခက်စေရသည့် စကားများသာ ရွေးပြောတတ်သည်မို့ ဆောင်း သူ့ကြောင့် ဒေါသ ဖြစ်ရသည်ကလည်း အကြိမ်ကြိမ်ဖြစ်သည်။

သည်လူနှင့် ဒီပုံစံအတိုင်း စကားပြိုင်ပြောနေလျှင် မဖြစ် တော့သည်မို့ ဆောင်းသည် သူ့ထံက အကြည့်များကို လွှဲရင်းက မဂ်လာခုတင်ကြီးထက်က ပန်းနုရောင် ခေါင်းအုံးလေးနှင့် စောင် တစ်ထည်ကို ဆွဲယူကာ အခန်းအပြင်သို့ ထွက်မည်အပြု…

"ဒါက ဘာလဲ"

နောက်ပါးဆီက ထွက်ပေါ်လာရသော အသံကြောင့် ဆောင်း၏ လှမ်းလက်စ ခြေလှမ်းများ အလိုလို ရပ်သွားရကာ

ကိုဗိုကိုဗို၁၁၁၄၉



"ကျွန်မ ဧည့်ခန်းထဲ သွားအိပ်မလို့"

"ဒီအခန်းကရော ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ရှင်ရှိလို့ပေါ့"

"ဟ…ကျုပ်ရှိတာပဲ ဘာဖြစ်လဲ၊ မင်းနဲ့ကျုပ် တခြားလူ ဟား၊ ခုမနက်ကပဲ လက်ထပ်ခဲ့တဲ့ အကြင်လင်မယားလေကွာ၊ ါကို မင်းဘာလို့မေ့နေရတာလဲ"

"အို…မသိဘူး မသိဘူး၊ ရှင် ရှင့်ဘာသာရှင် မေ့ချင် ပေ့ မမေ့ချင်နေ၊ ကျွန်မကတော့ ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ ရှင့်ကိုမုန်းတယ်သိလား"

ပြောပြီးသည်နှင့် ဆောင်းသည် သူမကိုယ်လေးကို သူ့ရှေ့ကနေ ချာခနဲလှည့်လျက် ခေါင်းအုံးလေးနှင့် စောင်ကို ရင်ခွင် ဟပိုက်ကာ အခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

"ဟင်း"

ဒါတောင် နောက်မှ မချင့်မရဲနှင့် ချလိုက်သည့် သူ၏ ယက်မချသံကို ဆောင်းသည် ကြားဖြစ်အောင် ကြားလိုက်ရပေမယ့် ပူမသည် ဂရုမစိုက်။

ကိုဗိုကိုဗို၁၁၁၄၉

www.burmeseclassic.com

www.burmeseclassic.com



သူများတွေအတွက်တော့ မင်္ဂလာဦးညဆိုတာ ဘယ်လိုရှိမည်မသိပေမယ့် ဆောင်းအတွက်ကတော့ မင်္ဂလာဦးညသည် ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည်နှင့် ဧည့်ခန်းထဲက ဆိုဖာရှည်ပေါ်တွင် မျက်ရည်များကို အဖော်ပြုလျက် ကုန်ဆုံးစေရမည့်အဖြစ်။

ဩော်…သူမဘဝနှယ် ဘယ်လိုဝဋ်ကြွေးများ ပါလာရသည် မသိတော့ပါ။

ကုသိုလ်ကံများရယ် ဆိုးလွန်းလှသည်မဟုတ်ပါလား။

◇ ◇ ◇



## အခန်း (၇)

တစ်ညလုံး ကြက်အိပ်ကြက်နိုးဆိုတာ ဆောင်းသည် သူမအဖြစ်ကိုများ ပြောသည်လားမသိပါ။

သူမ ညကတစ်ညလုံး ဘယ်မှာကောင်းကောင်းအိပ်ရလို့လဲ။ တစ်သက်လုံး ရွှေပေါ်မြတင် မိသားစုအလယ်တွင် ဗိုလ်ကျကာ အနိုင်ယူခဲ့သော ဆောင်းသည် မေမေတို့ သဘောတူပေးစားသည့် ဦးဗညားကို ယူပြီး မင်္ဂလာဦးညပင်စကာ အိပ်ကောင်းခြင်းအိပ်ရတော့သည့်အဖြစ်က ဘယ်လောက်ဝမ်းနည်းစရာ ကောင်းလှန်းသည်လဲ။

ဆောင်းအဖြစ်ကို မေမေတို့သာ သိမြင်ရင်လည်း သမီးဖြစ်သူ သူမအတွက် ဘယ်လောက်များ ရင်ထုမနာ ဖြစ်လိုက်မည်



www.burmeseclassic.com

www.burmeseclassic.com



မသိပါ။

သို့ပေမယ့် ရှိစေတော့။ မိဘစိတ်ချမ်းသာအောင် သူမ မုန်းလှသည့် ဦးဗညားကို လက်ထပ်ခဲ့ပြီးမှတော့ ဘာအတွက်နှင့်မှ သူမကြောင့်နှင့် မိဘများကို စိတ်မဆင်းရဲလိုတော့။

ဖြစ်လာသမျှ ကိုယ့်ကံနှင့် ကိုယ့်အကြောင်းမှတ်ကာ ခါးစည်းခံရုံသာ ရှိတော့မည်မို့ ဆောင်း ဘယ်သူ့ကိုမှ အပြစ်ခပြော ချင်တော့ပါ။

ရှေ့ဆက်ရမည့် သူမ ဘဝခရီးလမ်းအတွက်သာ ဆောင်း စဉ်းစားရတော့မည်မို့ မနက်မိုးလင်း၍ မျက်ဝန်းလေးအစုံ ဖျတ်ခနဲ ပွင့်လာသည်ဆိုရင်ပဲ ဆောင်းသည် အိပ်ရာမှ ငုတ်ခနဲထထိုင်ကာ သူမဘဝ၊ သူမအကြောင်းကို စဉ်းစားနေမိရသည်။

စဉ်းစားနေရင်းက သူမအကြည့်လေးများ တိုင်ကပ်နာရီ ဆီသို့ အကြည့်လေးများ ဖျတ်ခနဲ ရောက်ရှိသွားရသည်ဆိုရင်ပဲ ဆောင်းတစ်ယောက် မျက်ဝန်းလေးများ ပြူးကျယ်စိုင်းစက်သွားရ လေသည်။

ကြည့်စမ်း ရှစ်နာရီတောင် ထိုးနေပါရောလား။



မျက်ဝန်းအပြူးသားလေးနှင့် နှုတ်မှ ညည်းညူရင်းက ဆောင်းသည် ညက သူမအိပ်ခဲ့သော ဆိုဖာရှည်ပေါ်မှ ခေါင်းအုံး နှင့် စောင်ကို ခွဲပယ့သိမ်းလိုက်သည်။

သည်နောက် ရေချိုးခန်းထဲသို့ဝင်ကာ ဆောင်းသည် သူမ ကိုယ်သူမ တစ်ကိုယ်ရေ သန့်ရှင်းမှု လုပ်ပြီးသည်နှင့် သူမခြေလှမ်း များက မင်္ဂလာအိပ်ခန်းကြီးထဲသို့ ခြေဦးတည်လိုက်ရသည်။

သူမ၏ အဝတ်အစား အသုံးအဆောင်ပစ္စည်းများအားလုံး သည် မင်္ဂလာအိပ်ခန်းကြီးထဲမှာ အားလုံးကြိုရောက်နေရသည် မဟုတ်လား။

ဆောင်းသည် သူရှိရာ အခန်းထဲသို့ မဝင်ချင်ပေမယ့် မဝင်လို့ကလည်း မဖြစ်သည်မို့ ရူတူတူမျက်နှာထားလေးနှင့်ပင် အခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။

"ဟင်"

မရည်ရွယ်ပါဘဲ ဆောင်း အကြည့်များက မင်္ဂလာခုတင် ကြီးပေါ် ရောက်သွားရတော့ ဦးဗညားသည် မနိုးသေးပါ။

အိပ်ရာကြီးထက်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဆဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဟွန်း…အိပ်ပုပ်ကြီး၊ ဘယ်အချိန်ရှိနေပြီလဲ၊ အခုချိန်ထိ ထောင် မထသေးဘူး။ အေးပေါ့လေ သင်းက ခုတင်ကြီးပေါ်မှာ မွေ့ရာနဲ့ဘာနဲ့ သက်တောင့်သက်သာ တစ်ညလုံးအိပ်ရတော့ စိမ်ရှိနေမှာပေါ့၊ ငါ့မှာသာ ဆိုဖာရှည်ပေါ်မှာ တစ်ညလုံး မလှုပ်မလယ်နဲ့ အိပ်ခဲ့ရတဲ့အဖြစ်။ တကယ်ဆို သင်းက ယောကျ်ားရင့်မာကြီးပဲ ငါ့အပေါ် ညှာပါတော့လား၊ ခုတော့။

ညက သူမကောင်းကောင်း မအိပ်ခဲ့ရတာနှင့် ပတ်သက်ပြီး ဆောင်းသည် ခုတင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသည့် ဦးဗညားကိုကြည့်ကာ မနက်စောစောစီးစီးကြီး တစ်ယောက်တည်း နာလိုခံခက်နှင့် ဒေါသတွေကျိတ်ဖြစ်နေရလေတော့သည်။

ဟင်း…မဖြစ်သေးပါဘူးလေ။ သူ့ကိုကြည့်ပြီး ဒေါသဖြစ်နေတာနဲ့ ငါကျောင်းသွားမယ့် အချိန်တွေ နောက်ကျတော့မှာပဲ၊ မဖြစ်ဘူး။ မဖြစ်ဘူး။ သူ မနိုးလာခင် သွားဖို့လာဖို့ ငါပြင်ဆင်ဦးမှ။



ဦးဗညားထံမှ အကြည့်များကို လွှဲရင်းက ဆောင်းသည် ကျောင်းသွားရန်အတွက် သူမကိုယ်သူမ ပြင်ဆင်မည်အလုပ်

အို…အရေးထဲ ဗိုက်ထဲက တဂွီဂွီမြည်လာသေးတယ်။ ဟုတ်သားပဲ ညက ငါဘာမှမစားဘဲ ဒီအတိုင်းအိပ်ခဲ့တာ။ ခုတော့ ဗိုက်ကဆာလှပြီပေါ့။ အင်း မဖြစ်သေးပါဘူး ဗိုက်ကိုအရင်ဖြည့်မှ ဖြစ်မယ်။

အစာမရှိသဖြင့် ဗိုက်ထဲက တဂွီဂွီနှင့် ဆာလာရပြီဖြစ်သော ဆောင်းမှာ လူကနေနိုင်သော်လည်း ဗိုက်က အချိန်တန်တော့ မနေနိုင်သည်မို့ ဗိုက်ထဲကို အစာတစ်ခုခုဖြည့်ရန် အောက်ထပ် ထမင်းစားခန်းဆီသို့ ထွက်လာခဲ့လိုက်သည်။

အောက်ထပ် ထမင်းစားခန်းသို့ ရောက်သည်နှင့် ဆောင်းသည် ကော်ဖီတစ်ခွက်ကို ဖျော်ကာ သောက်ရန်ပြင်ဆဲ ထမင်းစားခန်းဝသို့ ပေါ်လာသည့် အရိပ်တစ်ခုကြောင့် သောက်ရန်ပြင်နေသည့် ကော်ဖီပင် မသောက်နိုင်ဘဲ ဖြစ်သွားရသည်။

ထမင်းစားခန်းဝ အရိပ်ပေါ်လာရသူက တခြားသူတော့ ဖြင့် မဟုတ်ပါ။ ဦးဗညားဆိုသည့် လူပဲဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဘယ်အချိန်ကထကာ သူ့ကိုယ်သူ တစ်ကိုယ်ေ သန့်ရှင်းရေး လုပ်လိုက်သည်မသိပါ။ အချိန်ခဏလေးအတွင်းမှာပင် သူ့ပုံစံက ရှင်းသန့်ကြည်လင်ကာ ကြည့်လို့ကောင်းနေရတော့သည်။

ဗညားသည် ဆောင်းရှိရာကို မျက်နှာတည်တည်ကြီးနှင့် တစ်ချက်ကြည့်လိုက်ရင်း...

"ကျုပ်အတွက် ကော်ဖီတစ်ခွက် ဖျော်ပေးပါ"

ကြည့်စမ်း လူကိုပြောပုံကိုက စီးစီးပိုးပိုးနှင့် သူမကို ဘာမှတ်နေသည်မသိပါ။ သူခိုင်းရအောင် ခေါ်ထားသည့် သူ့လက်အောက်က အလုပ်သမားတစ်ယောက်များ သူမကို ထင်နေသည်လား မသိပါ။

လူကို အကျောကြီးနှင့် ခိုင်းပုံကတော့ တစ်စက်ကလေးမှ သည်းမခံချင်စရာမို့ ဆောင်းသည် သူ့စကားကို မကြားသလိုဟ နှင့် ကော်ဖီကို ဆက်သောက်နေလိုက်သည်။

ဒါကိုပင် ဗညားမှာ ဆောင်းကို စူးခနဲ တစ်ချက်ကြ လိုက်ပြီး...



"ဟော့...ဒီဖယ် ကျုပ်ပြောတာ ကြားလား"

"ဘာလဲ"

"ကျုပ်ကို ကော်ဖီတစ်ခွက်ဖျော်ပေးဖို့ မင်းကိုပြောနေတာ"

"အို...ရှင့်မှာလည်း ခြေတွေလက်တွေပါတာပဲ၊ ကော်ဖီသောက်ချင်ရင် ကိုယ့်ဘာသာကိုယ် ဖျော်သောက်ပေါ့၊ ကျွန်မက ရှင်ခိုင်းတာ လုပ်ပေးရအောင် ရှင့်အလုပ်သမားမဟုတ်ဘူး"

"ဟာကွာ"

"မင်း"

ဗညား မနက်စောစောကြီးမှာ ဒေါသတွေ ဖြစ်သွားရသည်။

မဖြစ်ဘဲနေမည်တဲ့လား။ သူမမဖြစ်လျှင် ဘယ်ယောကျ်ားမှ သူမအပြောကြောင့် ဒေါသဖြစ်မည်မဟုတ်တော့ပါ။

ကြည့်လေ သူမပြောနေပုံက သူမကို လက်ထပ်ထားသည့် ယောကျ်ားတစ်ယောက်အနေနှင့် ဘယ်လောက်များ ဒေါသဖြစ်ဖို့ ကောင်းလိုက်သည်လဲဆိုတာ။

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီလေးတစ်ခွက် ဖျော်ခိုင်းတာကိုပင် ရှင့်အလုပ်သမားမဟုတ်ဘူးဆိုတာ မျက်ဝန်းစူးစူးတောက်တောက်လေးနှင့် ပြန်ရန်စွာပုံက တုတ်ဖြင့် ခပ်နာနာပင် ရိုက်ချင်စရာပင် ကောင်းနေတော့သည်။

တကယ်ဆို ဒီအလုပ်တွေက သူ့ဘာမှပြောစရာမလို။ လက်ထပ်ထားပြီး မိန်းကလေးတစ်ယောက်အနေဖြင့် ကိုယ့်ခင်ပွန်းသည် တစ်ယောက်အပေါ်မှာ ပြုစုလုပ်ကိုင်ပေးရမည်က မိန်းမသား ဖြစ်တဲ့ သူမတာဝန်သာ ဖြစ်လေသည်။

ဒါကို သူမ နားမလည်ဘူးတဲ့လား။

ယခုတော့ သူ ကော်ဖီလေးတစ်ခွက် ဖျော်ခိုင်းတာကိုပင် သူမကို ကြီးလေးတဲ့ အလုပ်ကြီးတစ်ခု လုပ်ခိုင်းနေသလိုမျိုး ပြန်ပြောနေပုံကြောင့် ဗညား စိတ်တွေတိုသွားရပြီး...

"မင်း ဘယ်လိုမိန်းကလေးလဲ ဆောင်း၊ ကျုပ်မှာ ခြေတွေလက်တွေ ပါတယ်ဆိုပေမယ့် မင်းက ကျုပ်လက်ထပ်ထားတဲ့ မိန်းမ၊ ဒီတာဝန်တွေအားလုံးက ယောကျ်ားဖြစ်တဲ့ ကျုပ်အပေါ် မင်း အလိုက်သိသိနဲ့ လုပ်ပေးရမယ့် မိန်းမတစ်ယောက်ရဲ့ တာဝန်





တွေဆိုတာ မင်းမသိဘူးလား ဆောင်း"

"ရှင်...ရှင်နော် စကားပြောရင် လူကို မိန်းမ မိန်းမလို့ မပြောပါနဲ့၊ ပြီးတော့ ရှင့်ကိုယ်ရှင်လည်း ယောကျ်ားလို့ ထည့်ထည့် ပြောစရာမလိုဘူး၊ မိဘဆန္ဒအရ ရှင့်ကို ကျွန်မ လက်ထပ်ခဲ့တယ်ဆိုပေမယ့် ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး၊ မဆိုင်တဲ့အတွက် ရှင့်တာဝန်တွေကိုလည်း ကျွန်မ မယူနိုင်ဘူး၊ ဒီတော့ ဒီအိမ်မှာ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းရှိတာ ရှင့်တာဝန် ရှင်ယူပါ"

သူ့ကို ယောကျ်ားတစ်ယောက်ရယ်လို့ သူမဘက်က လုံးဝ အသိအမှတ်မပြုပါဘူးဆိုတဲ့ သဘောနှင့် သူ့တာဝန်တွေကို ဘာတစ်ခုမှ လုပ်မပေးနိုင်ပါဟု ခပ်တင်းတင်းလေး ဆိုလာသော ဆောင်းကို ဗညားသည် မချင့်မရဲနှင့် ဒေါသဖြစ်ရလွန်းသည်မှာ ဂျစ်ကျနေရသော သူမမျက်နှာလှလှလေးကို လက်သီးနှင့် စိတ်ရှိကိုင်း ထိုးပစ်ချင်စရာပင် ကောင်းနေတော့သည်။

"မင်း ဒီစကားတွေ တကယ်ပြောနေတာလား ဆောင်း"

"ဘာလဲ ဒီစကားတွေနဲ့ ရှင့်ကိုချစ်လွန်းလို့ စနောက်နေတယ်လို့များ ရှင်ထင်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်း ကျုပ်ကို ဘာဖြစ်လို့ လက်ထပ်ခဲ့ရသေးလဲ"

"ဒီလိုဖြစ်အောင်ပဲ ရှင်ပဲ ကျွန်မမိဘတွေကို သိမ်းသွင်းခဲ့တာမဟုတ်လား"

"ဆောင်း"

ဗညားမှာ ဆောင်းစကားကို သည်းမခံနိုင်တော့သလိုမျိုး ချက်ချင်းလိုပင် မျက်နှာကြီး တည်တင်းခက်ထန်လျက် သူမနှာခေါင်းအား ခပ်ဆတ်ဆတ် ခေါ်လိုက်သည်။

သူ့ခေါ်သံကိုကြားပေမယ့် ဆောင်းကတော့ဖြင့် နည်းနည်းလေးမှ မမှုပါ။

မျက်နှာလှလှလေးကို ခပ်တင်းတင်းနှင့် ခေါင်းလေးမော့ကာ အကြည့်လေးများ လွှဲထားလိုက်လေသည်။

ဗညားမှာ ဆောင်းမျက်နှာလေးကို အတန်ကြာ စိုက်ကြည့်နေရာမှ သူ့စိတ်ကို သူ လျှော့လိုက်သလို မျက်နှာချောချောကြီးသည် ပြန်လည်၍ နူးညံ့လာရပြီး…

"ပြီးခဲ့တဲ့ကိစ္စကို ထားပါတော့လေ၊ ခုချိန်မှာတော့ ဘာပဲ



ဖြစ်ဖြစ် မင်းနဲ့ကျုပ်ဟာ အများအမြင်မှာတော့ တရားဝင်လက်ထပ်ထားတဲ့ လင်မယားပဲ၊ ဒီတော့ အိမ်ထောင်ဦးစီးဖြစ်တဲ့ ခင်ပွန်းသည်တစ်ယောက်ကို မင်းဘက်က ဇနီးကောင်းတစ်ယောက်အနေနဲ့ တာဝန်ကျေသင့်တယ်လို့များ မင်းစိတ်ထဲမှာ မတွေးမိဘူးလား ဆောင်း"

"တွေးမိရင်တောင် ရှင်နဲ့ပတ်သက်တဲ့ အဲဒီအတွေးကို ကျွန်မကိုယ်ထဲက ချက်ချင်းမောင်းထုတ်ပစ်လိုက်မယ် ဦးဗညား၊ ကိုယ့်ကိုမချစ်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ခဲ့တဲ့ရှင်ဟာ အဲဒီရဲ့တုံ့ပြန်မှုတွေကို အနည်းနဲ့အများ ရှင်ခံရဦးမှာပေါ့၊ ဒါကိုမှ ရှင်မကျေနပ်ပါဘူးဆိုရင် ရှင် ကျွန်မကို အချိန်မရွေး ကွာရှင်းလို့ရတယ်"

"ဟင်"

"မင်း…ခင်း"

ဗညားမှာ ဒေါသဖြစ်လွန်းသဖြင့် ဘာစကားမှမပြောရသေးခင် ဆောင်းသည် ဆောင့်ဆောင့်အောင့်အောင့်လေးနှင့် သူ့ရှေ့က ထွက်သွားရပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့သည့် ဗညားမှာသာ ဒေါသတွေ ဆူဝေလျှက်ရင်မှာ အခံရခက်ခက်ကြီး ရှိနေရတော့သည်။

◇ ◇ ○

BURMESE CLASSIC .com

ဒေါသတွေဖြစ်ပါသည်ဆိုမှ ပို၍ဒေါသဖြစ်ရသည်က ဆောင်းကြောင့်ပင် ဖြစ်လေသည်။

မင်္ဂလာဦးရက်ဆိုပေမယ့် သူရော ဆောင်းပါ ကျောင်းပြန်တက်သည်မို့ ယခုလည်း မနက်ခင်း စောစောစီးစီးကြီးမှာ ဆောင်းနှင့် တစ်ယောက်တစ်ခွန်း စကားများခဲ့ရသော ဗညားသည် ကျောင်းသွားရန် ပြင်ဆင်ပြီးသည်နှင့် အောက်ထပ် ဧည့်ခန်းထဲတွင်ထိုင်ရင်း ဆောင်း ဆင်းအလာကို စောင့်နေလေသည်။

မကြာလိုက် သူကြားအောင် တမင်ဆောင့်နင်းလာသော ခြေသံနှင့်အတူ ဆောင်း အပေါ်ထပ်မှ ဆင်းလာသည်ကိုလည်း ဗညားသည် မကြည့်ပါဘဲနှင့် စိတ်မှာ အလိုလိုသိနေရလေသည်။

အသိနှင့်အတူ သူ၏အကြည့်များက ဆောင်းရှိရာသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်အသွားမှာတော့…

"ဟင်"

ဗညားတစ်ယောက် သူ့မျက်လုံးများကိုပင် အကြည့်များ မှားသွားပြီလားဟု ထင်လိုက်ရလေသည်။

သူမြင်လိုက်ရသူက မှုန်ညက်ဝင်းစိုသော အလှများဖြင့် ပန်းလေးတစ်ပွင့်လို သိပ်လှလွန်းနေရသည့် ဆောင်းကိုပင် မဟုတ်ပါလား။

သူမလှသည်ကို ဗညား သိပါသည်။

သိ၍လည်း သူမလေးကို ရင်မှာ စိတ်မချနိုင်လွန်းသဖြင့် ပိုင်ဆိုင်ခွင့်ရအောင် သူကြိုးစားခဲ့ရခြင်းဖြစ်သည်။

သိပ်လှပါသည်ဟု သူသိထားရသော သူမလေးသည် ယခု ကျောင်းသွားရန် ပြင်ဆင်လာသောအခါ သူ့မျက်ဝန်းညိုကြီး အစုံထဲတွင် သူမလေးသည် မိုးပေါ်ကကျလာသော နတ်သမီးလေးလို ဖူးဖူးညှညှ နုနုရွရွအလှများဖြင့် ရက်ရက်စက်စက်ကြီးကို လှနေရတော့သည်။

ဗညားမှာ သိပ်လှလွန်းနေသော ဆောင်းကိုကြည့်ပြီး သူ့မ





၏ မျက်ခုံးထူထူကြီးအစုံသည် ပို၍တွန့်ကြုတ်လာရသည်။

ဒါလား ကျောင်းသွားမည့်ပုံ။

နီညိုမ်းခံအပေါ်တွင် အဖြူစက်အပွင့်သေးလေးများနှင့် ဘာ အစမှန်းမသိသည့် ခပ်ပျော့ပျော့ပိတ်စကို ထက်အောက်ဆင်တူ ကိုယ်ကပ်လက်ပြတ်လေး ဝတ်ထားသည်မှာ အချိုးအစားကျသော သူ့ကိုယ်ပေါ်တွင် လွန်စွာကြည့်လို့ကောင်းနေရသလို ဝင်းဝါစိုပြည် သော သူမအသားအရေနှင့် နီညိုမ်းရောင် ဝတ်စုံလေးက လိုက်ဖက် လွန်းနေရသည်။

ကျောလယ်မှာ တစ်ပြေးညီ ဖြာဝေဝဲကျနေရသော ဆံနွယ် ထူထူ ပျော့ပျော့အိအိ ဝဲဝဲလေးများ ဖြာကျနေပုံကလည်း အကြည့် များ မလွှဲချင်စရာ။

အစက်အပြောက်မရှိ ကြည်စင်ရှင်းသန့်နေရပါသော မျက်နှာလှလှလေးက မိတ်ကပ်ခပ်ပါးပါးလေး လူးထားတာနှင့်ပင် ပို၍ပွာ လှပလွန်းနေရသော ဆောင်း၏ တစ်ခုချင်းစီသော အလှ များကို ဗညားတစ်ယောက် ရူတည်တည် မှုန်အစ်အစ်ကြီး ကြည့် နေ၏က ရင်မှာ မနာလိုဝန်တိုစိတ်အတွေးများနှင့် လူက ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်လက်မကြည်နိုင်တော့။

သူမအလုကို သူ့လိုပင် တခြားလူများ မြင်တွေ့သွားမှာလည်း ဗညားသည် စိုးရိမ်စိတ်နှင့် ရင်မှာ သူမတို ဘာယ်လိုမှ စိတ်မချနိုင်ပါတော့။

ကျောင်းသွားမှာကိုများ သူမကိုယ်သူမ ရှတင်ရိုက်သွားမည့် မင်းသမီးလို့များ ထင်နေသည်လားမသိပါ။

နဂိုအလှများဖြင့် သိပ်လှလွန်းသော သူမသည် ဘာကိုမှ အထူးတလှယ် ပြင်ဆင်ထားတာ မဟုတ်ပေမယ့် နည်းနည်းလေး ပြင်ဆင်လိုက်ရုံနှင့် သူမအလှ ဝင့်ဝင့်ကြွားကြွားနှင့် တောက်ပနေတတ်သူဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဗညားမှာ ဆောင်း ဒီလိုမျိုး သိပ်လှနေသည်ကိုပင် သူ့ရင်မှာ မကြိုက်ချင်သလိုလို သဘောမတွေ့သလိုလိုနှင့် တစ်မျိုးကြီး ဖြစ်နေရသည်။

မှန်တာပြောရလျှင် သူမကို သူ နည်းနည်းလေးမှ စိတ်မချနိုင်ပါ။

ဆောင်းဆိုသည့် သူမကို သူပိုင်ဆိုင်ခွင့်ရခဲ့ပေမယ့် သူ့ရင်ထဲက အချစ်ကိုတော့ ပိုင်ဆိုင်ခွင့်မရသေးသည့်အတွက် ရင်မှာ စိုးရိမ်စိတ်မချမှုများဖြင့် ပူပန်နေရတာတော့ အမှန်ဖြစ်သည်။

ဒါကို ဘာမှမသိသည့် ဆောင်းကတော့ သူ့ကိုတွေ့တာနှင့် ရစ်ကျူဆိုးနွဲ့ဖို့လောက်သာ သိသူမို့လည်း ဗညား ရင်မောခဲ့သည့် အဖြစ်များကလည်း မနည်းတော့။

ယခုလည်းကြည့် သူမကိုယ်သူမ အိမ်ထောင်ရှိပြီးသားမိန်းကလေးတစ်ယောက်ဆိုတာကို သတိရရဲ့လားမသိပါ။ ကျောင်းသွားမှာမို့ ပြင်ဆင်ထားသည်တာ သူမအလှက မင်းသမီးပင် ငိုရမလိုဖြစ်နေရသည်။

ဒီအလှကိုပင် ဗညားသည်လည်း စိတ်မချသည်မို့ သူ့ရှေ့ရောက်လာသည့် သူမကို မျက်မှောင်ကြုတ်ကာ ကြည့်ရင်း…

“ဒါက ကျောင်းသွားမယ့်ပုံစံလား”

သူ့အမေးကို ဆောင်းသည် နားမလည်သလို သူ့အား မျက်ခုံးနဲ့ ကြည့်လာပြီး…

“ဟုတ်တယ်လေ၊ . ဘာဖြစ်လို့လဲ”

“ကျောင်းသွားမှာကလည်းကွာ မင်းကိုယ်မင်း ရှတင်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်သွားမယ့် မင်းသမီးများလို့ ထင်နေသလား၊ ပြင်ဆင်ထားပုံက''

''ဘာရှင့်…ရှင်ဘာပြောလိုက်တာလဲ၊ ကျွန်မဘာသာကျွန်မ ဘယ်လိုပြင်ပြင် ရှင့်အလုပ်လား၊ ရှင်နဲ့ဘာဆိုင်လို့လဲ''

''ဆောင်းနော် ဒီဘာဆိုင်လဲ ဘာဆိုင်လဲဆိုတဲ့ စကားကိုပဲ ငါ့ကိုထပ်ထပ်မမေးနဲ့၊ မင်းနဲ့ငါ ဘာဆိုင်တယ်မဆိုင်ဘူးဆိုတာ မင်းခုထိ မသိသေးဘူးလား''

''သိတယ်၊ သိတယ်၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တာ ကျွန်မသိတယ်''

''အေး…အဲဒီဘာမှမဆိုင်တာကို မင်းအကောင်းမှတ်မနေနဲ့၊ မင်းကို ကျုပ်ဆိုင်ချင်ရင် အလွယ်လေးဆိုတာ မင်းသိရဲ့လား''

''ဟင်…ရှင်…ရှင် မမိုက်ရိုင်းနဲ့နော်''

''မိုက်ရိုင်းချင်မှတော့ အလွယ်လေးဆိုတာ မင်းမသိဘူးလား ဆောင်း''

''အို''

''ရှင်…သွား''



ဆောင်းသည် သူ့စကားကို ဘာမှပြန်မပြောနိုင်တော့အောင် ဂျက်စိတ်များ ဖြာဝေသွားရသည်မို့ မျက်နှာရဲရဲလေးနှင့် နှုတ်ခမ်းလေးဖိကိုက်ကာ သူ့ကိုယ်ကြီးကို တွန်းထိုးတိုက်လျက် ပေါ်တီကိုအောက်တွင် ရပ်ထားသည့် ကားပေါ် ကျောင်းသွားရန် သွားထိုင်နေလိုက်သည်။

ခဏကြာတော့ ဗညားသည်လည်း ဆောင်းထိုင်နေသည့် ကားနားသို့ ရောက်လာကာ ကားနောက်ခန်းတွင် စူပုပ်ပုပ်မျက်နှာလေးနှင့် ထိုင်နေသော ဆောင်းအား ကိုယ်ကြီးကိုင်းကာ ငုံ့မိုးစိုက်ကြည့်လာပြီး…

''ဒါက ဘာလုပ်တာလဲ၊ လာ ရှေ့ခန်းမှာလာထိုင်''

''မထိုင်ဘူး၊ ကျွန်မဘာသာ ကျွန်မ ဘယ်နေရာထိုင်ထိုင်''

''ဆောင်း…သွားခါနီးလာခါနီး မင်း ငါ့ကို တော်တော်၇ ကသိကအောက်လုပ်ပါလား''

''ရှင့်ဘာသာရှင် ဖြစ်နေတာတော့ ကျွန်မလည်း မတတ်နိုင်ဘူး၊ ရှင့်ကို ဘယ်သူကမှ ဘာမှမလုပ်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



""ခုလိုပြောနေတာကိုက မင်း ငါ့ခိတ်ကို ကာသိကာအောက် ဖြစ်အောင် လုပ်နေတာပဲကွ၊ ငါ ရှေ့ခန်းမှာ လာထိုင်ဆို မင်းထိုင်ပါလား၊ ခုလို ငါကရှေ့ မင်းကနောက် တစ်ယောက်တစ်နေရာစီ ထိုင်နေတာ ကျောင်းရောက်လို့ ငါတို့ကိုသိတဲ့လူတွေကမြင်ရင် မင်းရော ငါရော ဘာဖြစ်သွားမလဲ၊ ဒါကို ခင်းတွေးမိရဲ့လား""

""ဘာမှတွေးနေစရာ မလိုဘူး၊ ရှင့်ကို လက်ထပ်ခဲ့တာ ကျွန်မ အခုလိုစိတ်ကျဉ်းကြပ်ခံဖို့ မဟုတ်ဘူး""

""ဒါပေမဲ့ ပတ်ဝန်းကျင်ဆိုတာလည်း မင်းမေ့ထားလို့ရေဘူး ဆောင်း""

""သိပ်ရှုပ်တာပဲ""

ဆောင်းသည် ထိုစကားကို ချွက်နှာလှလှလေး ရှုပုပ် တင်းမာရင်းက ပြောလိုက်သည်။

""မရှုပ်စေချင်ရင် မင်း ရှေ့ခန်းမှာလာထိုင်""

""မထိုင်ဘူး""

""ဆောင်း""

""ဟင်…ရှင်…ရှင် ဘာလုပ်တာလဲ""



ပြောလက်စမှုမဆုံးသေး ဗညားသည် ဆောင်း၏ ခေါင်းမာဂျစ်ကျပုံကို အသည်းတယားယားနှင့် စိုက်ကြည့်လိုက်ပြီး နောက် ရုတ်ခြည်းဆိုသလို မပြောမဆိုနှင့် ကားနောက်ခန်းတံခါးကို ဖွင့်ကာ ဆောင်းလက်မောင်းလေးကို ခင်ကြမ်းကြမ်းလေး ဆွဲယူ လျက် သူမကိုယ်လေးကို ကားရှေ့ခန်းထဲသို့ တွန်းတွန်းထိုးထိုးလေး ဆွဲသွင်းလိုက်လေသည်။

ဆောင်းသည် ဗညားထံမှ မထင်မှတ်သည့် တုံ့ပြန်မှု ကြောင့် ဒေါသလေးများ ထောင်းခနဲ ဖြစ်သွားရသည်မို့ ကားရှေ့ ခန်းတွင် သူမနှင့် အတူလာထိုင်သည့် ဗညားကိုယ်ကြီးကို သူမ လက်သီးဆုပ်လေးများနှင့် အဆက်မပြတ် ထုရိုက်လာရင်း…

""ရှင်…ရှင် သွား၊ လူကို သိပ်အနိုင်ယူတယ်၊ ရှင့်ကို မုန်းတယ်၊ သိပ်မုန်းတယ်""

ပြောလည်းပြော သူ့လက်လေးများကလည်း ဗညား ကိုယ်ကြီးအနှံ့ အဆက်မပြတ် ရိုက်နေတော့သည်။

""ကျွတ်…မင်း တော်စမ်းကွာ""

""အို…မတော်ဘူး၊ မတော်ဘူး၊ မတော်တော့ ရှင်ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com



ချင်လဲ ကဲ ကဲ''

''ဗုန်း''

''ဗုန်း''

ဒေါသများကြောင့် ရဲရဲတွတ် နီမြန်းနေရသော မျက်နှာလေးများနှင့် ဆောင်းသည် ဗညားကိုယ်ကြီးကို သူမလက်သီးဆုပ်လေးများနှင့် ဆင့်ကဲဆင့်ကဲ ဆိုသလို ပြောလည်းပြော ရိုက်လည်းရိုက်နေလေတော့သည်။

''တော်လို့ပြောနေတယ်ကွာ၊ ကျောင်းချိန်နီးနေပြီကွ''

ဗညားသည် ပြောရင်းက ဆောင်း၏ ထုရိုက်နေမှုများကို ဂရုမစိုက် မမှုသလို ကားကို မောင်းထွက်လာခဲ့လိုက်သည်၊

''ကားကို ခုရပ်၊ ရှင့်ကားနဲ့ ကျွန်မ မလိုက်ဘူး''

ဆောင်း ဘယ်လိုပြောနေပါစေ ဗညား၏ ယောကျ်ားပီသသော မျက်နှာကြီးကတော့ သူပြောစကားများကို မကြားသလို တည်တည်တင်းတင်းကြီးထားလျက် ကားကိုသာ အမောင်းမပျက် ရှိနေလေသည်။

ပို၍ဒေါသများ ဖြစ်လာရသူက ဆောင်း မိန်းမချောလေး



သာ ဖြစ်သည်။

ဆောင်းမှာ သူမဘာပြောပြော သူမပြောစကားများကို နည်းနည်းလေးမှ ဂရုမစိုက်ပါဘဲ သူဖြစ်ချင်တာ၊ သူလုပ်ချင်တာများကိုသာ သူ့ဆန္ဒအတိုင်း လုပ်နေသော ဗညားကြောင့် ရင်မှာ မခံချင်စိတ်နှင့် ဒေါသများ ပို၍ဖြစ်လာရကာ...

''ဒီမှာ ဦးဗညား ရှင် ကျွန်မပြောနေတာ မကြားဘူးလား၊ ရှင့်ကားကို ကျွန်မ မစီးနိုင်ဘူး၊ ခုရပ်ဆိုတာ''

ဗညားသည် တုတ်တုတ်မျှ မလှုပ်သလို နှုတ်ကလည်း မည်သည့်စကားမှ မဆိုပါ။

အကြည့်စူးစူးကြီးများကို ရှေ့တူရူပို့လျက် အေးစက်တည်ငြိမ်နေရသော အသွင်ဖြင့် ကားကို အာရုံစိုက် မောင်းနေလေသည်။

''တောက်...ရှင်...ရှင် ဘယ်လိုလူလဲဟင်၊ ရှင့်ကားကို ကျွန်မ မစီးဘူးလို့ပြောနေတယ် မဟုတ်လား''

''ကားမောင်းတာ အာရုံပျက်လိုက်တာ၊ ငြိမ်ငြိမ်နေစမ်းပါကွာ''

ဆောင်းမှာ သူ့ကြောင့် ဒေါသတွေဖြစ်နေရသလောက်

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဆောင်းနှင့် ဆန့်ကျင်ဘက် အေးအေးဆေးဆေး အသွင်တည်တည်ကြီး ရှိနေရသည်မို့ ဆောင်းသည် သူ့ကိုကြည့်ကာ ပို၍ ဒေါသများဖြစ်လာရပြီး…

"ရှင့်ကို ကားရပ်နိုင်းနေတယ်လေ"

"ဘာလုပ်မလို့လဲ"

"ရှင့်ကားကို မစီးချင်တော့လို့"

"မင်းကွာ"

"ရှင်နော် ကျွန်မပြောတာ ကြားလား"

"ကြားတယ်၊ ဒါပေမဲ့ မင်းလုပ်ချင်တိုင်း လုပ်ခွင့်ပေးရအောင် ကျုပ်က ကလေးမဟုတ်ဘူး၊ ဒါကြောင့် မင်း ကျုပ်နဲ့အတူကျောင်းရောက်တဲ့အထိ အေးအေးဆေးဆေးသာ လိုက်ခဲ့ပေတော့"

"အို"

ဦးဗညားကြောင့် ဆောင်းမျက်နှာလှလှလေးမှာ ငိုမဲ့မဲ့လေးဖြစ်သွားရသလို နှုတ်ကလည်း သူ့အား ဘာမှထပ်မပြောနိုင်တော့ပါ။

ပြောဖို့ကလည်း သူမမှာ အင်အားများမရှိတော့သလောက်





မောနေရပြီဖြစ်သည်။

ထို့ကြောင့် ဒီတစ်ခါလည်း သူ့ကို ဆောင်းသည် ထုံးစံအတိုင်း အလျှော့ပေးရတော့မည်မို့ မခံမရပ်နိုင်ဖြစ်ရလွန်းသောကြောင့် မျက်ဝန်းအိမ်တွင် မျက်ရည်လေးများပင် ခိုတွဲလာရသည်။

ဗညားမှာ ငြိမ်သက်သွားသော ဆောင်း၏မျက်နှာဖူးဖူးရွှန်းမှုန်လှလှလေးကို မျက်ဝန်းညိုစူးစူးကြီးများနှင့် အတန်ကြာ စိုက်ကြည့်ရင်း သက်ပြင်းချကာ အကြည့်များကို ရှေ့သို့ပို့ထားလိုက်လေသည်။

သူ့ရင်ထဲမှာတော့ ဆောင်းနှင့်ပတ်သက်၍ ဝေဒနာအတွေးပေါင်းစုံနှင့် မချင့်မရဲကြီး ဖြစ်နေရလေတော့သည်။

° ° °



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"တောက်"

မြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်နှာမှုန်တည်သွားရသူက ဗညားဖြစ်လေသည်။

သူငယ်ချင်း ဆရာတစ်ယောက်ကို တွေ့လို့ နှုတ်ဆက်စကားပြောရင်း ညှော်ခံရန်အတွက် သူငယ်ချင်းနှစ်ယောက် စားသောက်ဆိုင်ရှိရာသို့ လျှောက်အလာ ဆိုင်ထဲတွင် ကျောင်းသားတစ်ယောက်နှင့်အတူ စာအုပ်တစ်အုပ်ကို ရှေ့ချကာ နီးနီးကပ်ကပ် စကားပြောနေသော ဆောင်းကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ဆိုင်ထဲသို့ဝင်လာသော သူ့ကို ဆောင်းသည်လည်း မြင်တွေ့သွားပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုမြင်ပါမှ သူမဘေးက ကျောင်းသားအနားသို့ ပို၍တိုးကပ်သွားသော ဆောင်းကြောင့် ဗညားသည် ဒေါသများထောင်းခနဲဖြစ်သွားရပေမယ့် သူမကတော့ သူ့အဖြစ်ကို မမြင်ဟန်ဆောင်လျက် ထိုကျောင်းသားနှင့်အတူ ရယ်ကာမောကာ စကားတွေ ဆိုနေလေသည်။

"ဗညား..,.ဟိုဟာ မင်းအမျိုးသမီး မဟုတ်လား"

မင်္ဂလာပွဲတုန်းကလာထားသည့် သူငယ်ချင်း ဆရာက ဆောင်းကို မြင်တွေ့ဖူးထားသည်မို့ ဆောင်းရှိရာကို မေးဆတ်ပြရင်း ဗညားအား မေးလိုက်သည်။

"ဟုတ်တယ်၊ မင်း ကိုယ့်အမျိုးသမီးကို မြင်ဖူးတယ်နော်"

"မြင်ဖူးတယ်လေကွာ၊ မင်းတို့မင်္ဂလာပွဲတုန်းက လိုက်လာခဲ့တာပဲ၊ ဘယ်လိုလဲ ဗညား၊ မင်းအမျိုးသမီးကို ခုလိုတစ်ယောက်တည်း လွှတ်မထားနဲ့လေကွာ၊ တော်ကြာ မသိတဲ့လူတွေက မင်းမိန်းမကို အပျိုထင်ပြီး လိုက်နေပါဦးမယ်"

သူငယ်ချင်းသည် ဘာရယ်မဟုတ် ဆောင်းနှင့်ပတ်သက်ကာ သူ့ကို စသလိုနောက်သလို သတိပေးစကားပြောလိုက်တာဖြစ်ပေမဲ့ ဆောင်းနှင့်ပတ်သက်ကာ နဂိုကမှ သဝန်တို၊ စိတ်မချဖြစ်နေရသော ဗညားမှာ သူငယ်ချင်းစကားကြောင့် ရင်မှာ ပို၍ပူပန်သွားရပြီး...

"အေးကွာ...မင်းပြောလည်း ခံရမှာပဲ၊ ကိုယ့်မိန်းမကလည်း အိမ်ထောင်သည်သာဆိုတယ် အဟွန်း အပျိုလေးရှုံးအောင် လှနေတာကိုးဗျာ၊ အဟွန်း...ဟွန်း...ဟွန်း"

ကိုယ့်ဇမ်းနာ ကိုယ်သာအသိဆုံးဖြစ်သည့် ဗညားမှာ ထိုစကားကို မချိသည့်ရင်အစုံဖြင့် ဟန်လုပ်ကာ ခပ်လွန့်လွန့်ရယ်လိုက်မိရသည်။

ရင်ထဲမှာတော့ သူမနှင့်ပတ်သက်ပြီး နေဆယ်စင်းမကပူလောင်ပြင်းပြနေရတော့သည်ကိုတော့ ဗညား သူ့ကိုယ်သူသာ သိလေသည်။

ဆောင်းမှာ သူမနှင့် အတန်းဖော် ကျောင်းသား ကိုနိုင်နှင့် စကားပြောနေရပေမယ့် သူမနှင့်ကိုနိုင်ထံ အတားအဆီးမရှိ ရောက်လာတတ်သည့် ဦးဗညား၏ အကြည့်စူးစူးကြီးများကြောင့် ရင်တွေ



www.burmeseclassic.com

www.burmeseclassic.com

တုန်နေရပြီဖြစ်သည်။

တစ်ဆက်တည်း သူ့အကြည့်များကို မမြင်ဟန်မတွေ့ဟန် ဆောင်ထားရသည့် အဖြစ်ကိုလည်း ဆောင်းသည် သူ့ကိုယ်သူ မလုံမလဲဟန်လေး ဖြစ်လာရသည်မို့ သူရှိရာနေရာမှ မြန်မြန်ထွက်သွားရန်ကိုလည်း ဆောင်း ကြံနေလေတော့သည်။

လင်မယားနှစ်ယောက် ဆိုင်တစ်ဆိုင်ထဲတွင် နှစ်ယောက် အတူတွေ့ပါရက်နှင့် တစ်ယောက်နှင့်တစ်ယောက် မခေါ်မပြော နှုတ်ဆက်စကားမဆိုသည့် ဗညားနှင့် ဆောင်းတို့ကြည့်ပြီး အံ့ဩနေရသူကလည်း ဗညား၏သူငယ်ချင်း ဆရာဦးတင်ဝင်းပင် ဖြစ်သည်။

တကယ်တော့ သူအံ့ဩမည်ဆိုကလည်း အံ့ဩစရာပင်ဖြစ်သည်။

မကြာခင်ကမှ အိမ်ထောင်ကျသည့် လူငယ်နှစ်ယောက် ဖြစ်သော ဗညားနှင့် ဆောင်းသည် တစ်ဦးနှင့်တစ်ဦး တွေ့ကြပြန်တော့လည်း တကယ့်လူကြီးချေးပမာ ဣန္ဒြေရရရှိနေသည်မှာ ဘေးကမြင်ရသည့် သူ့အဖို့ အံ့ဩစရာကောင်းနေရလေသည်။



"ဟိုတ်ကောင် ဗညား၊ ဟိုမှာ မင်းအမျိုးသမီးကို ခေါ်လေကွာ၊ မင်းလာတာကို သူမမြင်ဘူးနဲ့တူတယ်"

မြင်ပါသည်။ မြင်တာမှ မင်းအရင် သူက ငါတို့ကိုကြိုမြင်နေတာပါဆိုတဲ့စကားကိုတော့ ဗညားသည် ပြောမနေတော့ပါ။

ဗညားအနေနှင့် ထိုစကားကိုပြောရန်လည်း မသင့်သည် မဟုတ်လား။

"နေပါစေကွာ၊ သူလည်း သူ့ဘာသာ မိန်းမတွေက တစ်ခါတလေမှာလည်း အဲလိုပစ်ထားပေးရတယ်ကွ"

ဗညားမှာ သူ့ကိုယ်သူ အောင်နိုင်သူတစ်ယောက်လို သူငယ်ချင်းရှေ့တွင် ဟန်လုပ်ပြောလိုက်ရပေမဲ့ တကယ်တမ်း သူနှင့်ဆောင်း၏ ဖြစ်ကြောင်းကုန်စင် အမှန်ကိုသိသွားပါက သူ့အား ဘယ်လိုပြောမည်မသိပါ။

ထိုအတွေးနှင့် ဆောင်းရှိရာသို့ သူ့အကြည့်များ ဖျတ်ခနဲ ရောက်ရှိသွားတော့...

"အို"

ထိုအသံက ဆောင်းထံက ထွက်လာရသည့်အသံ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ကိုနိုင်နှင့် စကားပြောရင်းက ဆောင်း၏အကြည့်တစ်ချက် က ဦးဗညားထံသို့ ဖျတ်ခနဲရောက်ရှိခိုက် တိုက်ဆိုင်ချင်တော့ ဦးဗညားထံမှ အကြည့်စူးစူးကြီးကလည်း သူမထံကို ရောက်ရှိလ ခိုက်နှင့် အမှတ်မထင် နှစ်ဦးသား အကြည့်များဆုံသွားရလေသည်။

ဦးဗညားရင်ထဲတွင် ဘယ်လိုဖြစ်သွားရသည်မသိသေ လည်း ဆောင်းရင်ထဲမှာတော့ လျှော်အသေးစားလေး တုန်လှုပ်သွ ရသလို တုန်ခါသွားရလေသည်။

သူ့အကြည့်စူးစူးကြီးများကို ဆောင်း ရင်မဆိုင်ချင်ပါ။

ဦးဗညားဆိုသည့် ဆောင်းဘဝထဲက အမုန်းဆုံး တစ်ယောက်အဖြစ် သတ်မှတ်ထားသည်မို့ ဆောင်းသည် သူ့ကြေ ရင်ခုန်ခြင်းများ ခံစားရမှာကို အကြောက်ဆုံးပင်ဖြစ်သည်။

ထိုကြောက်ပါသည်ဆိုပါမှ သူ့ကြောင့် ရင်ခုန်ခြင်း အကြိမ်ကြိမ်ခံစားခဲ့ရသည့် အဖြစ်ကလည်း မနည်းတော့။

သူ့ကြောင့် ရင်ခုန်ရခြင်းသည် သူ့ကို အရှုံးပေးခြင်း အစမို့ ဆောင်းသည် သူ့ကိုတော့ အရှုံးမပေးချင်သည်မို့ သူ့အကြ

များကို လွှဲဖယ်ရင်းက ကိုနိုင်နှင့်အတူ သူ့အားကျောခိုင်းကာ ဆိုင်ထဲ မှ ထွက်လာခဲ့လိုက်သည်။

ထိုတိစ္ဆက ဒီမှာတင် ရပ်မသွားသေးပါ။

သူမဆန္ဒမပါဘဲ သူမဘဝကို ချည်နှောင်ရက်သူအဖြစ် ဦးဗညားအပေါ် အငြိုးနှင့်အမုန်းများ ထားခဲ့သော ဆောင်းသည် ဦးဗညားအသည်းကို နာကျင်အောင် ဘယ်လိုလုပ်ရမည်ဆိုတာ အမြဲစဉ်းစားနေသူမို့ အတန်းထဲပြန်ရောက်၍ သူ့စာသင်ချိန်ပြန်စ သည်နှင့် ဆောင်းသည် ကိုနိုင်အနားထိုင်ကာ သူ့ရှေ့တွင် ကိုနိုင် နှင့် ရင်းနှီးဟန်ပြခဲ့လေသည်။

သူ့စာသင်နေမှန်းသိလျက်နှင့် ကိုနိုင်ကို စကားတွေပြောနေ တော့ ကိုနိုင် ဆရာဖြစ်သူ ဦးဗညားကို အားနာနေရသည်။

ဒါကို ဆောင်းသိပါသည်။ သိပေမဲ့ သူ့ကို ကလိချင်သည် မို့ ဆောင်း တမင်လုပ်နေခြင်းဖြစ်၏။

ဗညားသည် ဆောင်း သူ့ကို ဘာအချိုးချိုးနေသည်ကို သိပါသည်။

သူ့စာသင်သည့်အချိန်မှာ အတန်းထဲရှိသည့် ကျောင်းသူ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားမဆို အားလုံး တုတ်တုတ်မျှမလှုပ်ရဲကြပေမယ့် သူ
ကတော့ သူ့ကို ဂရုမစိုက်သလို လုပ်နေပုံကတော့ သိပ်ကိုလွန်ဖ
ပြီဖြစ်သည်။

ဗညားဆိုတာက အချစ်ကအချစ်၊ စည်းကမ်းက
စည်းကမ်းထားသူဖြစ်သည်။

သူသည် အချစ်နှင့်စည်းကမ်းကို ဘယ်တော့မှ မရေ
ထွေးတတ်သူဖြစ်သည်။

သူ့စည်းကမ်းကို ဖောက်လို့ကတော့ သူသည် ဘယ်သူ
မှ မျက်နှာမထောက်တတ်ဆိုတာ ဆောင်း သိပါလျက်နှင့် သူ
တမင်စိန်ခေါ်နေခြင်းကတော့ ဗညားစိတ်ကို ဆွနေတာနှင့် အတူ
ပင်ဖြစ်သည်။

ဗညားသည် ဆောင်းအား မျက်ဝန်းညိုရှူးရှူးကြီး
လှမ်းကြည့်တာကို ဆောင်းသည် သိပါလျက်နှင့် မသိဟန်ဆော
လုပ်နေသမျှ ဗညားသည် ဒေါသများကို ရင်မှာ အတတ်နိုင်
မျိုသိပ်ထားလိုက်ရသည်။

ထိုနေ့ စာသင်ချိန်တစ်ချိန်လုံးမှာ ဗညားသည် ဆော



အား မချင့်မရဲနှင့် ဒေါသတွေဖြစ်နေရသမျှ ညနေ အိမ်ပြန်ချိန်
ရောက်သည့်အခါမှာတော့ သူ့ဒေါသတွေသည် ဆောင်းထံ အစွမ်း
ကုန်ပေါက်ကွဲရလေသည်။

"ကဲ…ခဏနေပါဦး ဒေါ်ဆောင်း ခင်ဗျားကို ကျုပ်ပြော
ပါရစေဦး"

ကျောင်းကအပြန် အခန်းထဲသို့ တန်းဝင်လာခဲ့သော
ဆောင်းနောက်မှ ဦးဗညားသည် ထပ်ကြပ်မကွာ လိုက်လာသော
ဗညားသည် စကားသံနှင့်အတူ ဆောင်းပခုံးလေးနှစ်ဖက်ကို ဆွဲကိုင်
ကာ သူ့ဘက်သို့ ဆွဲလှည့်လိုက်တာမို့ ဆောင်းကိုယ်လေးမှာ သူနှင့်
ရင်ချင်းအပ်မတတ် ဖြစ်သွားရသည်။

"ကြည့်စမ်း …ရှင် ဒါဘာလုပ်တာလဲ"

"ဘာလုပ်တာလဲ ဟုတ်လား၊ အဲဒီစကား ကျုပ်က မေးရ
မှာ၊ ပြောစမ်း မင်း နေ့လယ်က ငါစာသင်တဲ့အချိန်မှာ ဘာအချိုး
ချိုးတာလဲဆိုတာ"

"ဘာကိုလဲ၊ ရှင် ဘာကိုမေးတာလဲ"

"ဪ…အဟွန်း…ဟွန်း ကိုယ်လုပ်တဲ့အပြစ်ကို ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



မေ့တောင်မေ့နေပြီပေါ့လေ ဟုတ်လား ဒေါ်ဆောင်း"

သူ့အသံသာမက သူ့စကားတွေကလည်း မခံမရပ်နိုင်သလိုမျိုး မခိုးမခန့်မို့ ဆောင်းသည် သူတော်တော်ဒေါသဖြစ်နေပြီဆိုတာ သိလိုက်သည်။

သူ့ဒေါသထွက်တာကို သိရပြန်တော့ ဆောင်းတစ်ယောက် စိတ်မှာ ကျိတ်ပျော်သွားရလေ၏။

ဦးဗညားဆိုတဲ့သူ့ကို ထိုသို့ ဒေါသမဖြစ်ဖြစ်အောင် လုပ်သူကလည်း သူမကိုယ်တိုင်ပဲဖြစ်လေသည်။

"ငါစာသင်နေတဲ့အချိန်မှာ ငါ့ဇည်းကမ်းကို ဖောက်ဖျက်တာ မကြိုက်ပါဘူးဆိုတာသိရက်နဲ့ မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲဆောင်း၊ ဘာလဲ မင်းက မင်းကိုယ်မင်း ငါဟာ ဦးဗညားရဲ့မိန်းမဆိုတဲ့စိတ်နဲ့ ကျောင်းသား၊ ကျောင်းသူတွေရှေ့မှာ အခွင့်အရေးယူလိုက်တာပေါ့လေ ဟုတ်လား"

"ဟင်...ဒါ ရှင်ဘာစကားလဲ၊ ကျွန်မကိုယ်ကျွန်မ ရှင့်မိန်းမပါလို့ တစ်ခါမှ မတွေးထားခဲ့မိလို့ ရှင်ပြောသလို အခွင့်အရေးယူစရာအကြောင်းလည်း ကျွန်မမှာ ဘာမှမရှိဘူး"



"ဪ...မင်းက မင်းကိုယ်မင်း ဦးဗညားရဲ့မိန်းမဆိုတာ တစ်ခါမှ မတွေးထားခဲ့ဘူးကိုး၊ ဒါဖြင့် ကျောင်းသားတွေရှေ့မှာ ကျူပ်စည်းကမ်းကို မင်းက တမင်ဖောက်တာပေါ့လေ"

"အို...ကျွန်မက ဘာစည်းကမ်းတွေ ဖောက်လို့လဲ"

"ဘာစည်းကမ်းကို ဖောက်လို့လဲဟုတ်လား၊ အေး ...င်းမသိတော့ ပြောရသေးတာပေါ့၊ ငါစာသင်နေတဲ့အချိန်မှာ မင်းမှ ...ဟုတ်ဘူး ဘယ်သူမဆို ငါသင်တဲ့စာကို စိတ်မဝင်စားသလို လုပ်တာ ငါအမုန်းဆုံးပဲဆိုတာ မင်းလည်းသိမှာပေါ့၊ ဒါနဲ့တောင် ...နေ့လယ်က ငါစာသင်ချိန်မှာ မင်းက ငါစာသင်တာကို စိတ်မဝင် ...ားဘဲ ဘေးကကျောင်းသားကို စကားတွေသွားပြောနေတာက ဘာအဓိပ္ပာယ်လဲ ဒေါ်ဆောင်း"

"အို...ဒါက"

မျက်ဝန်းပြာလဲ့လဲ့ကြီးများ တလည်လည်နှင့် နှုတ်ခမ်းဖူး ...ဖူး စူစူထော်ထော်လေးမှာ ခပ်ဟဟ ဖြစ်သွားရသော ဆောင်းမှာ ...ရုတ်တရက် ဦးဗညားကို ဘာပြန်ပြောရမှန်းမသိပါ။

"အဟွန်း...ဘာလဲ မင်း မဖြေတတ်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန့်…ဘာလို့မပြောတတ်ရမှာလဲ၊ မဖြေတတ်စရာ ဘာအကြောင်းမှ မရှိဘူး၊ အဲဒါက ကျွန်မ ကိုနိုင်ကို စာနားမလည်လို့မေးနေတာ"

"အဟွန်း…ဟွန်း သိပ်ကောင်းတဲ့ဆင်ခြေပါလား ဒေါ်ဆောင်း၊ ဆရာတစ်ယောက်လုံးရှေ့မှာ စာသင်နေပါရက်နဲ့ စာနားမလည်လို့ ဘေးကကျောင်းသားကို စာမေးနေတယ်ဆိုတာကတော့ ဒီထက်ကောင်းတဲ့ ဆင်ခြေ မင်းမှာပေးဖို့ မရှိတော့ဘူးလား"

"အို"

မျက်နှာခပ်တည်တည်ကြီးနှင့် ဆိုလာသော ဦးဗညား စကားကြောင့် ဆောင်း မျက်နှာလေး နီရဲသွားသည်။

"မင်းအပြုအမူတွေ သိပ်လွန်လွန်းမနေဘူးလား ဆောင်း။ မင်းနဲ့ ဒီကျောင်းသားကို ဟိုနေရာမှာလည်းတွေ့၊ ဒီနေရာမှာလည်း တွေ့နဲ့ မင်းတို့နှစ်ယောက်က ဘာလဲ"

"ဟင်…ရှင်ဘာပြောတာလဲ"

"ဘာပြောတာလဲဟုတ်လား။ ကျုပ် မင်းကို ရှင်းရှင်းပဲ



ပြောတော့မယ် ဆောင်း၊ မင်းဟာ ကျုပ်မနိုး၊ ကျုပ်မိန်းမဆိုတာ တစ်ကျောင်းလုံးသိတယ်၊ ဒီလိုသိတာကို သိရက်နဲ့ မင်းက အဲဒီကျောင်းသားနဲ့ တွဲနေတာ၊ ဘာလဲ မင်းတို့နှစ်ယောက်က ချစ်နေကြပြီလား"

နေ့လယ်က ဆိုင်ထဲတွင် ဆောင်းနှင့် ထိုကျောင်းသားကို ရင်းနှီးစွာ ယှဉ်တွဲမြင်ခဲ့ရတဲ့ အဖြစ်က သူ့ရင်ကိုနာလိုခံခက် စေရသည်မို့ ဗညား သည် ထိုစကားကို ဒေါသဖြစ်ဖြစ်နှင့် မေးလိုက်ခြင်းဖြစ်သည်။

ဘူ့စကားကြောင့် ဆောင်းမှာလည်း သူမသိက္ခာကို စော်ကားရက်လေခြင်းဆိုသည့် နာကျင်စိတ်နှင့် အသားလေးများပင် တဆတ်ဆတ် တုန်လာရသည်အထိ သူ့အပေါ် ဒေါသများဖြစ်လာရသလို သူ့ကိုလည်း သူမစိတ်က ပြန်၍အရွဲ့တိုက်ချင်လာရသည်မို့ ဆောင်းသည် နှုတ်ခမ်းလေးကို ကိုက်လိုက်ပြီး…

"ဟုတ်တယ်။ ရှင်ပြောတာမှန်တယ်၊ သူနဲ့ကျွန်မ ရှင်ထင်သလို ချစ်နေကြပြီ"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



'ဘာ'ဆိုသည့် သူ့အသံကြီးက ကျယ်လောင်လွန်းသဖြင့် ဆောင်းပင် လန့်သွားရသည်။

"မင်းဘာပြောတယ် ဆောင်း၊ အဲဒီလူနဲ့ မင်း ချစ်နေကြပြီဟုတ်လား"

မေးတုန်းက ဘာရယ်မဟုတ် စိတ်ပေါက်ပေါက်နှင့် မေးလိုက်တာဖြစ်ပေမယ့် ဆောင်းထံက စကားများကို ကြားရပြန်တော့လည်း ဗညားသည်းမခံနိုင်အောင် ဖြစ်သွားရသည်။

ထို့ကြောင့် ဆောင်းကိုယ်လေးကို အားပါးတရ ဆွဲကိုင်လှုပ်ရင်းက…

"ပြောစမ်း ဆောင်း၊ မင်းပြောစမ်း မင်းနဲ့ အဲဒီလူနဲ့ ချစ်နေကြပြီဆိုတာ တကယ်လား"

"အို…ရှင်…လွှတ်…လွှတ်"

"မလွှတ်ဘူး၊ မင်း ငါမေးတာဖြေ"

"ဘာဖြေရမှာလဲ"

သူ့မှာသာ ဒေါသရှိတာမဟုတ်။ သူမမှာလည်း ဒေါသရှိသည်မို့ ဆောင်းသည် သူ့အား ပြန်အော်လိုက်လေသည်။





"မင်းနဲ့ အဲဒီလူ ချစ်နေပြီလားဆိုတာ"

"ဟုတ်တယ်၊ ချစ်နေပြီ"

"ဟင်"

"ကဲ…ချစ်ဦးကွာ"

"အို"

ဆောင်းနှုတ်က ဝန်ခံစကားသည် လူချောကြီး ဗညားရင်အား ဘယ်လောက်ထိ နာကျင်ခံခက် သွားစေရသည်မသိပါ။

ဆောင်းကိုယ်လုံး နွေးနွေးအိအိလေးသည် ဦးဗညားရင်ခွင်ထဲသို့ ရောက်သွားရကာ သူ့မျက်နှာနှင့် ဆောင်းမျက်နှာလှလှလေးသည် တစ်သားတည်း ပူးကပ်ကျရောက်လျက် သူ့နှုတ်ခမ်းအစုံသည် ပွင့်ဖတ်လွှာလေးများလို ရှိနေသော ဆောင်း၏ နီရဲစိုဥနေရသော နှုတ်ခမ်းဖူးဖူးဥဥလေးပေါ်သို့ အချိန်ကြာကြာကြီး ကျရောက်သွားရသည်။

မထင်မှတ်သည့်အဖြစ်မို့ ရုတ်တရက် ဆောင်းသည် ရှက်လန့်မှုတို့ဖြင့် အသက်ရှူများ အမှားမှားအယွင်းယွင်း ဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း…မင်း မင်း ဘာဖြစ်လို့ ငါ့နှလုံးသားကို အခံရခက်စေတဲ့စကားတွေ ပြောရတာလဲဟင်၊ မင်း မင်း ငါကလွဲပြီး ဘယ်သူမှ မချစ်ရဘူးဆိုတာ မင်းမသိဘူးလား။ ငါ့ဘဝ ငါ့နှလုံးသားမှာ မင်းမရှိလို့မဖြစ်ဘူး၊ မင်းကို ငါသိပ်ချစ်တာယ်၊ ချစ်တယ်"

"အို…အို"

ချစ်ဒေါသများ အစွမ်းကုန်ပေါက်ကွဲ နာကျင်ရပြီဖြစ်သော ဗညားသည် ဆောင်းကိုယ်လေးကို မလွှတ်တမ်း တင်းတင်းကြီး ပွေ့ဖက်လျက်က ရင်မှလာသည့် ချစ်အသည်းနာသံကြီးနှင့် နာခံခက်ကြီး ဆိုလိုက်လေသည်။

သူ့အနမ်းတွေကလည်း ဆောင်းမျက်နှာလေးအနှံ့ သည်းသည်းထန်ထန် ကျရောက်နေရသည်မို့ ဆောင်း သူ့ရင်ခွင်ထဲတွင် မွန်းမွန်းကြပ်ကြပ်နှင့် လူက စကားမဆိုနိုင်အောင် ရှိနေရ၏။

သူမအားမလျော့ပေ။

တင်းတင်းကြပ်ကြပ်ကြီး ပွေ့ဖက်ထားသည့် သူ့ရင်ခွင်ထဲမှနေ သူမအားရှိသလောက် တွန်းထိုးရုန်းထွက်လိုက်ရင်း…

"ရှင်…လွှတ်…လွှတ်နော်"





"အဟွန်း…ကိုယ့်မိန်းမကိုယ်ချစ်တာ ဘာဖြစ်လဲကွာ"

"အို…မသိဘူး။ လွှတ်"

"မလွှတ်ဘူး။ မင်းကိုချစ်တယ်၊ ချစ်လွန်းလို့ မင်းကို ပိုင်ဆိုင်ခွင့်ရအောင် ငါဘယ်လောက် ကြိုးစားခဲ့ရလဲ မင်းသိလား"

"ရှင့်ရဲ့ ယုတ်မာပုံ ယုတ်မာနည်းတွေကို ကျွန်မ မသိချင်ဘူး။ လွှတ်…ကျွန်မကိုသာ ရှင်လွှတ်"

ဆောင်းသည် သူပြောသမျှစကားများကို ဘာတစ်ခုမှ နားမထောင်ပါ။ ရှက်ဒေါသ မျက်နှာလှလှလေးနှင့်သာ သူ့ရင်ခွင်ထဲက အတင်းရုန်းထွက်နေလေတော့သည်။

"ကျုပ်ကို ယုတ်မာတယ်၊ ယုတ်မာတယ်လို့ မင်း ခဏခဏ မပြောစမ်းနဲ့ဆောင်း၊ မင်းအပေါ် ကျုပ် ယုတ်မာချင်ရင် အခုကတည်းကရတယ်ဆိုတာ မင်းမသိဘူးလား"

"အို"

သူဘာကိုရည်ရွယ်ပြီး ပြောတာလဲဆိုတာ ဆောင်းသိရတော့ မျက်နှာလှလှလေး တွတ်တွတ်နီမြန်းသွားကာ သူ့ရှေ့ အနေခက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တဝ ကျုပ်နှလုံးသားထဲက အချစ်ဟာ မင်းအတွက် ဖြစ်သလို မင်းနှလုံးသားထဲက အချစ်ဟာလည်း ကျုပ်အတွက်ပဲ ဖြစ်ရမယ် ဆောင်း၊ ဒါကို မင်း ဘာလို့နားမလည်ရတာလဲဟောင်၊ ဘာလို့နားမလည်ရတာလဲ"

အချစ်၏ နက်ရှိုင်းလွန်းသော ဆန်းကြယ်မှုကြောင့် နင့်သည်းစွာ ခံစားရသည့် နှလုံးသား၏ ခံစားမှုကို ဗညားသည် မခံစားနိုင်တော့သလို ဆောင်းမျက်နှာလေးကို ဆွဲမော့ယူရင်းက နင့်သည်းလှိုက်ဖြာသော အသံနှင့် ကြည့်ရင်းက ဆိုလိုက်လေသည်။

"ဆောင်း"

"ရှင့်အသံ မကြားချင်ဘူး၊ ရှင့်ကိုမုန်းတယ်"

"မပြောနဲ့"

"ပြောမယ်၊ ပြောမယ်၊ မုန်းတယ်၊ သိပ်မုန်းတယ်၊ သိပ်မုန်းတယ်၊ အဟင့်...ဟင့်...ဟင့်"

မုန်းပါသည်ဟု ပြောသူက မျက်ရည်များ အတားအဆီးမရှိ ပါးပြင်ထက် မိုးသီးမိုးပေါက်လေးများပမာ ဖြိုင်ဖြိုင်ကျလာသောအခါ ဗညားသည် ဆောင်းအဖြစ်ကို မကြည့်ရက်သဖြင့်



နာကျင်ရသော ရင်အစုံဖြင့် နှုတ်ခမ်းအစုံကို စေ့ပိတ်ကာ ဆောင်းကိုယ်လေးကို သူ့ရင်ခွင်ထဲ ညင်သာစွာ ထွေးပွေ့ယူလိုက်လေသည်။

သို့သော် သူသည် ဆောင်း၏ လှပကျော့ရှင်းသော မျက်နှာလှလှလေးထက် ပါးပြင်နုနုပေါ်တွင် စီးကျနေသော မျက်ရည်ချောင်းလေးကို သူ့မျက်ဝန်းအစုံကြီးကြည့်နေရာမှ သူမပါးပြင်ပေါ်က မျက်ရည်စများကို သူ့ပါးပြင်ချောချောကြီးနှင့် ဖယ်ရှားပွတ်သုတ်ပေးလိုက်ရင်းက...

"ကိုယ့်ကို မင်း တကယ်ပဲ သိပ်မုန်းနေတယ်ဆိုတာ ကိုယ်သိလိုက်ပါပြီ ဆောင်း၊ အဲဒီအတွက် မင်းကို ကိုယ် အရှုံးပေးလိုက်ပါပြီဗျာ၊ အားလုံး မင်းစိတ်ကြိုက်၊ မင်းသဘောသာ လုပ်ပါတော့၊ ကိုယ် ကိုယ် မင်းဆန္ဒတွေကို မတားတော့ပါဘူး"

ချစ်သူလေး စိတ်ချမ်းသာမည်ဆိုပါလျှင် သူဘယ်လောက် ရင်မှာ နင့်သည်းစွာ ခံစားရပါစေ ချစ်သူ့အတွက် သူ့နှလုံးသားကို စတေးခံဝံ့သည်မို့ ဗညားသည် ဆောင်း ကိုယ်လေး နောက်ဆုံး တစ်ချက် တင်းခနဲ ဖျစ်ညှစ်လိုက်ရင်းက ဆောင်းပါးပြင်ထက် အနမ်းတစ်ပွင့် ခြွေချရင်း သူမကိုယ် နွေးနွေးအိအိလေးကို သူ့ရင်ခွင်

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကြီးထဲမှာ အသာအယာ ဖြေလွှတ်ပေးသလို သူကိုယ်တိုင်က လည်း ရင်ဝယ်ခံစားရရှု၊ စိတ်သိရိုက်မှု အဖုံဖုံတို့ကြောင့် အခန်းထဲမှ နေ ခြေလှမ်းကျဲကြီးဖြင့် လှည့်ထွက်သွားသည်မှာ နောက်ကိုပင် တစ်ချက်လေးမှ လှည့်မကြည့်တော့ပြီ မဟုတ်ပါလား။

◈ ◈ ◈

## အခန်း (၄)

ချက်စီချက်နှာပျက်ပျက်နှင့် ယခုတလော စိတ်အညစ်ကြီး ညစ်နေရသူက ဆောင်းဖြစ်လေသည်။

ဦးဗညား ခုတစ်လောမှာ ဘာပုံစံ ဘာအချိုးချိုးနေသည် မသိပါ။

သူမကို ကျောင်းပို့ကျောင်းကြို လုပ်ပြီးသည်နှင့် သူသည် တစ်နေကုန် အိမ်မှာမကပ်တော့သလို မိုးလင်းကမိုးချုပ် ထွက်သွား တတ်သည်မှာလည်း ညဉ့်နက်မှ ပြန်လာတတ်လာသည်။

ပြန်လာသည်မှာလည်း ရိုးရိုးပြန်လာသည်မဟုတ်ပါ။ မူးရက်တွေမူးအောင် သောက်လာသည်ကလည်း တစ်ရက်မဟုတ် ရက်များပင်ဆက်ကာ လသို့ပင် ရောက်လုနီးပါးရှိသည်မို့ ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



သည် သူ့အပြုအမူကို အံ့သြရရှုနှင့်အတူ စိတ်ဝင်စားလည်း ညစ်လာရ ပြီဖြစ်သည်။

သူ ဘာဖြစ်လို့များ ညစဉ်ရက်ဆက် အရက်တွေကို ဒီလို သောက်လာရသည်မသိပါ။

မလွဲသာ၍ ညနေဆည့်ခံပွဲများကို ဦးဗညားသည် တစ်ခါ တစ်ရံ အရက်သောက်လာသည်ကလွဲလို့ ဦးဗညားသည် အရက် သောက်တတ်သူ တစ်ယောက် မဟုတ်တာကို ဆောင်းသိပါသည်။

သိ၍လည်း အံ့သြနေရခြင်း ဖြစ်သည်။ သူ ဒီလိုအရက် သောက်တာမျိုး ဆောင်း မမြင်ဖူး မတွေ့ဘူးပါ။

ဦးဗညားသည် စော်ရှုံနှင့်လည်း အရက်ကိုသောက်တတ် သူမဟုတ်။

ထိုသို့ အရက်မသောက်တတ်သည့်လူက အခုတော့ ညစဉ်လိုလို အရက်တွေသောက်လာသည်မှာ အံ့သြစရာကောင်းနေ ရလေသည်။

ပြောရမည်ဆိုလျှင် သူ ထိုသို့ အရက်တွေသောက်လာ တတ်သည်မှာ သူမနှင့် စကားများပြီးကတည်းက ဖြစ်သည်။



တကယ်တော့ ဆောင်းသည် ဦးဗညား ယခုလို အရက် တွေသောက်နေသည်ကို သူမ နည်းနည်းလေးမှ မကြိုက်ပါ။

ကြိုက်၍ မသောက်ပါနှင့်လို့လည်း ဆောင်းသည် သူ့ကို မပြောချင်ပါ။

ပြောလိုက်လို့ သူမစကားကို နားဆောင်လျှင် တော်ရဲ့။ နားမဆောင်ဘဲ သူမကို စိတ်တိုတိုနှင့် ပို၍အရွဲ့တိုက်လျှင် ဆောင်း ပို၍စိတ်ညစ်ရမည်ဖြစ်သလို သူနှင့်သူမသည်လည်း ဒီထက် ပြဿနာ ဖြစ်ရတော့မည်ဖြစ်သည်။

ထိုအဖြစ်မျိုးကိုလည်း ဆောင်းမလိုလားတော့။ ရှင်းရှင်း ပြောရလျှင် ဆောင်းသည် ဦးဗညားနှင့်ထပ်၍ စကားမများချင်တော့ ပြီဖြစ်သည်။

စကားမများချင်၍ သူ့ကို ဒီအတိုင်းလွှတ်ထားပြန်လို့က လည်း သူ ဒီပုံစံအတိုင်း အရက်တွေ ညစဉ်ရက်ဆက်သောက်နေပုံ နှင့် ကြာလျှင် အရက်သမားလုံးလုံး ဖြစ်သွားတော့မည့်အဖြစ်။

ဦးဗညား အခုလို အရက်တွေသောက်နေသည်ကို ဆောင်း မပြောချင်၍ ဦးဗညား၏ မိခင် အန်တီခိုင်ကို ပြောခိုင်းဖို့ရာကလည်း

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပြန်သေး။

ဦးဗညား ယခုလို အရက်တွေ ညစဉ်ရက်ဆက် သောက်နေသည့်အဖြစ်ကို အန့်တီခိုင် သိသွားပါက သူသား ဘာကြောင်သည်လို အရက်တွေသောက်နေရသည်ကို အန့်တီခိုင် စုံစမ်းပေတော့မည်။

ဆောင်းနှင့် ဦးဗညားတို့၏ မပြေလည်သည့် အိမ်ထောင်ရေးကို ဦးဗညား၏မိခင် အန့်တီခိုင်သည် သိသွားပေလိမ့်မည်။

သိတာက အကြောင်းမဟုတ်ပေမယ့် သူသား ယခုလိုဖြစ်ရခြင်းသည် ဆောင်းကြောင့် ဖြစ်ရသည်ဆိုတာကိုတော့ သူအပြောမခံနိုင်၊ အဖြစ်မခံနိုင်ပါ။

စကတည်းကိုက ဦးဗညားနှင့် ဆောင်းဆိုတာတစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆုံလို့မရ။ တည့်ကြတွေမဟုတ်ဆိုတာ အန့်တီခိုင် သိပါသော်လည်း အခုလို လက်ထပြီးသည့်အချိန်မှာတော့ အန့်တီခိုင်သည်လည်း ဦးဗညားနှင့် ဆော၏ နှစ်ဦးသားဆက်ဆံရေးကို အခြေအနေ ဒီလောက်ထိ တင်းဆိုးဝါးလိမ့်မည်လို့ ထင်မည်မဟုတ်ပါ။



ဦးဗညားနှင့် ဆောင်းတို့၏ အိမ်ထောင်သက်လေးမှာလည်း ဘာလိုလိုနှင့် ကြာလာရပြီဖြစ်၍ သူတို့နှစ်ဦး၏ ဆက်ဆံရေးအခြေအနေကို လူကြီးများအနေနဲ့ကတော့ ဘာပဲပြောပြော အဆင်ပြေနေမည်လို့ ထင်ပါလိမ့်မည်။

ထိုသို့ထင်အောင်လည်း ဆောင်းနှင့် ဦးဗညားသည် နှစ်ဦးလုံး သူတို့နှစ်ဦး၏ အိမ်ထောင်ရေးအခြေအနေမှန်ကို မိဘများအား မသိစေရအောင် ဟန်ဆောင်ကောင်းကောင်းနှင့် ဖုံးဖိထားနိုင်သူများဖြစ်သည်။

ဒါကြောင့်လည်း နှစ်ဖက်မိဘ လူကြီးများသည် ဦးဗညားနှင့် ဆောင်းတို့၏ အိမ်ထောင်ရေးကို သာယာနေသည်လို့သာ ထင်ခဲ့သည်။

ထင်သည့်အတိုင်းလည်း နေခဲ့သမျှ အခုမှ သူတို့နှစ်ဦး၏ အိမ်ထောင်ရေးအခြေအနေကို မိဘများ သိသွားမည်ဆိုပါက နှစ်ဖက်မိဘများ စိတ်ကောင်းမည်မဟုတ်ပါ။

တကယ်တော့ ခုလိုပြဿနာများ ဖြစ်ရခြင်း၏ တရားခံသည် ဦးဗညားကြောင့်သာ ဖြစ်ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးဗညားသာ သူမကို လက်မထပ်ခဲ့ပါလျှင် ဒါမှမဟုတ် သူမအချစ်ကိုသာ သူသည် အရင်တောင်းခံခဲ့လျှင် အခုလိုအဖြစ်များလည်း ဖြစ်လာလိမ့်မည် မဟုတ်ပါ။

အချစ်မပါသည့် မိန်းမတစ်ယောက်ကို ဇွတ်တိုးလက်ထပ်ခဲ့သည့် ဦးဗညားအနေနှင့် သူ့အပြစ်နှင့်သူ အနည်းဆုံးတော့ ထိုသို့ခံစားသင့်သည်ပဲလေ။

သူ ဒီလိုခံစားရတာကို ဆောင်း ကျေနပ်ပါသည်။ ဖြစ်နိုင်လျှင် သူမအနေနှင့် သူ့ကို ဒီထက်မက ပို၍ခံစားစေချင်ပါသည်။

အရာရာကို သူ့သဘော၊ သူ့ဆန္ဒနှင့် ဇွတ်တိုးအနိုင်ယူချင်သော ဦးဗညားကို ဆောင်း နည်းနည်းလေးမှ ကြည့်မရခဲ့ပါ။

ယခုဖြစ်ရသည့် ပြဿနာလည်း ကြည့်။

သူမကို ကိုနိုင်နှင့် အထင်လွဲကာ သူထင်ရာခြင်ရာတွေနှင့် သူမသိက္ခာကို စော်ကားသွားပုံက သူမ ဘယ်လောက်အခံရခက်သည်မှတ်လဲ။

ဆောင်းဆိုတာ သူ့ကို ဘယ်လိုပဲမုန်းနေပါစေ ကိုယ်လက်ထပ်ထားသည့် ယောကျ်ားအပေါ်မှာတော့ ဘယ်တော့မှ သစ္စာဖောက်လိမ့်မည် မဟုတ်ပါ။

သူ့အပြုအမူများကို သည်းမခံနိုင်လျှင် ဆောင်း သူ့ကို ကွာရှင်းပစ်လိုက်မည်။ မိန်းကလေးတစ်ယောက်အနေနှင့်ကတော့ မိန်းမကောင်းပီသစွာ ဆောင်းသည် သူမဘယ်တာစပြီး ဘယ်တော့မှ သစ္စာဖောက်ရန် ကြိုးစားလိမ့်မည် မဟုတ်ပါ။

ထိုအတွေးများလည်း ဆောင်းစိတ်ကူးထဲတွင် မရှိ။ ဆောင်းဆိုသည့် သူမသည် သစ္စာတရားကို မြတ်နိုးသူဖြစ်သည်။

ဒါကို ဦးဗညားက နားမလည်။ သူမသဘောထားကို မသိပါဘဲ သူ့ကို တမင် အခံရခက်စေရုံသက်သက် ကိုနိုင်နှင့် သူ့ရှေ့တွင် တရင်းတနှီးနေပြကာ အရွဲ့တိုက်ခဲ့သည့်အဖြစ်ကို ဦးဗညားသည် နောလိုဝန်တိုမှုများနှင့် သူမအပေါ် အထင်လွဲသွားကာ သူမအပေါ် သူစိတ်ထင်ရာ ပြောသွားသည်မို့ ဆောင်း သူ့အပေါ် ပို၍ပင် မုန်းသွားရလေသည်။

ထိုအမုန်းခံစိတ်နှင့် သူ အရက်တွေသောက်နေသည်ကို သိပါရက်နှင့် ဆောင်းသည် မသိဟန်ပြုကာ သူ့အား တစ်ချက်ကလေးမှ မတားခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ထိုသို့မတားလေ သူသည် ပို၍ အရွဲ့တိုက်ကာ သောက်ပြလေမို့ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး အရွဲ့တိုက် စိန်ခေါ်မှုများဖြင့် အခြေအနေ တင်းမာနေရတော့သည်။

အခြေအနေ ဘယ်လောက်ပဲ တင်းမာနေပါစေ နူးညံ့ သိမ်မွေ့သော မိခင်ဆန်သော စိတ်ဓာတ်ရှိသည့် မိန်းကလေးပီပီ ဆောင်းသည် သူမကြည့်မရပါ၊ မုန်းပါသည်ဟု စိတ်မှာ တွင်တွင် ဆိုနေသော ဦးဗညားအပေါ် ရိုးရိုးစိတ်လေးတော့ ဖြစ်မိလာရသည်။

သူ ဒီလိုလုပ်ပုံနှင့် အရက်ကိုသောက်နေပါက ကြာလျှင် အရက်သမားကြီးလုံးလုံး သူဖြစ်ပေတော့မည်။

ဒီလိုတော့လည်း ဆောင်းသည် သူ့ကို အဖြစ်မခံနိုင်ပါ။

ဒါဖြင့် ဆောင်းသည် သူ့ကို အရက်မသောက်တော့ဖို့ ဘယ်လို တားရမည်လား။

ဟင့်အင်း ဒီလိုလည်း မဟုတ်သေး။

သူမ ဒီလိုပြောလိုက်တာနှင့် ဦးဗညားသည် သူ့ကို သူမ ဂရုစိုက်တယ်လို့ ထင်သွားမှာဖြင့် အခက်။

ဒါဖြင့် ဆောင်းသည် ဦးဗညားကို အရက်မသောက်ရန်



ဘယ်လိုတားရမည်တဲ့လဲ။

ဟင်း…စိတ်ညစ်လိုက်တာနော်။

ဆောင်းမှာ စိတ်မှာ ရှုပ်ထွေးနောက်ကျိသွားရသည့်ဟန် သက်ပြင်းလေး ချလိုက်မိသည်။

တကယ်တော့ ဦးဗညားနှင့် ဆောင်းသည် အသွင်တူ၍ အိမ်သူဖြစ်သည်လို့များ ပြောရမည်လားမသိပါ။

ဘာမဟုတ်တာလေးနှင့် နှစ်ဦးသား တစ်ဦးအပေါ်တစ်ဦး ဟန့်တားနေသည်ကတော့ နှစ်ယောက်လုံးအတူတူပင် ဖြစ်လေသည်။

ယခုလည်း ဆောင်းသည် ဦးဗညားအပေါ် စိုးရိမ်စိတ်ဖြစ်မိရသေမယ့် ထိုစိုးရိမ်စိတ်ကို နှုတ်ကဖွင့်ပြောတားဆီးဖို့ကျတော့လည်း ဟန်ခံကာ ဝန်လေးရသည့်အဖြစ်။

မပြောဘဲနှင့် ဒီအတိုင်း ထားလိုက်ရအောင်ကလည်း ဦးဗညား ဒီထက်ပို၍ပျက်စီးသွားမှာကို ဆောင်း မလိုလား။

အင်း…ခက်ပြီ။

ခုမှ အခက်ကြီးခက်ရပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းတစ်ယောက် ဦးဇည်ားအကြောင်း စဉ်းစားရင်းက သူမအကြည့်လေးများက စားပွဲတင်နာရီလက်တံလေးပေါ်သို့ အကြည့်များ ရောက်ရှိသွားရသည်။

"ဟင်"

ကြည့်စမ်း ညဆယ်နာရီတောင် ထိုးနေပါရောလား။ သူ သူ ခုချိန်ထိ ပြန်မလာသေးဘူး။ အိမ်မှာ ငါတစ်ယောက်တည်း ရှိတယ်ဆိုတာ သိရက်နဲ့ သူမို့ ငါ့ကို အိမ်ကြီးမှာ တစ်ယောက်တည်း စိတ်ချလက်ချ ထားရက်တယ်၊ မဖြစ်ဘူး။ မဖြစ်ဘူး သူဒီလိုလုပ်နေ ပုံကို ကြာရင် ငါသည်းမခံနိုင်တော့ဘူး၊ သူပြန်လာတာကို စောင့်ပြီး ငါ သူနဲ့ ဒီညတော့ အပြတ်စာရင်းရှင်းရမယ်။

ဆောင်းတစ်ယောက် ဦးဇည်ားအပေါ် ဒေါသများဖြစ်ရ လွန်းသည်မို့ ဒေါသများဖြင့် ဘယ်လိုမှ အိပ်မရဘဲ အခန်းလေးထဲ တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်းက သူနှင့်ပြောရမည့် စကားများကို စဉ်းစားနေတော့သည်။

အချိန်လေးတွေသာ ကြာသွားပါသည်။ ဦးဇည်ား တစ်ယောက်ကတော့ဖြင့် ပေါ်မလာသေးပါ။ ဆောင်းမှာလည်း



ဦးဇည်ား ပြန်လာရင် အပြတ်ပြောပစ်မည်ဟူသော ဒေါသအတွေး လေးနှင့် အားခဲထားသမျှ အချိန်နာရီလေးတွေသာ ကုန်ဆုံးသွား သည်။ သူမစောင့်နေသည့် ဦးဇည်ားက ပေါ်မလာသည့်အခါမှာ တော့ သူ့အပေါ် ပြောရန်ပြင်ထားသည့် ဒေါသစိတ်လေးများက ဖြည်းဖြည်းပျောက်ကွယ်လာရသလို လူကလည်း အိပ်ရာထက် ... ခအာဆိုပြီး ဝင်လှဲလိုက်သည်မှာ နောက်ဆုံး မျက်ခွံလေးများ တဖြည်းဖြည်း လေးလံလာတော မျက်ဝန်းလေးအစုံ မှိတ်ကျသွားရ သည်အထိ ဖြစ်သည်။

ဆောင်းတစ်ယောက် အချိန်ဘယ်လောက်ကြာကြာလေး အိပ်ပျော်တတ်ရသည်မသိပါ။

"ဂွမ်း"ခနဲဟူသော ပစ္စည်းတစ်ခု၏ ပြုတ်ကျသံကြောင့် ... ကြိုက်ကြိုက်လေး အိပ်ပျော်နေရသော ဆောင်းမှာ မျက်ဝန်းလေး များ ဖျတ်ခနဲ ပွင့်လာရသည်အထိ လူက လန့်နိုးသွားရသည်။

"ဟင်"

ဘာသံပါလိမ့်။

အစတွေးနှင့်အတူ ဆောင်းသည် အိပ်ရာမှ ဆတ်ခနဲထလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အသံကြားရာ အောက်ထပ်ဆီသို့ ဆင်းလာခဲ့လိုက်သည်။

လှေကားထစ်များကို နင်းဖြတ်ဆင်းလာရင်းကလည်း ဆောင်းသည် သူမတစ်ယောက်တည်းရှိခိုက် အိမ်ကို သူခိုးများကပ်သည်လားဆိုသည့် အတွေးက ဝင်လာရလေသည်။

ထိုအတွေးကြောင့်လည်း ဆောင်းသည် အသံကြားရာ မီးဖိုခန်းဆီသို့ မဝံ့မရဲလေး တိုးကပ်ကြည့်လိုက်တော့···

"ဘုရားရေ"

ဦးဗညားပါလား။

သူ ဘယ်အချိန်ကများ ပြန်ရောက်နေတာပါလိမ့်။ ကြည့်စမ်းပါဦး စားပွဲပေါ်မှာ အရက်ပုလင်းကြီးနဲ့။ ဒါ့အပြင် သူသောက်လာလို့ မဝသေးတဲ့ပုံ။ ဟွန့် ဒေါသဖြစ်ဖို့ကောင်းလိုက်တာနော်။ သူ့ကိုယ်သူ တကယ့်အရက်သမားကြီးပုံ ဖမ်းနေပုံက အသည်းယားစရာပါလား။

အရက်ပုလင်းကြီးက ရှေ့ချထား ကိုယ်ကို နောက်မှီလျှက် ရိဝေစူးရှသော မျက်ဝန်းများကို မှေးစင်းလျက် စီးကရက်ဖွာရှိုက်နေသည့် ဦးဗညားကိုကြည့်ပြီး ဆောင်း ဒေါသတွေ ဖြစ်လွန်းမက



ဖြစ်လာရတော့သည်။

ဒီကတော့ဖြင့် သူ့ကိုပြောရန် စကားတွေနှင့် စောင့်နေသမျှ သူ့ကတော့ ဘယ်အချိန့်ပြန်လာသည်မသိပါ။ ပြန်လာပြန်တော့လည်း အပြင်တွင် သောက်လာသည်မကာ အရက်ပုလင်းကပါ ပါလာသေးသည်မို့ ဆောင်း ဒေါသတွေဖြစ်ရသည်ပေါ့။

တွေ့မယ်···တွေ့မယ်။

ရှင့်ကိုယ်ရှင် တကယ့်အရက်သမားကြီးပုံ လုပ်နေတဲ့ ဦးဗညား။ ရှင် ကျွန်မနဲ့ ကောင်းကောင်းကြီးတွေ့မယ်။

ဒေါသတွေနှင့် ဆောင်းသည် ဦးဗညားအား စိတ်မှာကျိတ်ကာ ရန်တွေ့ရင်းက သူမကိုယ်လေးသည် ဦးဗညားအနားသို့ ဒေါသတွေနှင့် ရုတ်ခြည်းရောက်ရှိသွားရပြီး···

"ရှင် ဒါ ဘာပုံစံလုပ်နေတာလဲ ဦးဗညား"

"ဟင်"

ဆောင်းကို တွေ့လိုက်ရ၍ ဗညားသည် အံ့သြသွားရသည်။

"ဆောင်း မင်း ဒီအချိန်ထိ မအိပ်သေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



“ဒီမယ် ရှင် ဘာမှအပိုတွေ မေးမနေနဲ့ ဦးဗညား၊ ရှင် ကျွန်မမေးတာကိုသာ ဖြေ”

“ကျုပ်က ဘာကိုဖြေရမှာလဲ”

သူ့ထံက စကားသံ ခပ်လေးလေးကြီးက တစ်လုံးချင်း ထွက်လာရသည်။

ထောင်းခနဲ ထွက်လာရသည့် သူ့ထံက အရက်နံ့များ ကြောင့်လည်း ဆောင်းသည် နှာခေါင်းလေးရှုံ့၊ မျက်နှာလေးမဲ့သွား ရပြီး...

“ရှင့်ဟာက မလွန်လွန်းဘူးလားဟင်၊ အရက်ကို အပြင် မှာတင် သောက်လာရုံမကဘူး ခု အိမ်ထဲကိုပါ အရက်ပုလင်းယူ လာတဲ့အထိ ဖြစ်လာတာက ကျွန်မကို ရှင် ဂရုမစိုက်တဲ့သဘော လား ဦးဗညား”

“ဘာဆိုင်လဲ၊ ကျုပ် အရက်ပုလင်း အိမ်ယူလာတာနဲ့ မင်းကို ဂရုမစိုက်တာ တခြားစီ၊ ဘာမှမဆိုင်ဘူး”

ကြည့်စမ်း သူ အရက်ကို ဘယ်လောက်များ သောက် ထားသည်မသိပါ။ ထိုစကားပြောရသည်ကိုပင် အာလေးလျှာလေး



အသံကြီးနှင့် စကားကို မနည်းပြောနေရသည်။

ဆောင်းမှာ သူ့ကိုကြည့်ပြီး စိတ်ပျက်သွားရသည်။ သူမ သိသည့် ဦးဗညားဆိုတာ ဒီလိုပုံစံမှ မဟုတ်ဘဲလေ။

အခြံတမ်း ဖျတ်လတ်တက်ကြွသော အသွင်တည်တည်နှင့် သူမသိသည့် ဦးဗညားသည် ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်အဝ ရှိသူတစ်ယောက်ဖြစ်သည်။

ယခုတော့ ဒါတွေနှင့် ဆန့်ကျင်ဘက် ဦးဗညားပုံစံက အရက်တွေသောက်ထားသဖြင့် ခေသင်မရပ်ပုံနှင့် မျက်ဝန်းများ ရီဝေနေပုံကလည်း တကယ့်ကို အရက်သမားကြီးတစ်ယောက်ပုံစံ။

ဦးဗညားကို ထိုပုံစံနှင့် မြင်ရလေလေ ဆောင်းသည် ရင်နာမှုနှင့်အတူ ဒေါသလေးများ ဖြစ်လာရလေလေမို့

“ရှင်...ရှင် ဘာဖြစ်လို့ အရက်တွေကို ဒီလောက် သောက်နေရတာလဲ ဦးဗညား၊ ရှင့်ရဲ့ ဒီပုံစံကို အန်တီခိုင်မြင်ရင် ဘယ်လောက်စိတ်ဆင်းရဲလိမ့်မလဲ၊ နေပါဦး ရှင့်မှာ ဘာတွေစိတ်ညစ် စရာရှိနေလို့ အရက်ကို ဒီလောက်သောက်နေရတာလဲ၊ စိတ်ညစ်တာ အကြောင်းပြပြီး အရက်သောက်တာဟာ ယောကျ်ားကောင်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ရဲ့ အလုပ်မဟုတ်ဘူးသိလား"

မပြောပါဘူးဟု ခုံးဖြတ်ထားသည့်ကြားက ဦးဗညားကို မြင်ရပြန်တော့လည်း သူ့ပုံစံကိုကြည့်ပြီး မပြောဘဲမနေနိုင် ဖြစ်လာရသည်မို့ ဆောင်းနှုတ်မှ ထိုစကားသည် မရည်ရွယ်ဘဲ ပြောဖြစ်သွားရသည်။

"အဟွန်း…ဟွန်း…မင်းမှ အမေးကောင်း၊ အပြောကောင်းပါလား ဆောင်း၊ ကျုပ် ဘာကြောင့် အရက်သောက်ရလဲဆိုတာ မင်း သိပ်သိချင်လား၊ ကျုပ် အရက်သောက်ရတာ မင်းကြောင့်ပဲ ဆောင်း၊ မင်းကြောင့်ပဲ"

"ဘာဆိုင်လဲ"

"အဟွန်း…ဆိုင်ပါရောဗျာ ကျုပ်က မင်းကို သိပ်ချစ်သလောက် မင်းက မင်းအကောင်နဲ့ သိပ်ပျော်နေတာကို ကျုပ် ဒီအတိုင်း ကြည့်မနေနိုင်ဘူး"

"ရှင်နော်…မမိုက်ရိုင်းနဲ့၊ ဘာမင်းအကောင်လဲ"

"ကိုနိုင်က မင်းအကောင်မဟုတ်ဘူးလား၊ ဘာလဲ မင်းက မင်းလူကိုထိတော့ သိပ်နာတတ်နေပြီပေါ့လေ၊ ဟုတ်လား"



အရက်မူးတော့ ဦးဗညားသည် ပြောသင့်မပြောသင့် ခွဲခြားနိုင်တော့ပါ။ မူးမူးနှင့် သူထင်တာတွေ လျှောက်ပြောနေပုံက စိတ်ညစ်စရာ။

ဒေါသလည်း ဖြစ်စရာလို့ ဆောင်း နှုတ်ခမ်းလေးကို ကိုက်လိုက်ပြီး…

"ရှင်ထင်ရာတွေ လျှောက်မပြောနဲ့နော် ဦးဗညား"

"ဘာ ကျုပ်ထင်ရာတွေ လျှောက်မပြောနဲ့ ဟုတ်လား၊ ကိုနိုင်က မင်းအကောင်ဆိုကွ"

ရော…ဒီလူတော့ တဆိတ်လွန်လွန်းနေရပြီဖြစ်သည်။

ကိုနိုင်နှင့် သူမကို တစ်ခါတွဲမြင်ရရုံနှင့် ကိုနိုင်ကို သူမ ချစ်သူတစ်ယောက်လို့ ထင်မှတ်ပုံကတော့ လွန်နေရပြီဖြစ်သည်။

တကယ်တော့ ကိုနိုင်နှင့် သူမဆိုတာ တစ်ယောက်ကို တစ်ယောက် ဘယ်လိုမှ မပတ်သက်။

သူငယ်ချင်းအဖြစ်နဲ့သာ တစ်ဦးနှင့်တစ်ဦး ခင်မင်ကြသည့် အဖြစ်ကိုလည်း ဆောင်း သူ့အား ဘာမှဖြေရှင်းမပြချင်တော့။

သူစိတ်ထင်ရာ ထင်စမ်းပါစေတော့ဆိုသည့် စိတ်အတွေး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆောင်းသည် သူ့အား အစ္ဆဲ့တိုက်ချင်လာရကာ…

"ဟုတ်တယ်လေ ရှင်ထင်တာတွေ အကုန်ဟုတ်တယ်၊ ဒီတော့ ရှင်ဘာလုပ်မလဲ၊ ကျွန်မကို ကွာရှင်းမလား"

"ဘာ"

"မင်းဘာပြောတယ် ဆောင်း၊ မင်းကို ကွာရှင်းမလဲ ဟုတ်လား"

"ဟုတ်တယ်လေ ရှင့်ကိုယ်ရှင် အခုလို အရက်သမားဖြစ် လုံးလုံးဖြစ်အောင် ဖျက်နေမယ့်အစား ရှင် ကျွန်မကို ကွာရှင်းလိုက်တာက ပိုမကောင်းဘူးလား"

"တော်စမ်း ဆောင်း၊ ခင်း မင်း ငါ့ကို ဒီစကားမျိုး မပြောစမ်းနဲ့၊ မင်းကို ငါ လက်ထပ်ထားတာ ကွာရှင်းဖို့မဟုတ်ဘူး ကွ၊ ဒါကို မင်းနားလည်ရဲ့လား"

ဗညားသည် ထိုစကားကို မျက်နှာတည်တည်ကြီးဖြင့် ပြောရင်းက သူ့ရင်အစုံသည် နာကျင်လာရသည်။

ဆောင်းသည် သူ့အချစ်ကို နားမလည်ရုံတင်မက သူ့ သည် သူ့ဘဝထဲက ထွက်ခွာရန် ကြိုးစားနေသူပါလားဆိုသ



အသိကလည်း သူ့စိတ်နှလုံးများကို များစွာနာကျင်ထိခိုက်စေရသည်။

ထို့ကြောင့်လည်း ဗညားသည် နာကျင်ရသော နှလုံးသားဖြင့် ဆောင်းကို ရီဝေစွာကြည့်ပြီး…

"မင်းက ကျုပ်ဘဝထဲက ထွက်သွားဖို့တောင် စဉ်းစားထားပြီးပြီကိုး၊ အပွန်း တောင်းပါတယ်ဗျာ သိပ်ကောင်းပါတယ်၊ ဒါမှလည်း မင်းအကောင်နဲ့ အမြန်ဆုံး ရွှေလက်တွဲပျော်နိုင်ကြမှာကိုး၊ ဒီတော့ ကျုပ်ကိုထားခဲ့ဖို့ မင်းစဉ်းစားနေပြီပေါ့"

"ရှင်"

သူ့စကားသည် ဆောင်းကို သည်းမခံချင်စရာဖြစ်သွားရပေမယ့် ဆောင်းသည် သူ့ကို ဘာမှပြန်မပြောမနေတော့ပါ။

ရုတ်ခြည်း ပြန်ပြောရန်ပြင်နေသည့် သူမနှုတ်ခမ်းလေးကိုပင် သူမ အမြန်ပိတ်နှုတ်ဆိတ်နေလိုက်ပြီး အရက်မူးနေသည့်သူနှင့် ပြိုင်မပြောချင်သည်မို့ သူ့အနားကနေ ဆောင်းသည် ချာခနဲ လှည့်ထွက်လိုက်ပေမယ့် အချိန်မမီတော့ပါ။

လျှင်မြန်လှသော သူ့လက်အစုံက ဆောင်းကိုယ်လေးကို

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့က ထွက်မသွားအောင် ဖမ်းဆွဲထားလိုက်သည်မို့ ဆောင်း မျက်ဝန်းလေး ပြူးသွားရသည်။

"ဟင်…ရှင်နော်"

"လွှတ်"

သူ့လက်ထဲက ဆောင်းသည် သူမကိုယ်လေးကို ဆောင့် ရုန်းလိုက်လေသည်။

သို့သော်…ဆောင်းကိုယ်လေးက သူ့လက်ထဲက မလွှတ်ပါ။ မြဲမြဲလွှန်းသည့် သူ့လက်အစုံ၏ တင်းကြပ်စွာ ဖက်တွယ်မှု အောက်မှာ ဆောင်း ရုန်းထွက်မရအောင် ဖြစ်နေရသည်။

"လွှတ်ဆို…ရှင်နော်"

"လွှတ်ပါ"

"မလွှတ်ဘူး၊ မင်း ကျုပ်အနားက မသွားရဘူး၊ သွားချင် လည်း မပြန်နိုင်ဘူး၊ မင်းကို ကျုပ် ကျုပ် သိပ်ချစ်တယ်"

လာပြန်ပြီ ဒီစကား။

သူ သူမကို ချစ်နေတာ ဆောင်း သိပါသည်။ သိအောင် လည်း ဦးဗညားသည် သူမကို အကြိမ်ကြိမ်ပြောခဲ့ပြီးပြီဖြစ်သည်။



ဦးဗညား ဘယ်လိုပင် ချစ်စကားဆိုလာပါစေ ဆောင်းက တော့ သူ့အချစ်ကို နည်းနည်းလေးမှ အသိအမှတ်မပြုသလို တုန့်လည်းမတုန့်လှုပ်ခဲ့ပါ။

သူမရင်ထဲမှာ သူ့အပေါ် မကျေနပ်စိတ်နှင့်အတူ အမုန်း စိတ်များ ရှိနေသည်မို့ ဆောင်းသည် သူ့ရင်ထဲက အချစ်ဆိုတာကို နည်းနည်းလေးမှ ထည့်မစဉ်းစားပေးခဲ့ခြင်းဖြစ်သည်။

"ဆောင်းရယ် ချစ်တယ်"

"အို"

လှိုက်မောတိုးလျှည်းနှင့်အတူ သူ့မျက်နှာက ဆောင်းမျက်နှာ လှလှလေးနား ငဲကပ်လာတော့ ဆောင်းသည် သူမမျက်နှာလေးကို ဘေးသို့ ရှောင်လွှဲလိုက်ရင်းက…

"ရှင် သွား"

သူ့ကိုယ်ကြီး သူမလက်လေးအစုံနှင့် ခပ်ကြမ်းကြမ်း တွန်းထုတ်ပစ်လိုက်ပေမယ့် ဦးဗညားကိုယ်ကြီးက နေရာမှ မရွေ့ ပါပေ။

ထိုအခါ မျက်နှာလေးမှဲ့ကာ အခက်တွေ့စိတ်ညစ်သွားရသူ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဖြစ်သည်။

ဆောင်းသည် သူ့လက်ထဲက ဘယ်လိုပင် လွတ်မြောက်အောင် ကြိုးစားပါသော်လည်း မရသည့်အခါ အကြံရခက် မျက်နှာလေးနှင့် ခေါ်ချေးလေးများ ပြန်လာရသည်။

"ဆောင်း မင်း ကိုယ့်ကိုခွဲမသွားဘူး မဟုတ်လား၊ ပြောစမ်းပါ၊ မင်း ကိုယ့်ကို ခွဲမသွားပါဘူးဆိုဟာ"

"ဦးဗညား ရှင်နော် ဘာတွေပြောနေတာလဲ လွှတ်စမ်းပါ"

"မလွှတ်ဘူး...မလွှတ်ဘူး၊ မင်းကို ကိုယ်လွှတ်လိုက်ရင် မင်းကိုယ့်ကို ပြစ်သွားမှာ ကိုယ်သိတယ်၊ မင်း မင်း ကိုယ့်ကို ပစ်မသွားဘူး၊ မသွားရဘူး"

"အလို...ဘုရားရေ့ ရှင်နော် ဦးဗညား၊ အို...ဘယ်လိုဖြစ်နေတာလဲဆိုဘာ ရှင်...ကဲ"

"အား"

ဘယ်လိုပင် ကြိုးစားရုန်းထွက်ပါသော်လည်း သူမ၏ ရုန်းထွက်နေမှုများက အချည်းနှီးဖြစ်လာသောအခါ ဆောင်းသည်



...ာ်မရှည်တော့သလို နှုတ်ခမ်းလေးကို ဖိကိုက်လျက်က ဦးဗညား ...ါ အမူးလွန်နေသည့် ကိုယ်ကြီးကို သူမလက်လေးအစုံနှင့် ...းလေးထည့်ကာ တအားတွန်းထုတ်လိုက်သည်မို့ ဗညားကိုယ် ...ကြီးမှာ ဟာနဲ့ချက်ချက်ကာ လဲသွားရလေသည်။

လဲသွားသည်မှာ တော်တော်နှင့် ထမလာပါတော့။

ဆောင်းသည် အစကတော့ ဦးဗညားကို စိတ်တိုတိုဒေါသ ...ဖြစ်နှင့်မို့ သူ့ကို ဒီအတိုင်းထားကာ ထွက်သွားဖို့ ပြင်လိုက်ပါ ...းသည်။

နူးညံ့သည့်စိတ်ထားနှင့် သူမူးနေပါလားဆိုသော သနား ...ည့် အတွေးစိတ်က ဝင်လာရတော့ ဆောင်းသည် ဦးဗညားကို ...တိုင်း မထားရက်ဘဲ ဖြစ်သွားရပြန်သည်။

ထို့ကြောင့် ဆောင်းသည် ဦးဗညားအနားတွင် ဒူးလေး ...ာက်ကာ ထိုင်လိုက်ပြီး...

"ဒီမယ်...ဒီမယ်"

"ဦးဗညား...ဦးဗညား"

မဝံ့မရဲဟန်လေးနှင့် ဆောင်းသည် ဦးဗညား ပခုံးကြီးကို

www.burmeseclassic.com

www.burmeseclassic.com



သူမလက်လေးနှင့် ကိုင်လှုပ်ကာ ခေါ်ပါသော်လည်း ဗညားသည်ထ
ပြန်၍မထူးပါ။

မျက်ဝန်းလေးပြူးလျက် ထိတ်လန့်သွားရသူက ဆောင်း
ဖြစ်သည်။

ဘုရားရေ သူ…သူ ဘာများဖြစ်သွားပြီလဲ။

သူမ သူ့ကို တွန်းထုတ်လိုက်သည့်အရှိန် များသွား၍များ
သူ သတိလစ်သွားပြီလား။

ဟင်း…ဒါလည်း မဖြစ်နိုင်သေးပါ။

ဦးဗညားကို သူမတွန်းလိုက်သည့် အရှိန်က မိန်းမသား
နှင့်မို့ သိပ်အားမပါလှတာကို ဆောင်း သိပါသည်။

ဒါနဲ့တောင် သူ သူမခေါ်တာကို ဘာလို့များ မကြား
သည်လဲ။

"ဦးဗညား…ဦးဗညား ရှင် ရှင် ဘာမှမဖြစ်ဘူးမို့လား
ဒီမှာ မျက်စိဖွင့်ကြည့်ပါဦး၊ ကျွန်မပြောတာ ကြားလား"

ဗညားသည် ဆောင်းအသံကို ကြားပါသည်။ ကြားသော်
လည်း သူသည် တော်တော်နှင့် ပြန်မထူးနိုင်ပါ။



သူ့ခေါင်းထဲတွင် ရိပ်တိတ်တိတ်နှင့်အတူ ရီဝေဝေမူးနေရ
သည့်အရှိန်ကြောင့် ဆောင်းကို ပြန်မထူးနိုင်ခြင်းဖြစ်သည်။

ဦးဗညားထံမှ အသံမကြားရလေ မျက်နှာပျက်ပျက်နှင့်
စိတ်ပူလာရလေဖြစ်သော ဆောင်းမှာ ဦးဗညားကိုယ်ကြီးကို
ကိုင်လှုပ်နိုးနေရာမှ သူမလက်လေးက ဦးဗညားမျက်နှာဆီသို့
ရောက်သွားတော့ သူ့မျက်နှာချော့ချော့ကြီးကို ခပ်ဖွဖွပုတ်ကာ နိုးလိုက်
သည်။

"ဒီမှာ ဒီမှာ ဦးဗညား ရှင် ကျွန်မခေါ်တာကြားရင်
ပြန်ထူးပါဦး၊ အိုး စိတ်ညစ်လိုက်တာနော်၊ ဒုက္ခပါပဲ"

ဦးဗညားကို ခေါ်ရင်းက ဆောင်းသည် နှုတ်မှနေ
တစ်ဆက်တည်း ညည်းညူလိုက်လေသည်။

ဗညား သူမ ညည်းညူသံလေးကို ကြားတော့ လူက
ရီရီဝေဝေ မူးနှောက်နှောက် ဖြစ်နေသည့်ကြားက သနားသွားရသည်
မို့ မျက်ဝန်းများကို အားယူဖွင့်ကာ…

"အင်း…ဟင် ဆောင်း"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ရှင် ဘာမှမဖြစ်ဘူးနော် ဟုတ်လား၊ ဘာမှမဖြစ်ဘူးနော်"

သူ့အသံကို ကြားရတာကိုပင် ဆောင်း သိန်းဆုကြီးပေါက်သလို ပျော်ရွှင်သွားရတာမို့ အပျော်စိတ်နှင့် အံသံလေးများပင် မသိမသာ တုန်ခါသွားရသည်။

"အင်း…ကျုပ်က ဘာဖြစ်ရမှာလဲ"

ပြောရင်းက ဗညားသည် ထလိုက်တော့ သူ့ကိုယ် ယိုင်ခနဲဖြစ်သွားရသည်။

"အို…နေနေ ရှင် ရမ်းမထလိုက်နဲ့၊ လာ လာ ရှင့်အခန်းကို ရှင်သွားတော့၊ ရှင်သိပ်မူးနေပြီ၊ ကျွန်မကိုတွဲ၊ ကျွန်မ ရှင့်အခန်းကို လိုက်ပို့ပေးမယ်"

ဆောင်းမှာ ဗညား သတိရလာသည်ကို ဝမ်းသာနေရသည်မို့ သူမကြောင့် သူဘာမှမဖြစ်လျှင် ပြီးရောသဘောထားကာ ဦးဗညားကိုယ်ကြီးကို သူမလက်လေးများနှင့် ထိန်းပေးရင်းက အပေါ်ထပ် သူ့အခန်းဆီသို့ တွဲခေါ်လာခဲ့လိုက်သည်။

သူ့ကိုယ်ကြီးကို ထိန်းကာ တွဲခေါ်လာသည့် ဆောင်းမှာ



…ဗညားထံမှ အရက်နံ့ကို မခံနိုင်သလို နှာခေါင်းလေးပိတ် အသက်…ရှူလေးအောင့်ကာ အပေါ်ထပ်သို့ တက်လာခဲ့ရသည်။

အပေါ်ထပ် သူ့အခန်းဆီသို့ ရောက်သည်နှင့် ဆောင်း…သည် သူမပခုံးတို့ တင်းတင်းကြီး ထွေးဖက်ထားသည့် ဦးဗညား…က်တို့ အသာခွဲလှက် ဖယ်ရှားလိုက်ပြီး သူ့ကိုယ်ကြီးကို ခုတင်…ပေါ်သို့ တင်လိုက်တော့

"ဆောင်းရယ်"

"ဟင်"

"ချစ်တယ်"

"အို"

"ဦးဗညား"

ဆောင်းထံမှ စကားသံလေးသည် ရုတ်တရက် ပျောက်…ကွယ်သွားရသလို ဆောင်းကိုယ်လေးမှာလည်း ဗညားရင်ခွင်အောက်…သို့ လုံးလုံးလျားလျားကြီး ရောက်ရှိသွားရပါတော့သည်။

ချစ်ဇနီးလေးကို အချိန်ပြည့် သတိရတမ်းတနေရပါသော…ညားသည် ဆောင်း၏ကိုယ်လေးကို တင်းတင်းကြီးပွေ့ဖက်ရင်းက

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက ထိန်းချုပ်ခဲ့ရသမျှ အချစ်သည် ချစ်ဖေါ်လေးထံ အဘား အဆီးမရှိ ကျိုးပေါက်သွားရသည်။

◊ ◊ ◊

## အခန်း (၁၀)

"ဟွန်း…သူကတော့ အနိုင်ရသွားတယ်ဆိုပြီး ပျော်နေမှာပေါ့လေ၊ ငါ့မှာသာ သူ့ကို မကျေနပ် မကြည်ဖြူဘဲနဲ့ အရှုံးပေးခဲ့ရတယ်၊ တကယ်တော့ ငါ သူ့ကို မကြည့်သင့်ဘူး၊ သူဘာဖြစ်ဖြစ် သူ့တိုက်နဲ့သူ့ကံ ငါပြစ်ထားခဲ့ဖို့ကောင်းတယ်၊ ခုတော့ ငါ့ရဲ့ သနားတတ်တဲ့စိတ်က ငါ့ကိုပြန်ပြီး ဒုက္ခပေးလိုက်တာပဲ၊ ငါ ငါ သူ့အပေါ် ဘာဖြစ်လို့များ သနားတဲ့စိတ် ဝင်ခဲ့မိတာပါလိမ့်၊ အိုး… သူမှပဟုတ်ပါဘူးလေ သူ့နေရာမှာ တခြားလူဆိုလည်း ငါကူညီမိမှာပါပဲ၊ ဒါကို သူ ငါ့အပေါ် အခွင့်အရေးယူပြီး တောက်"

မထင်မှတ်ဘဲ ပြောင်းလဲသွားရသည့် သူမဘဝအတွက် ခေါင်းသည် သူမဘဝကို သူမ ယူကျုံးမရ နမြောတသစိတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်နာလို့မဆုံးနိုင်အောင် ဖြစ်နေရသည်။

ကိုယ့်ဘဝကို ကိုယ်တွေးကာ ဝမ်းနည်းအားငယ်စိတ်နှင့် ရင်နာလွန်းလို့လည်း ခေတင်းသည့် မျက်ရည်များကျခဲ့သည်မှာ သူမကိုယ်ထဲ မျက်ရည်များပင် ကုန်ခမ်းသလောက် ရှိခဲ့ရပြီဖြစ်သည်။

မကျေနပ်ပါ။ ဦးဇညားဆိုတဲ့ သူ့ကို ခေတင်း လုံးဝမကျေနပ်ပါ။

သူမဘဝကို အနိုင်သိမ်းပိုက်သွားသည့် အဖြစ်က သူမ ဘယ်လိုမှ မဖြေသိမ့်နိုင်သည့်အဖြစ်။

ထိုအဖြစ်ကို ခေတင်းသည် သူမနှလုံးသားထဲက ဘယ်လိုမှလည်း မေ့ပျောက်တော့မည် မဟုတ်။

ရှန်းမထွက်သာအောင် ရစ်ပတ်ချည်နှောင်ခဲ့သော သူ၏ သံယောဇဉ်ကြိုးများအောက်မှာ ခေတင်းသည် ဒီတစ်ခါတော့ဖြင့် သူ့အား သူမဘဝနှင့်ရင်းကာ အရှုံးပေးခဲ့ရပြီဖြစ်သည်။

သည်အတွက် သူမဘဝကိုလည်း သူမ နာကျင်ပါသည်၊ ပို၍နာကျင်ရသည်က သူမဘဝကို ချုပ်နှောင်လိုက်သည့် ဦးဇညား



ကိုပင် ဖြစ်သည်။

ခေတင်းမှာ ဦးဇညားကြောင့် ကြေမွှမ်းခဲ့ရသည့် သူမဘဝကို သူမတွေးရင်းက ရှက်ကြောက်နာကျင် ထိတ်လန့်စိတ်များနှင့် အတူ မနေ့ကနှင့် ဒီနေ့ မတူတော့သည့် သူမဘဝ၏ ပြောင်းလဲသွားရမှုကိုလည်း စိတ်မှာမချိအောင် ဖြစ်နေရသည်။

သူ့အခန်းထဲမှာ ကြေသက်ဆင်းခဲ့ရသော မျက်ရည်များသည် သူမအခန်းလေးထဲ ပြန်ရောက်ချိန်တိုင်အောင် မျက်ရည်များက မစဲနိုင်ခဲ့ပါ။

သူမအဖြစ်ကို သူမ နာကျင်ထိတ်လန့်တုန်လှုပ်စွာ ခံစားရင်း မျက်ရည်များနှင့် အဖော်ပြုခဲ့သည်က နံနက်မိုးသောက်ချိန်ထိပင် ဖြစ်လေသည်။

ဦးဇညားကြောင့် သူမဘဝ ကြေမွှမ်းခဲ့ရပေမယ့် ခေတင်းသည် ဦးဇညားကို အရှုံးပေးလိမ့်မည်မဟုတ်ပါ။

လက်ထပ်ထားသည့် ခင်ပွန်းသည် တစ်ယောက်အနေနှင့် သူမအချစ်ကို ခားပြတိုက်ယူသည်လို့ ပြောမရပေမယ့် သူ့အချစ်များကို သူမ မကြည်ဖြူ မလိုလားခဲ့တာတော့ အမှန်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်ပဲ သူမအပေါ် မကြည်ဖြူမလိုလားပါစေ ဦးဗညားဆိုသည့် သူ့ကတော့ သူမဘဝကို အမှန်တကယ်ပင် ပိုင်စိုးသွားရပြီဖြစ်သည်။

သည်အဖြစ်ကို သူမဘယ်လိုမှ မငြင်းနိုင်သည့်အဖြစ်။

ထိုအတွေးစိတ်ကြောင့်လည်း တစ်ညလုံး သူမကောင်းကောင်း မအိပ်စက်နိုင်ခဲ့။

ဘယ်လိုလုပ်ပြီးလည်း သူမ အိပ်စက်နိုင်မှာသည်တဲ့လဲ။ သူမဘဝက မထင်မှတ်ဘဲ အပြောင်းအလဲကြီး ပြောင်းလဲသွားရပြီ မဟုတ်ပါလား။

"ဟင်း"

သူမဘဝကို သူမ ဝမ်းနည်းနာကျင် ကြေကွဲရစိတ်ဖြင့် သက်မတစ်ချက်ကိုချရင်း ဆောင်းသည် နံနက်မိုးလင်းပြီဖို့ အိပ်ရာက ထလိုက်လေသည်။

သည့်နောက် သူမသည် သူမကိုယ်သူမ မှန်ရှေ့တွင် သွားရပ်ကြည့်လိုက်လေသည်။

ဩော်...ဆောင်းဆိုသည့် သူမသည် တစ်ညတာအချိန့်

ခဏလေးမှာပင် ဘဝနှင့်ရင်းကာ တကယ်ပဲ ပြောင်းလဲခဲ့ရပြီပဲ။

သူမဘဝကို သူမတွေးမိတော့ ဆောင်း ရှုက်နှာလှလှလေးမှာ ရှက်စိတ်နှင့် နီမြန်းသွားရသည်။

ဆောင်းဆိုတဲ့ သူမဟာ ဦးဗညားရဲ့ ဇနီးမယားဘဝကို တကယ်ပဲ ရောက်ရှိသွားပါရောလား။

"ဟင်"

ဆောင်းသည် နောက်တစ်ကြိမ် သက်ပြင်းတစ်ချက်ကို ထပ်ချမိပြန်သည်။

သည့်နောက် သူမသည် မှန်ရှေ့မှ သူမကိုယ်လေးကို ခွာကာ ရေချိုးခန်းထဲသို့ဝင်၍ ရေမိုးချိုး ကိုယ်လက်သန့်စင်လိုက်ပြီးနောက် သူမကိုယ်သူမ အနည်းငယ် ပြုပြင်လိုက်ပြီး အောက်ထပ် ထမင်းစားခန်းဆီသို့ ဆင်းလာခဲ့လိုက်၏။

အိမ်ရှင်မတစ်ယောက်ဖြစ်သော သူမသည် ဦးဗညားကို ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ သူမဘက်က အိမ်ထောင်ရှင်မကောင်း ပီသရမည်ဖို့ မီးဖိုခန်းထဲ သန့်ရှင်းရေးများ ပြုလုပ်ပြီးနောက် ကော်ဖီဖျော်ရန် ပြင်ဆင်လိုက်သည်။


www.burmeseclassic.com

ထိုအချိန် ဗညား၏ အခန်းထဲမှာတော့ ဗညားသည် မျက်ဝန်းအစုံပွင့်လျက် နိုးလာရပြီဖြစ်သည်။

သူသည် ရုတ်တရက်တော့ဖြင့် မထသေးပါ။

မျက်ဝန်းအစုံကို မှိတ်ထားဆဲက ညက သူဘာဖြစ်ခဲ့သည်ကို စဉ်းစားနေလေသည်။

သူ ညက အိပ်မက်ထဲမှာလိုလို ဆောင်းနှင့် နှစ်ဦးသား ကြည်မွေ့စွာ ချစ်ခဲ့ရသည့်အဖြစ်များက ခုပြန်တွေးလေ ခုရင်ခုန်စရာပင်ဖြစ်သည်။

ညက သူသည် သူ့အခန်းထဲကို ဘယ်လိုများ ပြန်ရောက်ခဲ့သည်မသိပါ။ စိတ်ညစ်ညစ်နှင့် သူအရက်ကို လှုမှန်းမသိ သုံးမှန်းမသိ သောက်ခဲ့သည့်အဖြစ်က ယခုအိပ်ရာထချိန်မှာတော့ သူ့ခေါင်းတွေ မခံမရပ်နိုင်အောင် အုံ့ခဲနေရပြီဖြစ်သည်။

ခေါင်းတွေ အုံ့ခဲနေရပြီမို့ နားထင်နှစ်ဖက်ကို လက်နှင့်ထောက်ရင်းက သူသည် အိပ်မက်ထဲမှာလိုလို အပြင်မှာလိုလို ဆောင်းအပေါ် အချစ်များ အစွမ်းကုန် ပေါက်ကွဲခဲ့သည့်အဖြစ်ကို စိတ်လှုပ်ရှားစွာ တွေးနေမိတော့သည်။



ဆောင်းအား သိပ်ချစ်ပါသည်။ ချစ်သည်ဆိုတဲ့စကားများကို မပြတ်ပြောရင်းက သူ့ခကိုယ် နွေးနွေးအိအိလေးကို ရင်ခွင်မှာ ပွေ့တတ်တမ်း ဖက်တွယ်ကာ အချစ်များ အစွမ်းကုန် ဖူးပွင့်စေသောသည့်အဖြစ်က အပြင်မှာ လက်တွေ့ဖြစ်ခွင့်ရခဲ့သည် မဟုတ်ပါ။

ချစ်သူလေးသည် သူ့အချစ်များကို နားလည်လက်ခံဖို့ထက် ပွာဒထဲက ထွက်ခွာရန်ကိုပင် သူမစဉ်းစားနေပြီကို သိလိုက်ရတော့ သူ့နှလုံးသားများ မခံမရပ်နိုင်အောင် နာကျင်ခွေကျင်သွားရသည်။

ဆောင်းသည် သူ့အား ခွဲခွာရန် စကားများကို ညကပင်ဆိုခဲ့သေးသည် မဟုတ်ပါလား။

ဒါဖြင့် ဆောင်းနှင့်သူသည် ညက တွေ့ခဲ့ဆုံခဲ့သေးသည်ပေါ့။

"ဟင်"

ညကဆိုမှ ဦးဗညားသည် လူတ ထခုန်မတတ် ထိတ်လန့်လှုပ်သွားရသည်။

ဟုတ်ပေသားပဲ။ ဗညားသည် ဆောင်းနှင့် ညကဆုံခဲ့

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သည့်အဖြစ်ကို ဘာလို့များ မေ့နေမိတာပါလိမ့်။

အိမ်ယူကာ သောက်ခဲ့မိသော သူ့ကို ဆောင်းသည် ဒေါသ မျက်နှာလေးနှင့် လာတားခဲ့သည်ကို သတိရတော့ သူ့ရင်ခုန်သံတွေ မြန်ဆန်သွားရသည်။

ကြည့်ရတာ ညက အမူးလွန်နေသော သူ့ကို သူမပင် အိပ်ခန်းထဲအထိ လိုက်ပို့ပေးတာဖြစ်မည်။

ဖြစ်နိုင်သည်။

သူသောက်ထားပုံနှင့် ဗညားသည် သူ့အခန်းထဲကို သူ ဘယ်လိုမှ ပြန်မရောက်နိုင်ဆိုတာကိုလည်း ဗညားသည် သူ့ကိုယ်သူ သိနေလေသည်။

အင်း…ဒီလိုကျတော့လည်း ဆောင်းဆိုသည့် သူမသည် သူ့အပေါ် ကြင်နာဂရုစိုက်ဖော် ရသေးပါလားဆိုတဲ့အတွေးဖြင့် သူ့မျက်နှာချောချောမှာ ကျေနပ်မှုဖြင့် ပြုံးသွားရသည်။

"ဆောင်းရယ် မင်း ကိုယ့်အပေါ် ဂရုစိုက်ရဲ့သား ဘာဖြစ်လို့များ မုန်းစကားဆိုနေရတာလဲဗျာ"

ဗညားမှာ ဆောင်းအကြောင်းကို တွေးလိုက်ရုံနှင့်ပင် သူ့



မှာ ကြည်နူးချမ်းမြေ့သွားရသည်မို့ ချစ်သူလေးကို ရင်ဝယ် တမ်းတမ်းတတကြီး ညည်းညူလိုက်ရင်းက ခုချိန်ဆို ချစ်သူလေး ဘာများလုပ်နေပြီလဲဟူသော အတွေးနှင့် ချစ်သူ၏ မျက်နှာလှလှ လေးကို မြင်ချင်တွေ့ချင်လာရသည်မို့ အိပ်ရာမှ ထလိုက်သည်။

"ဟင်"

သူ အိပ်ရာက ထလိုက်သည်ဆိုရင်ပဲ ပန်းနုရောင် ဖဲမွေ့ရာ ထက်တွင် တင်ကျန်နေသည့် ပစ္စည်းလေးကြောင့် ဗညားမျက်ဝန်း များ ပို၍ကျယ်သွားရသလို ခေါင်းအုံနေတာတွေပင် ဘယ်ရောက် သွားရမှန်းမသိ ဖြစ်သွားရသည်။

"ဟင်"

ဗညား မြင်လိုက်တွေ့လိုက်ရသည့် ပစ္စည်းကား တခြား မဟုတ်။ ဆောင်း၏ လည်တိုင်သွယ်သွယ်လေးတွင် သူမအမြဲဆွဲနေ ကျ အသည်းပုံစိန်ဆွဲသီးနှင့် ဆွဲကြိုးမျှင်မျှင်သေးသေးလေးပင် မဟုတ်ပါလား။

"ဒါ…ဒါ ဆောင်း အမြဲဆွဲနေတဲ့ ဆွဲကြိုးလေးပဲ၊ ကြည့်စမ်း သူ့ရဲ့ ဒီဆွဲကြိုးလေးက ငါ့ခုတင်ပေါ် ဘယ်လိုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာပါလိမ့်''

ဆွဲကြိုးလေးကို ကိုင်ထားရင်းက ဇညားသည် နှုတ်မှ ဟဒ္ဓါတသြကြီး ဆိုလိုက်လေသည်။

တကယ်တော့ ဒီဆွဲကြိုးလေးသည် ညက ဆောင်းနှင့် သူရင်ခွင်ထဲက ရုန်းကန်ရင်း ကျန်ရစ်ခဲ့သည်ဆိုတော့ ဂဘာယက်ရှင် ဆောင်းကိုယ်တိုင်လည်း မသိပါ။

ဇညားမှာ ဆောင်းဆွဲကြိုးလေး ဘယ်လိုလုပ် သူ့ခြေရာပေါ် ရောက်နေလဲဆိုတာ မျက်ခုံးကြီးတွန့်ကြုတ်လျက် စဉ်းစားမရ ဖြစ်နေရသည်။

သည်နောက် သူသည် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားမိလိုက်တော့ သူ့မျက်နှာကြီးသည် တည်သွားရသလို သူ့ရင်အစုံမှာလည်း တဆတ်ဆတ် လှိုက်တုန်သွားရလေသည်။

ထို့နောက် သူသည် တစ်စုံတစ်ရာကို နားလည်သဘောပေါက်လာသလိုမျိုး တဒိတ်ဒိတ် အခုန်မြန်နေရသော ရင်အစုံဖြင့် သူ့အခန်းထဲမှနေ အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။

သူ အောက်ထပ်သို့ရောက်ချိန်မှာတော့ သူသိပ်တွေ့ချင်နေ



ပါသည့် ဆောင်းကို ထမင်းစားခန်းဝတွင် အသင့်တွေ့လိုက်ရသည်။

''ဆောင်း''

''ဟင်...ရှင်''

ဆောင်းမှာ ဇညားကို တွေ့လိုက်ရတော့ မျက်နှာလေး ဖျက်သွားရသလို ဇညားမှာလည်း ဆောင်း၏ ဖျက်သွားရသော မျက်နှာလေးကိုကြည့်ပြီး ရင်တွေပို၍ ခုန်သွားရသည်။

တစ်ဆက်တည်း သူ့စိတ်ထဲတွင်လည်း ဆောင်း၏ ဖျက်သွားရသော မျက်နှာလေးကိုကြည့်ပြီး သေချာပါတယ်၊ သေချာပါတယ်ဆိုတဲ့ စကားက စိတ်မှာ အကြိမ်ကြိမ်ဆိုနေလိုက်သည်။

ထို့အတူ သူ၏မျက်ဝန်းစူးစူးစိုစိုကြီးများကလည်း ဆောင်း မျက်နှာလေးထက် ခပ်စိုက်စိုက်လေး ရောက်ရှိနေရာမှ...

''ဆောင်း ကိုယ် ညက''

''ဟုတ်တယ်၊ ရှင် ညက အမူးလွန်နေလို့ ရှင့်ကို ကျွန်မ အခန်းထဲပို့ပေးခဲ့တာ''

တကယ်တော့ ဇညားသည် ဆောင်းထံမှ ကြားချင်သည်က ထိုစကားမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆောင်းသည် သူကြားချင်သည့်စကားကို ပြောမည်မဟုတ်ဆိုတာကိုလည်း သိနေသည်မို့

"ဒါ ဆောင်းရဲ့ခွဲကြိုးလေး မဟုတ်လား"

"အို"

သူ့လက်ထဲက ခွဲကြိုးလေးကို မြင်သည်ဆိုရင်ပဲ ဆောင်းသည် ကိုယ်လေး ဆတ်ခနဲ တွန့်တုန်သွားရသလို မျက်နှာလေးက လည်း ဟန်မဆောင်နိုင်အောင် ဖျက်လျက် ခေါင်းလေးငုံ့ဆင်းသွားရသည်မှာ မော့မလာပါတော့။

သူမ၏ ထိုပုံစံကိုမြင်ရလေလေ မချိသောရင်အစုံဖြင့် ပို၍ အသည်းနာရလေသူက ဗညားဖြစ်သည်။

"ကိုယ်မေးတာဖြေပါဦး ဆောင်း၊ ဒါ မင်းခွဲကြိုး ဟုတ်မဟုတ်ဆိုတာ"

"ဟုတ်ပါရဲ့၊ ကျွန်မခွဲကြိုး ပျောက်သွားမှန်းတော့ သိတယ်၊ ဒါပေမဲ့ ရှင့်အခန်းထဲမှာ ကျန်ခဲ့တယ်လို့ မထင်ဘူး၊ ကြည့်ရတာ ညက ရှင့်ကိုတွဲရင်း ရှင့်အခန်းထဲမှာ ပြုတ်ကျကျန်ခဲ့တာနဲ့ တူပါတယ်"



အကဲခတ်သလို စူးစမ်းကြည့်နေသော သူ့အကြည့်များ အောက်တွင် ဆောင်းသည် ထိုစကားကို မှားရလေအောင် သူမ ကိုယ်သူမ သတိထားပြောလိုက်ရသည်။

"အယွန်း…မင်းပြောတာလည်း ဖြစ်နိုင်ပါတယ်ဆောင်း၊ ဒါပေမဲ့ ကိုယ်မင်းကို တစ်ခုတော့ ပြောပါရစေ၊ ကိုယ်ညက အမူးလွန်နေတာတော့ အမှန်ပဲ၊ ဒါကြောင့် တချို့ကိစ္စကို ကိုယ် မမှတ်မိတော့သလောက် ဖြစ်နေတာကိုလည်း ဝန်ခံပါတယ်၊ အဲဒီအချိန်မှာ ကိုယ်ဟာ မူးလို့ပဲဖြစ်ဖြစ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် မင်းအပေါ်မှာ အမှားတစ်စုံတစ်ခု ပြုခဲ့တာများရှိရင် ကိုယ် မင်းကို"

"အို…ဟင့်အင်း…ဟင့်အင်း ရှင် ရှင် ကျွန်မအပေါ်မှာ ဘာအမှားမှ မလုပ်ခဲ့ပါဘူး၊ တကယ်ပြောတာပါ၊ ကျွန်မပြောတာကို ရှင်ယုံပါ"

ယုံပါလို့ပြောနေလေလေ မယုံနိုင်အောင်ဖြစ်ရလေက ဗညားလူချောကြီးပင် ဖြစ်လေသည်။

သာမန်ဆိုပါက သူ့စကားကို ဆောင်းသည် မျက်စိပျက် မျက်နှာပျက်နှင့် ဒီလောက်ထိ ပျာပျာသလဲ ငြင်းနေဖို့မကောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ယခု သူမပုံစံလေးက သူ့အပေါ်မှာ အပြစ်တစ်ခုကျူးလွန်ထားသလို ဒါမှမဟုတ် ထိုအပြစ်ကို သိသွားမှာကို ကြောက်သလို စိုးရွံ့ထိတ်လန့်နေသည့် ပုံစံလေးနှင့် ရှိနေပုံက သူ့စိတ်ကို ပိုပြီး သံသယများစေရလေသည်။

ခက်တာက သူကိုယ်တိုင်ကလည်း ညကအဖြစ်အပျက်များကို ဘာတစ်ခုမှ သေသေချာချာ ရေရေရာရာ မမှတ်မိသည့်အဖြစ်။

ထိုသို့မမှတ်မိလောက်အောင် သူညက သောက်တာ များလွန်းသွားရသည်ပဲလေ။

ယခုတော့ သူမပြောသမျှ ယုံရတော့သည့်အဖြစ်မို့ ဇော်သည် ရင်မှာ တနွေးနွေးကြီး ခံစားခဲ့ရသမျှ သူမစကားကြောင့် စိတ်မောလူမောကြီးနှင့် ရင်မောရသည်သာ ကျန်ခဲ့လေသည်။

ဆောင်းမှာ ငေးငေးငိုင်ငိုင်ပုံစံကြီးနှင့် သူမအနားက ထွက်သွားသော ဦးဇော်ကို မျက်ဝန်းပြာလဲ့လဲ့ကြီးနှင့်ကြည့်ပြီး သက်မချလိုက်မိရသည်။

ဟင်း…



ထို့နောက် သူမတစ်ကိုယ်လုံး အားအင်များ ကုန်ခမ်းသွားရသည့်နှယ် ဆောင်းသည် အရုပ်ကြိုးပြတ်ပုံလေးနှင့် ထမင်းစားခန်းထဲရှိ ခုံတစ်လုံးဝယ် ဝင်ထိုင်ရင်း သူမ၏ဆိုးလှသည့်အဖြစ်ကို သူမ တွေးတွေးပြီး ဝမ်းနည်းနေရတော့၏။

ဝမ်းနည်းစိတ်နှင့်အတူ ဦးဇော်ဆိုသည့် သူသည် ညကအဖြစ်များကို သူဘာမှမသိ မမှတ်မိတာကိုလည်း ဆောင်း သိလိုက်ရလေသည်။

အသိနှင့်အတူ ဆောင်း တစ်ဆက်တည်း ဆုံးဖြတ်လိုက်သည်က ညကအဖြစ်များနှင့် ပတ်သက်ပြီး ဆောင်းသည် သူမမှတ်မိသရွေ့ သူ့ကို သူမဘက်က စတင်၍ ထိုအကြောင်းနှင့်ပတ်သက်ပြီး ဘယ်တော့မှ မပြောတော့ရန်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ယခုတလောဝယ် ထူးထူးဆန်းဆန်း ပုံစံပြောင်းလဲနေရသော ဦးဗညားကိုကြည့်ပြီး ခေတင်းတစ်ယောက် အံ့သြနေရသည်။

ဦးဗညားသည် ယခုရက်များမှာ အိမ်တွင်မြဲကာ ကပ်နေတတ်သလို အရက်ကိုလည်း လုံးဝမသောက်တော့သောကြောင့်ဖြစ်သည်။

ဒါတင်လားဆိုတော့ မကသေးပါ။ ဦးဗညားသည် ခေတင်းရှိတဲ့ နေရာများတွင် တစ်နေရာမဟုတ် တစ်နေရာ အမြဲလို သူ့အရိပ်က ရှိနေတတ်ကာ သူမကို အကြည့်ရူးစူးများဖြင့် အကဲခတ်ကြည့်နေတတ်သောကြောင့်ဖြစ်သည်။

ခေတင်းမှာ သူ့အကြည့်များကြောင့် ရင်တွေတုန်၊ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



တွေခုန်နှင့် လူက အနေရအထိုင်ရခက်သွားတတ်လေ၏။

သူ့အကြည့်များသည် သူမကို တရားခံတစ်ယောက်လို သံသယမကင်းသည့် မျက်ဝန်းရှုးရှုး အကြည့်များဖြင့် ကြည့်တတ်သည်မို့ ဆောင်း သူ့အကြည့်များအောက်တွင် သူမကိုယ်သူမ လိပ်ပြာမလုံ မဝံ့မရဲဖြစ်နေရတော့သည်။

သူ့ကြည့်ရတာ သူမနှင့် သူ့အဖြစ်ကိုများ သိသွားပြီလားမသိပါ။

ဒါလည်း မဖြစ်နိုင်ပါ။

ဦးဗညားသာ အဖြစ်မှန်ကို အမှန်အတိုင်း သိသွားသည်ဆိုပါက သူသည် ဒီလိုနေမည်မဟုတ်။

တစ်နည်းမဟုတ် တစ်နည်းနည်းနှင့်တော့ ဆောင်းသိအောင် သူသည် ဖွင့်ပြောမှာဖြစ်လေသည်။

ခုသူ့ပုံစံက အဖြေတစ်ခုကို သေချာရေရာစွာ မသိရသေးသည့်ပုံမို့ လူက အခံရခက်ခက်နှင့် ထိုအဖြစ်မှန်ကိုလည်း သိချင်နေပုံရသည်။

ဒီကိစ္စသည် နှုတ်က ကိုယ်တိုင်ဖွင့်မေးလို့လည်း မကောင်းသည့်ကိစ္စမို့ ဦးဗညား အခက်တွေ့နေပုံရ၏။



သူ ထိုသို့သိချင်လေလေ ဆောင်းသည် ထိုအဖြစ်ကို ဖုံးကွယ်ထားရန် ကြိုးစားလေဖြစ်သည်။

သူမ စိတ်အတွေးထဲတွင်က သူသည် တစ်နေ့မှာတော့ ထိုကိစ္စကို သူ့အလိုလိုသိလာလိမ့်မည်ဆိုတာကို မျှော်လင့်နေသောကြောင့်ဖြစ်သည်။

ထို့ကြောင့်လည်း ဆောင်းသည် ဦးဗညား ထိုစကားစလာသည်နှင့် သူမသည် ထိုအကြောင်းတို အစမခံတော့ဘဲ ချက်ချင်းပင် မသိလိုဟန်လေးနှင့် စကားများ လွှဲသွားတတ်လေသည်။

သူမ ထိုသို့ စကားများ လွှဲသွားလေလေ ဗညားသည် စိတ်မှာ မချင့်မရဲနှင့် ပိုလို့ သိချင်လာရလေမို့လည်း ဆောင်း လျှပ်ရှားပြောဆိုမှုလေးများကို မသိမသာ အကဲခတ်လို့နေလေသည်။

ဒါကိုသိသော်လည်း မသိဟန်ပင်နေကာ သူမဘက်က ဖုံးဖုံးဖိဖိ ထားခဲ့သည်က ထိုကိစ္စနှင့်ပတ်သက်ကာ သိပ်ပြီးသိချင်နေသော ဦးဗညားကို သူမဘက်က ထိုနည်းဖြင့် အပြစ်ပေးထားခြင်းပင်ဖြစ်သည်။

www.burmeseclassic.com





ဆောင်းမှာ ဦးဗညားနှင့်ပတ်သက်ကာ သူမလုပ်ရပ်ကို သူမ သဘောကျသလိုမျိုး အိပ်ရာထက်တွင် သူမကိုယ်လေးကို ဘယ်ညာလူးလှိမ့်ရင်းက ပြုံးလိုက်သည်။

တကယ်တော့ ဆောင်းကိုယ်တိုင်က ဦးဗညားနှင့်ပတ်သက်လို့ သူမရင်ထဲ အတွေးလှိုင်းလေး ဖွံ့နေရသည်မဟုတ်လား။

ဦးဗညားဆိုသည့်လူ သူ့ကို ဆောင်းသည် မုန်းပါတယ်၊ ကြည့်မရပါ၊ မတည့်ပါဟု ဘယ်လိုပင် ဆိုခဲ့သည့်ကြားက ဦးဗညားသည် သူ့ကို သိပ်မုန်းလှပါသော သူမကို သူ့သဘော၊ သူ့ဆန္ဒ တစ်ခုတည်းနှင့် မရအရ ဖွတ်တိုးလက်ထပ်ခဲ့သည်မို့ ဆောင်း သူ့အပေါ် ပို၍မုန်းခဲ့မိတာ အမှန်ဖြစ်သည်။

မုန်း၍လည်း ဆောင်းသည် သူမကြိုက်သည့်ကိစ္စများကို တမင်အရွဲ့တိုက်ဂျစ်ကျကာ သူ့ကို အနိုင်ပြု၍ယူခဲ့သူလည်းဖြစ်သည်၊

မထင်မှတ်ပါဘဲ ဦးဗညားသည် သူမဘဝလေးကို အနိုင်ယူသိမ်းပိုက်သည့် အချိန်မှစလို့ ဆောင်း နှလုံးသားများသည် သူ့အပေါ် မခံမရပ်နိုင်သည့် ဒေါသများနှင့် သူမစိတ်သဘောထားများသည်လည်း သူ့အပေါ် မသိမသာပြောင်းလဲခဲ့ရသည်ကိုတော့ ဆောင်း သူမကိုယ်သူမ မသိပါ။

သိအောင်လည်း ဆောင်းသည် သူမကိုယ်သူမ မဆန်းစစ်ခဲ့ပါ။ ဦးဗညားပေါ် ယခင်ကထားခဲ့သည့် အမုန်းစိတ်များအတိုင်း မုန်းနေဆဲရှိသည်လို့လည်း ဆောင်းသည် သူမကိုယ်သူမ ထင်နေလေသည်။

ခက်တာက သူမ၏ နှလုံးသားလေးပင်ဖြစ်၏။ အချစ်ဆိုတာကိုမသိ အချစ်ငတ်နေရှာသော ဆောင်းရင်ထဲက နှလုံးသားလေးကတော့ ဦးဗညားအပေါ် စကားများစွာ ပြောလာရပြီဖြစ်သည်။

ဒါကို ကာယကံရှင် ဆောင်းကိုယ်တိုင် မသိပါ။ သူမနှလုံးသားလေးထဲတွင် ဦးဗညားပေါ် မုန်းနေသည့်အမုန်းများ တဖြည်းဖြည်း ပျောက်ကွယ်လွင့်ပြယ်နေသည့် အဖြစ်ကိုလည်း နားမလည်သေးပါ။

မသိတာထက် အချစ်ဆိုတဲ့အရာကို ဆောင်း ရင်ဖွင့်ကြိုရမည်ကို ကြောက်၍ထိတ်လန့်နေသည်ဆိုလျှင် ပို၍မှန်ပေလိမ့်မည်။

ချစ်သူရည်းစား တစ်ယောက်မှ မထားခဲ့ပါသော ဆောင်း





www.burmeseclassic.com

www.burmeseclassic.com



သည် မိဘများ အိမ်ထောင်ချပေးလို့ အိမ်ထောင်သည်တစ်ယောက် ဖြစ်ခဲ့ရပေမယ့် အချစ်ဆိုတာ ဖြူသည်လား မည်းသည်လား သူမ မသိခဲ့ပါ။

ထိုသို့ နှလုံးသားလေး ဖြူစင်သန့်ရှင်းခဲ့ပါသော ဆောင်းသည် ဦးဗညား၏ ချစ်စကားများအောက်တွင် သူမဘဝလေးကို မျက်ရည်နှင့် အရှုံးပေးခဲ့ရပြီးကတည်းက ဆောင်း ချစ်ရမှာကို ကြောက်သွားခဲ့ရပြီဖြစ်သည်။

ဒါကြောင့်လည်း ဆောင်းသည် ဦးဗညား၏ အကြိမ်ကြိမ်ဆိုသည့် ချစ်စကားများကို ဘယ်လိုမှ ပေယုံကြည်ရဲတော့သလို လက်လည်း လက်မခံခဲ့ပါ။

လက်မခံပါဘူးဆိုပါမှ ဦးဗညားသည် ချစ်ရည်စိုရွှန်းသော မျက်ဝန်းကြီးများနှင့် သူမကိုကြည့်ကာ သူမအချစ်များကို တောင်းခံသလို ရှိလာသည့်အခါ ဆောင်း သူ့အချစ်များကို ရှောင်လွှဲဖို့ ခက်လာရလေသည်။

ခက်တာနှင့်အမျှ ဆောင်းသည် ဦးဗညားကို ပြန်၍ချစ်ရ မိပြီလားဆိုသော အတွေးက ဝင်လာရတော့ သူမနှလုံးသားလေး



သိမ့်ခနဲ လှုပ်ရှားသွားရ၏။

သူ့ကို သူမ တကယ်ပင် ချစ်နေမိပြီလား။ ဟင့်အင်း ဒါလည်းမဟုတ်သေးပါဘူး။

ဦးဗညားဆိုတဲ့ သူသည် သူမဘဝ၏ အရှုံးဆုံးလူ တစ်ယောက်အဖြစ်နှင့် ရှိခဲ့သည်မို့ ဆောင်း သူ့ကိုချစ်သည်ဆိုတာ မဖြစ်နိုင်ပါ။

– ရင်ခုန်တာနှင့် အချစ်ဆိုတာကို ဆောင်း လက်မခံနိုင်ပါ။ ဘာပဲပြောပြော သူမဘက်က အချစ်ဆိုတာကို သေချာချင်သည်မို့ ဦးဗညားကို သူမ ချစ်မချစ်ဆိုတာ သူမကိုယ်သူမ ပြန်၍မေးရဦးမည်ဖြစ်သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

အစားလည်းမစားချင်။ အလိုလိုနေရင်း ရင်ပြည့်သလိုဖြစ်ကာ ကိုယ်လက်မအီမသာနှင့် လူက နုံးချွေနေရသည်။

ဆောင်း ထိုသို့ဖြစ်နေသည်မှာ ရက်လေးများ ကြာခဲ့ပြီဖြစ်ပါသည်။

ရောဂါက ဖြစ်လိုက်ပြန်ပျောက်လိုက်နှင့်မို့ ဆောင်းသည် သူမရောဂါကို ဘယ်သူ့ကိုမှ မပြောဘဲ သူမတစ်ယောက်တည်း ခံစားနေသည်။ ယခုတော့ သူမ ထိုသို့ခံစားနေရသည်က ရက်ဆက်ဆိုသလို ဖြစ်လာသည့်အခါမှာတော့ ဆောင်း သူမအဖြစ်ကို သူမ ထိတ်လန့်မှုနှင့် လန့်လာရပြီဖြစ်သည်။

ဘုရား…ဘုရား။

သူမ…သူမ ဘာတွေများ ဖြစ်နေတာပါလိမ့်။

ပြီး။ ၁၃၈၁

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဘဝတွင် ဒီလိုမျိုး တစ်ခါမှ မဖြစ်ခဲ့ဘူးပါ။ ယခုမှ ထူးထူးခြားခြား ခံစားနေရသည့်အဖြစ်မို့ ဆောင်း သူမကိုယ်သူမလည်း သိပ်မယုံချင်တော့။

မယုံနိုင်စရာ အကြောင်းကလည်း သူမတွင် ရှိနေရသည် မဟုတ်လား။

ဆောင်းသည် ဦးဇညား အရက်တွေ အလွန်အကျွံသောက်ကာ လူမှန်းမသိ သူမှန်းမသိ အမူးတွေလွန်ခဲ့သည့် ညလေးကို သူမ ဘယ်တော့မှမမေ့ပါ။

ထိုအဖြစ်က ဆောင်းကို အမြဲထိတ်လန့်ချောက်ချားစေခဲ့ရသည်။

ယခုတော့ သူမ ကြောက်ရွံ့ထိတ်လန့်ပါသည်ဆိုသော အဖြစ်က ဆောင်းအား နှိပ်စက်နေပြီလားမသိပါ။

ဟင့်အင်း…ဟင့်အင်း ဒါ ဒါ ဘယ်လိုမှမဖြစ်နိုင်။

ဆောင်းဆိုတာက သူကိုယ်သူမ အမြဲတမ်း လွတ်လပ်ပေါ့ပါးစွာ နေချင်သူတစ်ယောက်ဖြစ်ပါသည်။



ဖြစ်နိုင်လျှင် သူမသည် ဘာအနှောင်အဖွဲ့များကိုမှ မလိုချင်ပါ။

မလိုချင်၍လည်း ဆောင်းသည် တစ်ကိုယ်တည်း အေးအေးဆေးဆေးနေခဲ့သမျှ ယခုတော့

"ဟင်း"

ဆောင်းသည် သက်မလေးချကာ အိပ်ရာပေါ်မှ သူ့ကိုယ်လေးကိုအထ ရင်ထဲတွင် ပို၍တက်လာမှုကြောင့် လက်ကလေးဖိရင်း ဆောင်းသည် ရေချိုးခန်းထဲသို့ အမြန်ဝင်လာခဲ့လိုက်သည်။

ဆောင်းသည့် သာစင်ဆော ခေါင်းလေးထိုးကာ တဝေါ့ဝေါ့နှင့် ရင်မှာ ပို၍တက်လာသမျှ အန်ပါလေတော့သည်။

ဆောင်းသည် အတန်ကြာအောင် လေချွေးထိုးအန်ပြီးသည်နှင့် ပါးစပ်ကို ရေနှင့်ကျင်းကာ ရေချိုးခန်းထဲမှ ထွက်လာခဲ့သည်။

ဆောင်းတစ်ယောက် လူက နဂိုကထက် နုံးချွေနေရကာ ခြေလက်များပင် မသယ်ချင်တော့လောက်အောင် ဖြစ်နေရသည်။

အိမ်တွင် ဦးဇညားမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ယောက်တည်းပါလားဆိုသော အတွေးက ခေါင်းရင်ကို ဝမ်းနည်းအားငယ် လာစေရသည်မို့ ခေါင်းသည် အလိုလိုနေရင်း ငိုချင်လာရသည်မှာ စိတ်ကို မချုပ်ထိန်းနိုင်တော့ဘဲ ပါးပြင်ပေါ် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာရသည်အထိ ခေါင်းသည် ရှိုက်ကာ ရှိုက်ကာငိုနေလိုက်တော့သည်။

အတန်ကြာကြာလေး ငိုပြီးသည်နှင့် ခေါင်းသည် ပါးပြင်ပေါ်မှ မျက်ရည်စများကို သူမလက်ဖဝါးလေးနှင့် သုတ်ကာ မေမေ့ဆီသို့ ဖုန်းဆက်ရန် သူမကိုယ်လေးကို ထိုင်ရာမှ ရုတ်တရက်အထ

အို…ဘုရားရေ။

ခေါင်းသည် မျက်စိများပြာဝေကျွက် ခေါင်းထဲ ချာချာလည် မူးမိုက်သွားရသည်မို့ သူမကိုယ်လေးကို အနီးရှိထိုင်ခုံပေါ် အမြန်ပြန်ထိုင်ပါသော်လည်း ကမ္ဘာကြီး ချာချာလည်သွားသည့်အလား ဖြစ်သွားရသော ခေါင်းသည် ဝေဒနာပြင်းထန်မှုကြောင့် သူမကိုယ်လေးသည် ထိုင်ခုံပေါ် ပြန်မထိုင်မိပါတော့ဘဲ လူက နေရာမှာတင် မူးဝေမောဟိုက်လျက် သတိလစ်သွားရလေတော့



သည်။

"ခေါင်း…ခေါင်း ကိုယ်ပါ၊ သတိရပြီလားဟင်၊ ကိုယ့်ကို မျက်စိဖွင့်ကြည့်ပါဦး"

အတန်ကြာ သတိလစ်နေရာမှာ ခေါင်း၏ကိုယ်လေး လှုပ်ရှားလာရသည်ကိုကြည့်ပြီး သူမဘေးတွင် တစ်ချိန်လုံး စိုးရိမ်မှုဖြင့် စိတ်ပူပန်စွာ ရှိနေရသော ဗညားမှာ ခေါင်းမျက်နှာလေးကို စိုက်ကြည့်ကာ ခေါ်လိုက်လေသည်။

"အင်း…ဟင်"

ညည်းသံလေးနှင့် မျက်ဝန်းလေး ဖွင့်လာရသော ခေါင်းမှာ သူမနှာမှည်ကိုခေါ်ရင်းက အရမ်းကို မျက်စိမျက်နှာပျက်နေရပါသော ဦးဗညားကို တွေ့လိုက်ရသဖြင့် အံ့ဩသွားရသည်။

ခေါင်းသည် အိပ်ရာပေါ်မှ သူမကိုယ်လေးကို ဆတ်ခနဲ အထ…

"ဟာ…ဟိတ်…ဟိတ် ဘာလို့ အိပ်ရာက အရမ်းရုတ်ထလိုက်ရတာလဲ၊ မင်း အရမ်းအားနည်းနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက သူမအတွက် စိုးရိမ်မှုများ အပြည့်ပါနေသလို မျက်နှာချောချောကြီးကလည်း ဟန်မဆောင်နိုင်လောက်အောင် ပျက်နေရ၏။

ကြည့်စမ်း…သူ ဦးဗညား ခုလိုကျတော့လည်း သူမ အတွက် စိုးရိမ်ပူပန်နေတတ်လိုက်တာ။

သူ…သူ သူမကို တကယ်ချစ်တာပါလားဆိုသော စိတ် အတွေးဖြင့် သူမနှလုံးသားလေး ဆတ်ခနဲ တုန်လှုပ်သွားရသည်။

“ဆောင်း မင်းအခုဘာဖြစ်တာလဲ၊ မင်းကိုယ်မင်း သိလား”

“ရှင်”

သူ့စကားသည် ဘာကိုဆိုလိုသည်ကို ဆောင်း နားမလည် လိုက်ပါ။

သူမ ယခုခံစားနေရသော ဝေဒနာများကို ဆရာဝန်လောင်း တစ်ယောက်ဖြစ်သော ဆောင်းသည် သူမအခြေအနေကို သူမ နားလည်သဘောပေါက်လိုက်သည်။



ဆောင်း မျက်နှာလှလှလေးမှာ ရုက်ရွံ့ကြောက်လန့်စိတ် များဖြင့် သူမကိုယ်လေးမှာလည်း အိပ်ရာပေါ် အလိုလိုထထိုင်မိ လျက်သား ဖြစ်သွားရသည်။

မြတ်စွာဘုရား။ သူမ…သူမ ဒီအဖြစ်ကို ဘာလို့များ မေ့ထားရတာပါလိမ့်။

အို…ဒီအဖြစ်ကို ဆောင်းသည် သတိမရနိုင်လောက် အောင် သူမကိုယ်သူမလည်း ဘာတွေဖြစ်နေသည်မသိတော့ပါ။

ခုတော့ သူမ လုံးဝမမျှော်လင့်ထားသည့် အဖြစ်ကို ဆောင်း ရှက်ရွံ့တုန်လှုပ်စွာ ရင်ဆိုင်ရတော့မည်ဖြစ်သည်။

ထိုအတွေးဖြင့် ဆောင်းသည် ဦးဗညား၏မျက်နှာချောချော ကြီးကိုလည်း ရင်ဆိုင်မကြည့်ရဲအောင် ဖြစ်သွားရသည်။

“ဆောင်း”

“ရှင်”

“ကိုယ်ဝန်ရှိနေတာကို သိလား”

“အို”

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်တစ်ယောက်ဖြစ်သော ဦးဗညားသည် သူမ အခြေအနေကို စမ်းသပ်ပြီးပြီမို့ သူမ ဘာဖြစ်နေသည်ကိုလည်း သူသိနေပါလားဆိုသည့် အတွေးနှင့် ဆောင်းသည် ရှက်အားငိုနေရ တော့၏။

"ကိုယ်မေးတာ မင်းဖြေပါ ဆောင်း၊ မင်းမှာ ကိုယ်ဝန် ရှိနေတာကို မင်းသိနေတယ်မဟုတ်လား"

ဆောင်း သူ့ကို မညာချင်တော့ပါ။ ထို့အတူ သူ့အပေါ် သူမသည် ဒီထက်လည်း သူမအဖြစ်ကို သူမ ဟန်ဆောင်မဖုံးကွယ် ထားချင်တော့သည်မို့ မျက်လွှာလေးချလျက် ခေါင်းလေးညိတ်ပြ လိုက်လေသည်။

"ဘာ"

"ဘာပြောတယ် ဆောင်း၊ ခင်း မင်းအဖြစ်ကို သိနေ တယ်ဟုတ်လား၊ ဟာ...ဒါဆို ခင်း မင်း ကိုနိုင်နဲ့"

"ဟာကွာ"

"တောက်"



ဟင်...ဘုရားရေ သူ သူ ဘာတွေပြောနေတာပါလိမ့်။ သူမမှာ ကိုယ်ဝန်ရှိတာနှင့် ကိုနိုင် ဘာဆိုင်လို့ သူပြောနေတာပါ လိမ့်။

ဆောင်းသည် ထိုစကားကို စိတ်မှာ တအံ့တဩလေး ဆိုရင်းက ဦးဗညား၏ မှုတည်တည်မျက်နှာကို ဆတ်ခနဲကြည့်လိုက် တော့ အလိုလေး ဖြတ်စွာဘုရား။ ဦးဗညားမျက်နှာကြီးသည် တစ်စုံ တစ်ရာအပေါ် အခံရခက် နာကျင်ဟန်နှင့် မျက်နှာကြီး အရမ်းကို တင်းမာနေပါရောလား။

သူ...သူ ဘာဖြစ်နေရတာပါလိမ့်။

တကယ်ဆို သူသည် ဒီအဖြစ်ကို ဝမ်းသာအားရ ကြိုဆို ရမှာဖြစ်ပေမယ့် ယခုတော့ သူ့ပုံစံက သူမထင်တာနှင့် တခြားစီ မျက်နှာကြီး တည်တင်းခက်ထန်ကာ ဒေါသတကြီးဖြစ်နေသည်က သူမ ဘယ်လိုမှ နားမလည်နိုင်ပါတော့။

နားမလည်နိုင်ရတာနှင့်အတူ ဆောင်းသည် ဦးဗညားအား ကြည့်လိုက်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ဦးဗညား"

"အပ္ပန်း…ဘာလဲ ဆောင်း မင်းနဲ့ကိုနိုင် ဒီအခြေအနေထိ ရောက်နေပြီမို့ ကျုပ်ကို ကွာရှင်းပေးပါလို့ ပြောမလို့လား"

"ရှင်"

သူ့စကားများသည် မဟုတ်တော့ပါ။ ဦးဗညားနှင့် သူမကြားတွင် နားလည်မှုတော့ တစ်ခုခုလွဲမှားနေရပြီဖြစ်သည်၊ ထိုကားဘာဆိုတာကိုလည်း ဆောင်းကိုယ်တိုင် မသိပါ။

"ဦးဗညား ရှင်ဘာတွေပြောနေတာလဲ"

"ဘာပြောတယ် ဆောင်း။ ကျုပ်ဘာတွေပြောနေတာလဲ ဟုတ်လား၊ မင်းမှာ ဒီလောက်အကောင်အထည်နဲ့ ပြနေရတာဆောင်းမင်း ကျုပ်ကို ဘာတွေဆက်ပြီး ဟန်ဆောင်ဖုံးကွယ်ထားချင်သေးတာလဲ၊ ဘာလဲ ကိုနိုင်က ဒီတာဝန်ကို သူမယူနိုင်ဘူးလို့ ပြောနေလို့မင်း"

"အို…မဟုတ်ဘူး၊ မဟုတ်ဘူး။ ရှင်ပြောတာတွေ ရှင်ထင်တာတွေ တစ်ခုမှမဟုတ်ဘူး၊ ဒီကိစ္စ သူနဲ့ဘာမှမဆိုင်ဘူး"





"ဘာကွ…မင်းဘာပြောတယ် ဆောင်း၊ ဒီကိစ္စ သူနဲ့မဆိုင်ဘူးဆိုတော့ ငါနဲ့ဆိုင်တဲ့သဘောလား"

"ဟုတ်တယ်"

"ဘာ"

ဆောင်း၏စကားကြောင့် ဗညား မျက်ဝန်းအစုံမှာ မီးပွင့်မတတ် တောက်ပသွားရသည်။

"ပြန်ပြောစမ်း ဆောင်း၊ စောစောက မင်းစကားကို ပြန်ပြောလိုက်စမ်း"

"ကျွန်မကိုယ်ဝန်ဟာ ရှင်ထင်သလို ကိုနိုင်နဲ့ ဘာမှမဆိုင်ဘူး။ ကိုနိုင်နဲ့ကျွန်မ ဘာမှလည်း မပတ်သက်ဘူး၊ ကျွန်မပတ်သက်ခဲ့တာ ရှင်၊ ဒီကိုယ်ဝန်ဟာ ရှင့်ကိုယ်ဝန်ဆိုတာ ရှင် ရှင် ဘာလို့မသိရတာလဲ"

ဖြူစင်သည့် ခင်မင်မှုဖြင့် ရိုးသားစွာ သူငယ်ချင်းအဖြစ်ခင်မင်ခဲ့သူ ကိုနိုင်နှင့် သူမကို ဦးဗညားသည် ထင်ရက်လေခြင်းဆိုသည့် အတွေးနှင့်အတူ ဆောင်းသည် သူမ၏မာနနှင့် သိက္ခာ

www.burmeseclassic.com

တရားကို စော်ကားရက်လေသူအဖြစ် ဦးဗညားအပေါ် နာကြည်းသွားရသည်မို့ မပြောတော့ပါဟု ဆုံးဖြတ်ထားသည့်ကြားက ထိုစကားများက နှုတ်မှ မခံမရပ်နိုင် အလိုလို ထွက်သွားရလေသည်။

"ဆောင်း မင်း…ခင်း ဒီလိုကိုယ်ဝန်ဟာ ငါ့ကိုယ်ဝန်ပါလို့ပြောရအောင် မင်းနဲ့ငါ ဟာ ဘယ်တုန်းက၊ ဘယ်တုန်းကဟာကွာ"

"အို"

ရုတ်တရက် ဆောင်းကိုယ်လေးသည် နောက်သို့ ပြိုယိုင်လဲသွားရလေသည်။

ရက်လိုက်တာ။ ရက်လိုက်တာ။ သိပ်ရက်တာပဲ။

သူ့စကားများသည် ဆောင်း၏ကိုယ်ကျင့်တရားကို ရစရာမရှိတော့အောင် စော်ကားလိုက်သည်ပဲ။

ရက်ရွဲ့နာကျင်မှုနှင့်အတူ သူမသိကျွာ ကိုယ်ကျင့်တရားမာနတို့ကို တစ်ခုမှ ရစရာမရှိအောင် စော်ကားရက်လွန်းသည့်



ဦးဗညား၏ မျက်နှာကို ဆောင်းသည် မမြင်ချင်၊ မတွေ့ချင်ရတော့သည်မို့ သူ့ရှေ့ကနေ သူမကိုယ်လေးကို ချာခနဲလှည့်ကာ ပြေးထွက်လာခဲ့လိုက်သည်။

"ဟာ"

"ဆောင်း"

"ဟော့…ဟော့ မပြေးနဲ့လေ၊ မပြေးနဲ့"

ဆောင်းသည် ဦးဗညား၏စကားများကို ဘယ်လိုမှ မကြားပါလေတော့။

ကြားနိုင်စွမ်းလည်း သူမတွင်မရှိတော့ပြီဖြစ်သည်။ မှားခဲ့သည့်အမှား၊ ကျူးလွန်ခဲ့သည့်အဖြစ်ကို သတိမရဘဲ သူမအပေါ်ကိုနိုင်နင့် သံသယဝင်ထား စွပ်စွဲလိုက်သည့်စကားများက ဆောင်းနားထဲက ဘယ်လိုမှ မထွက်နိုင်ပါတော့။

ပြေးစမ်း သူမ မုန်းသည်သူနှင့် လွတ်နိုင်သမျှပြေးစမ်းဆိုသည့်စိတ်နှင့် ကိုယ့်ကိုယ်ကို အားတင်းရင်း ဆောင်းတစ်ယောက်ဖြဲဝဲကာနေ ပြေးဆင်းလာခဲ့သည်မှာ ကားလမ်းမပေါ်သို့ ရောက်မှန်း

www.burmeseclassic.com

မသိ ရောက်လာရသည်။

လာရာလမ်းတစ်လျှောက်မှာလည်း မျက်ရည်စများက ပိုးပိုးပေါက်ပေါက် ကျဆင်းလာရသည်မှာ တားဆီးလို့မရပါ။

မျက်ဝန်းထဲတွင်လည်း ဘာမှမမြင်ပါသေတော့။ ရင်မှာ ရှက်ကြောက်ဝမ်းနည်းစိတ်များနှင့်အတူ ဦးဗညားအပေါ် နာကြည်းမုန်းတီးစိတ်များက ရင်မှာ ပြည့်လျှံနေရသည်မို့ ဆောင်းသည် မျက်စိမှိတ်ကာသာ ပြေးနေလေတော့သည်။

"ကျွီ"

"ဟာ"

"ဆောင်း"

"အမေ့"

"အို"

ကားဘရိတ်အုပ်သံ ခပ်ပြင်းပြင်းနှင့်အတူ ဆောင်းနှာမည်ကိုခေါ်ကာ သူမကိုယ်လေးကို လှမ်းဆွဲလိုက်သည်မို့ ဆောင်းသည် ရင်ခွင်ကျယ်ကြီးတစ်ခုထဲသို့ နွေးခနဲ ကျရောက်သွားရသည်။



"ဒီမှာအမျိုးသမီး ခင်ဗျားဘယ်လိုလုပ်လိုက်တာလဲ၊ ခင်ဗျား သေချင်လို့လုပ်တာက အကြောင်းမဟုတ်ဘူး ကျုပ် နေရင်းထိုင်ရင်း အမှုအပတ်ခံနိုင်ဘူး"

ကားဆရာမှာ သူ့ကားရှေ့တည့်တည့်ကို ပြေးဝင်လာသည့် ဆောင်းကို ဒေါသဖြစ်ဖြစ်နှင့် ပြောလိုက်သည်။

"ဒီကလေးခြင်ကြီးကို ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့် အမျိုးသမီး ကျွန်တော့်ကို စိတ်ဆိုးသွားလို့ပါ၊ တောင်းပန်ပါတယ်"

ကိုယ့်ကိုယ်ကို ကားနှင့်တိုက်မိပြီဟု ထင်လိုက်သော ဆောင်းမှာ ကြောက်ကြောက်လန့်လန့်နှင့် ထိတ်လန့်စွာ မျက်ဝန်းလေးအစုံကို မှိတ်ထားသည်မို့ သူမအား ကားနှင့်မတိုက်မိစေရန် အချိန်မီဆွဲလိုက်သည့်လူကို ဘယ်သူဆိုတာမသိသေးသဖြင့် ကားဆရာကို တောင်းပန်နေသည့်ကြားပါမှ ဆောင်းသည် ဦးဗညားရင်ခွင်ထဲ သူမရောက်နေရသည့်အဖြစ်ကို သတိထားမိသွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းသည် သူမကိုယ်လေး ဦးဇညားရင်ခွင်ထဲ ရောက်နေတာကို သိသည်နှင့် ချက်ချင်းပင် သူ့ရင်ခွင်ထဲက သူမကိုယ်လေး ရုန်းထွက်ပစ်လိုက်သည်။

"ဖယ်…ဖယ်…လွှတ်…လွှတ်"

ပါးပြင်နှစ်ဖက်ပေါ် မျက်ရည်များ အသွယ်သွယ်စီးကျရင်းက ဆောင်းသည် နှုတ်ခမ်းသားလေးများကို ဖေါက်ထွက်မတတ် ဖိကိုက်ပြီး ဇညားလက်များထဲက အတင်းရုန်းထွက်နေတော့သည်။

ဆောင်း ရုန်းထွက်သော်လည်းမရပါ။ ဇညားသည် မျက်ရည်များဖြင့် စိုလူးနေသည့် မျက်နှာဖူးဖူးညိုညိုလေးကို စိုက်ကြည့်လျက်က သူမကိုယ်လေးကို မလွှတ်ပေးဘဲ…

"စိတ်ကို အေးအေးထားပြီး ကိုယ်ပြောတာကို နားထောင်စမ်း ဆောင်း"

"အို…နားမထောင်ဘူး၊ နားမထောင်ဘူး၊ ရှင့်အသံကို မကြားချင်ဘူး၊ လွှတ်ဆို လွှတ်နော်"

ခံပြင်းနာကြည်းစိတ်နှင့် ဒေါသသွေးများ ဆူဝေနေရသော



ဆောင်းသည် ဇညား၏အသံကိုပင် မကြားချင်တော့လောက်အောင် ရင်မှာ ခါးသီးစွာ မုန်းတီးနေရသည်မို့လည်း သူပြောသည့်စကားကို ဘယ်လိုမှ လက်မခံပါ။ ခေါင်းလေးခါရင်းကသာ သူ့ရင်ခွင်ထဲက နေ အတင်းရုန်းထွက်နေတော့သည်။

"ရှင် ပြောနေတာမရဘူးလား"

"တောက်"

သူ့လက်များနှင့် ထိတွေ့နေရသည့် သူမကိုယ်သူမပင် ဆောင်းသည် ပြန်လည်ရွံရှာမုန်းတီးနေရသည်မို့ သူ့ရင်ခွင်ထဲက သူမကိုယ်လေးကို ဖွတ်အတင်း ရုန်းကန်ထွက်နေသော ဆောင်းသည် ဦးဇညားအပေါ် ဒေါသချောင်းချောင်းထွက်နေရသည်မို့ နာကျင်ခံခက် ဒေါသများနှင့် တကက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်သည်။

ဇညားမှာ ဂရုမစိုက်ပါ။

သူ လောလောဆယ် ဂရုစိုက်နေသည်က ဆောင်း သူ့ရင်ခွင်ထဲက ထွက်မသွားဖို့ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ဗညားသည် ဆောင်း၏ သူ့အပေါ် ဒေါသချောင်းချောင်းထနေရသည့် အဖြစ်ကို မသိဟန်ပြု မျက်နှာလွှဲကာ သူ့လက်အစုံသည် ဆောင်းကိုယ်လေးကို ဆတ်ခနဲ ပွေ့မချီလိုက်လေသည်။

"အို"

မျက်ရည်တွေ ဒေါသတွေနှင့် အံလေးကြိတ်ကာ သူမ အဖြစ်ကို သူမ ကျိတ်မနိုင်ခဲမရဖြစ်နေသော ဆောင်းမှာ ရုတ်တရက် ဦးဗညား၏ ပွေ့ယူမချီမှုကြောင့် မျက်ဝန်းလေး ပြူးကျယ်သွားရသလို လူကလည်း ဒေါသများဖြင့် သူ့လက်ထဲက သူမကိုယ်လေးကို အတင်းရုန်းကန် လျှော့ချနေတော့သည်။

"ရှင်…ရှင် ဘာလုပ်တာလဲ၊ လွှတ်နော်၊ ရှင့်မျက်နှာကို ကျွန်မ မကြည့်ချင်ဘူး၊ ရှင် ကျွန်မကိုလည်း ထိစရာမလိုဘူး၊ လွှတ်…ခုလွှတ်"

ဆောင်း ဘယ်လိုပင်ပြောနေပါစေ ဗညားသည် ဆောင်းအား ဘာစကားမှ ပြန်မပြောသလို သူမကိုယ်လေးကိုလည်း



လွှတ်မပေးသည့်အခါ ဆောင်းမှာ ဘာမှမတတ်နိုင်ပါလေတော့။

သူမကိုယ်လေးကို တင်းတင်းကြီး ပွေ့ဖက်ရင်းက ခြေလှမ်းကျဲကြီးများ တလွှားလွှားဖြင့် သူခေါ်ဆောင်ရာနောက်ဆီသို့သာ ဆောင်းသည် ဒေါသများ အစုလိုက်အပြုံလိုက်နှင့် လိုက်ပါလာခဲ့ရသည်။

သူမအပေါ် အနိုင်ကျင့်လွန်းသည့် သူ့အား ဆောင်းသည် ကျိတ်မနိုင်ခဲမရ ဒေါသများ ဖြစ်ရလွန်းသဖြင့် မျက်ရည်များကလည်း ပါးပြင်နှစ်ဖက်ပေါ် သွင်သွင်စီးကျနေသည်မှာ မပြတ်ပါလေတော့။

"မငိုနဲ့လေ တိတ်"

"ငိုမယ်…ငိုမယ်၊ ကျွန်မမျက်ရည်နဲ့ ကျွန်မငိုတာ ရှင်ပြောစရာမလိုဘူး"

"ကိုယ်က မင်းခေါင်းကိုက်မှာစိုးလို့ စေတနာနဲ့ပြောနေတာ"

"ဘာစေတနာလဲ၊ ဘာစေတနာလဲ၊ သွား လူယုတ်မာ၊

www.burmeseclassic.com

www.burmeseclassic.com



ရှင့်ဆီက ဘာစေတနာမှ မလိုချင်ဘူး၊ သွား''

သည်လိုအဖြစ်မျိုးနှင့် ဆောင်းသည် သူ့ရှေ့တွင် မျက်ရည်ကျ အညံ့မခံချင်ပါသော်လည်း အနိုင်ယူလွန်းသည့် သူ့အပေါ် မခံချင်စိတ်နှင့် ဒေါသဖြစ်ရလွန်းသည်မို့ ဆောင်းသည် သူမကိုယ်သူမ မတားဆီးနိုင်အောင် မျက်ရည်တွေ ပါးပြင်ပေါ် အဆက်မပြတ် ပြိုဆင်းနေရသည်။

''ဘာစေတနာမှ မလိုချင်လည်း မပြောတော့ဘူး၊ သွားချိ တာကတော့ မင်းကို ကိုယ် အိမ်ထဲအရောက် ပြန်ခေါ်သွားရမှာပဲ''

မတည်မပြုံး မျက်နှာကြီးနှင့် ဇညားသည် ဆောင်းမျက်နှာ လေးကို စိုက်ကြည့်လျက် သူမကိုယ်လေးကို အိမ်ထဲသို့ ပွေ့ချီ ခေါ်လာခဲ့လိုက်သည်။

ဆောင်းမှာ အားမတန်မာန်လျှော့လိုက်ရသည် ဆိုသော်မဟုတ် သူခေါ်ရာနောက်ကို ငြိမ်ငြိမ်လေးတော့ဖြင့် လိုက်ပါလာသည်မဟုတ် ပါ။ သူမကိုယ်လေးကို သူ့ရင်ခွင်ထဲက တွန်းထိုးရုန်းကန်ရင်း လိုက်ပါလာခဲ့သည်။





ဇညားမှာ ဒေါသတွေကြီးနေရသော ဆောင်းကိုယ်လေးကို တင်းတင်းလေး ပွေ့ချီလာရင်းက လာရာလမ်းတစ်လျှောက်မှာ သူ့စိတ်ထဲ သိသလိုလို မသိသလိုလို၊ မှတ်မိသလိုလို မမှတ်မိသလို လို ဖြစ်နေသည့် သူ့အရက်တွေ အမူးလွန်ခဲ့သည့်ညက အဖြစ်လေး ကို မျက်မှောင်ကြီးကုတ်ကာ စိတ်မှာ လေးလေးနက်နက်ကြီး စဉ်းစားနေရလေသည်။

သည်အဖြစ်က သူ့အတွက် သိပ်ကို အရေးကြီးနေရသည် မဟုတ်ပါလား။

စဉ်းစားရင်းက ဇညားသည် တစ်စုံတစ်ရာကို သတိသွား ရမိတော့ သူ့မျက်နှာကြီးသည် အရမ်းကို ပျက်သွားရလေသည်။

''ဟာ''

ရင်ထဲ ထိတ်လန့်တုန်လှုပ်သံကြီးနှင့်အတူ လှိုက်ခနဲခုန် သွားရသည့် ရင်ခုန်သံများကလည်း သူ့ရင်ကို ပရမ်းပတာ အခုန် မြန်လာရသည်။

နှလုံးသားလေးများသည်လည်း ရင်ခုန်စိတ်လှုပ်ရှားမှုများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တဆတ်ဆတ် တုန်လာရပြီဖြစ်သည်။

ကံကောင်းလို့ပါလား။ သူ သူ မှားတော့မလို့။ တကယ့်ကို သီသီလေး ကံလွဲသွားသည်မဟုတ်ပါလား။

လွဲမှားသွားရတော့မည့် ကံအတွက် တကယ့်ကို ကံအကောင်းကြီး ကောင်းသွားရသော ဗညားမှာ ကိုယ့်အဖြစ်ကိုကိုယ် ယူကျုံးမရ နောင်တအတွေးတို့နှင့် ဖြစ်တော့မည့်ကံမှ ကံအကောင်းကြီးကောင်းကာ လွဲသွားရသည့်အတွက် တစ်ဖက်ကလည်း ကိုယ့်အဖြစ်ကိုကိုယ် ဝမ်းသာကြည်နူးလှိုက်ခုန်မှုများဖြင့် ရင်မှာ တသိမ့်သိမ့် လှုပ်ရှားနေရပြီဖြစ်သည်။

ဗညားသည် ဆောင်းကိုယ်လေးကို တင်းခနဲ တစ်ချက်ညှစ်လိုက်ပြီး အမှားကြီးမှားကာ သငန့်တို အထင်လွဲခဲ့ရသည့် ချစ်သူအတွက် ရင်ထုမနာဖြစ်ကာ ချစ်သူအပေါ် အထင်လွဲရက်ခြင်းအဖြစ်အတွက် နောင်တများနှင့်အတူ ချစ်သူအား ချစ်ရည်ရွှန်းသည့် မျက်ဝန်းစိုစိုများဖြင့် တောင်းပန်သလိုကြည့်ရင်း သူမကိုယ်လေးကို ခေါ်လာသည်မှာ အပေါ်ထပ်အခန်းဆီကိုပင် ရောက်လာခဲ့ပြီဖြစ်သည်။



အပေါ်ထပ် သူ့အခန်းဆီသို့ရောက်မှ ဗညားသည် ဆောင်းကိုယ်လေးကို အခန်းထဲသို့ ချပေးလိုက်ပြီးနောက် သူသည် ကျောဖြင့် ဖိကပ်ကာ ပိတ်ထားလိုက်သည်။

သည့်နောက် သူ့အကြည့်စူးစူးများသည် ချစ်ရသူမိန်းမချောအား နူးညံ့သိမ်မွေ့တောင်းပန်မှုများဖြင့် ချစ်ရည်ယှက်ဖြာနေသော မျက်ဝန်းအစုံနှင့် ရီဝေစွာ ငေးစိုက်ကြည့်ရင်း···

"ဆောင်း"

"·······"

"ဆောင်း"

ဆောင်းမှာ တုတ်တုတ်မှ မလှုပ်ပါ။ စိမ်းလဲ့နေသော မျက်ဝန်းတောက်တောက်ဖြင့် နှုတ်ခမ်းအစုံကို ဖိကိုက်ရင်းကနာကြည်းမုန်းတီးရိပ်များဖြင့် ဗညားအား စကားတစ်ခွန်းမှ ပြန်မဆိုပါဘဲ ဆောင်းသည် သူမကိုယ်လေးကို အခန်းထဲမှ ထွက်ရန်ပြင်လိုက်တော့···

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲ ဆောင်း"

ဆောင်း ပြန်မဖြေပါ။ မျက်ဝန်းစိမ်းစိမ်းတောက်တောက်လေးနှင့်သာ သူ့ကို နာကျင်သလို ကြည့်ရင်း အခန်းထဲက ထွက်ဖို့ကိုသာ ကြိုးစားနေလေသည်။

"ဆောင်းရယ် မင်းကို ကိုယ်ဘယ်လိုတောင်းပန်ရမလဲဆိုတာတောင် ကိုယ်မသိတော့ပါဘူးဗျာ၊ မှားခဲ့တဲ့ကိုယ့်အမှားတွေက မင်းကို ခွင့်လွှတ်ပါဆိုတဲ့စကားနဲ့ မလုံလောက်အောင် ကိုယ့်ဘက်က မင်းအပေါ်မှာ အမှားတွေ ကျူးလွန်ခဲ့မိပါတယ်၊ အဲဒီအတွက် မင်းဆီက ခွင့်လွှတ်တယ်ဆိုတဲ့ စကားကိုလည်း ကိုယ်မမျှော်လင့်တော့ပါဘူး၊ ဒါပေမဲ့ ကိုယ့်ကိုတော့ မင်းခွဲမသွားပါနဲ့၊ ကိုယ့်ရဲ့အမှားတွေအတွက် မင်းနဲ့ကိုယ့်ရင်သွေးလေးအပေါ်မှာ ကိုယ့်ဘဝ ကိုယ့်နှလုံးသားနဲ့ ပေးဆပ်ပြီး ကိုယ်အသက်ရှင်သ၍ မင်းကိုတောင်းပန်သွားမယ်ဆိုတာ မင်းလေးသိပါတော့ဗျာ"

ဗညားသည် ထိုစကားကို ချစ်ရည်တောက်ရွှန်းသော မျက်ဝန်းအစုံနှင့် နူးညံ့တိုးလျှိုးစွာကြည့်ရင်းက ဆိုလိုက်သည်။





ဆောင်းသည် သူ့စကားများအတွက် နာကြည်းခါးသီးအခံရခက်ဟန် မျက်နှာလေးနှင့် ဗညားအား စိမ်းတောက်နေသော မျက်ဝန်းလေးဖြင့် ခပ်စူးစူးလေးကြည့်လိုက်ပြီး…

"စောစောက ရှင်ဘာပြောတယ်၊ ကျွန်မနဲ့ ကျွန်မရင်သွေး အပေါ်မှာ ရှင့်နှလုံးသားနဲ့ ပေးဆပ်ပြီး တောင်းပန်သွားပါ့မယ် ဟုတ်လား"

"ဆောင်းရယ် မင်း ကိုယ့်အပေါ်မှာ ဒီလိုအကြည့်၊ ဒီလိုစကားမျိုး မပြောပါနဲ့ဗျာ၊ မင်းလွယ်ထားရတဲ့ ရင်သွေးလေးဟာ ကိုယ့်သွေး၊ ကိုယ့်ရင်သွေးလေးဆိုတာ ကိုယ်သိပါပြီ၊ ကိုယ်သိပါပြီ"

"ဩော်…ဒီလိုဆိုတော့လည်း ရှင်က ရှင့်ရင်သွေးမှန်း လက်ခံတယ်ပေါ့"

အခံရခက်ဟန် မျက်နှာလေးနဲ့ ခနဲ့တဲ့တဲ့ သူမစကားကိုလည်း ဗညား မမှုနိုင်ပါတော့။ သူ့လုပ်ရပ်၊ သူ့အပြောနှင့် သူ့အမှားများသည် သူမအပေါ် ထိုစကားများနှင့် မလုံလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com

သူ့ဘက်က လွန်ခဲ့သည်များလည်း ရှိသည်မို့ ဗညား သူ့အမှားများအတွက် သူရင်နာရုံကလွဲလို့ မတတ်နိုင်ပါတော့။

"ပြောပါ ဆောင်း၊ ကိုယ့်ကို မင်း ဒီထက်မကတဲ့ စကားတွေနဲ့ ပြောနိုင်ပါတယ်၊ တကယ်တော့ ကိုယ်ဟာ သိပ်ကိုတုံးတဲ့ လူအတစ်ယောက်ပါပဲ၊ ကိုယ့်မေတ္တာရိပ်၊ ကိုယ့်အချစ်တွေအောက်မှာ ရှိနေတဲ့ မင်းဟာ ကိုယ့်ရင်သွေးလေးကိုပဲ လွယ်ထားရလိမ့်မယ်ဆိုတာ ကိုယ် ကိုယ် ဘာလို့များ မတွေးမိရတာလဲဆိုတာ ကိုယ့်ကိုယ်ကို နောင်တတွေနဲ့ အပြစ်တင်လို့ မဆုံးတော့ပါဘူးဗျာ"

ဗညားသည် ထိုစကားကိုတော့ လေးလေးနက်နက် ပြောနေလိုက်ခြင်းဖြစ်သည်။

ဆောင်းအပေါ်မှာ မှားခဲ့သည့် အမှားသည် သူ့ဘဝတစ်ခုလုံး ပေးဆပ်ပြီး တောင်းပန်လို့မှ မကျေနိုင်သည့်အဖြစ်။ သည့်အတွက်လည်း သူရင်နာရပါသည်။

"ကိုယ့်ဇနီးနဲ့ ကိုယ့်ရင်သွေးလေးအပေါ်မှာ ကိုယ့်ကို စောင့်ရှောက်ခွင့်ပြုပါ ဆောင်း"



"လူတစ်ယောက်ရဲ့ သိက္ခာနဲ့ ကိုယ်ကျင့်တရားကို ရစရာမရှိအောင် စော်ကားခဲ့ပြီးမှ ငါမှားပါတယ်၊ ခွင့်လွှတ်ပါဆိုတဲ့စကားနဲ့ သကာပေါ်ပျားရည်လောင်းတာတ်တဲ့ ရှင့်လိုလူကို ကျွန်မ မတွေ့ချင်၊ မမြင်ချင်တော့ဘူး၊ ရှင် ကျွန်မရှေ့ကဖယ်ပါ ဦးဗညား"

နာကြည်းစိမ်းလဲ့နေသော ခါသီးမုန်းတီးရိပ်များ သန်းနေသည့် မျက်ဝန်းပြာကြီးနှင့် သူ့အား ခပ်စိမ်းစိမ်းလေးကြည့်ကာ ဆိုလာသည့် ဆောင်းကို ဗညားသည် ရင်နာစွာကြည့်ရင်းက သက်မ မောတစ်ချက်ကို လေပြည်နှင့်အတူ ချလိုက်ရင်း...

"ဟုး"

"ဆောင်းရယ် မင်းဘယ်မှမသွားရဘူး"

"ကျွန်မ ရှင်နဲ့ အဝေးဆုံးအရပ်ကို ထွက်သွားဖို့ စဉ်းစားပြီးပြီ၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ်၊ ရှင်နဲ့ တစ်မိုးအောက်မှာ ကျွန်မ ဘယ်လိုမှ ဆက်ပြီးမနေနိုင်တော့ဘူး၊ ရှင် ကျွန်မကို ကွာရှင်းပေးပါတော့"

"တောင်းပန်ပါတယ် ဆောင်း၊ မင်းက ကွာရှင်းခိုင်းတာနဲ့ ကိုယ်က

www.burmeseclassic.com

www.burmeseclassic.com



မင်းကို အလွယ်တကူ ကွာရှင်းပေးလိမ့်မယ်ဆိုတာ ကိုယ့်တစ်သက် ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး၊ ဒီအဖြစ်ကိုလည်း မင်း ဘယ်တော့မှ မမျှော်လင့်နဲ့ဆောင်း၊ ဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့ ကိုယ်ရဲ့ မမြင်ရသေးတဲ့ ရင်သွေးလေးကို ကိုယ်သိပ်ချစ်လို့ပဲ"

သူ့စကားအဆုံးဝယ် ဆောင်းမျက်နှာလေးထက်တွင် တစ်ဖက်လူ အခံရခက်သည့် မခံချိမခံသာ မျက်နှာလေးနဲ့ သရော် မဲ့ပြုံးလေး တစ်ချက်ကို ခပ်မဲ့မဲ့ပြုံးလိုက်တော့ ဇော်သားရင်ဝယ် နာကျင်မှုများဖြင့် ဆောင်းမျက်နှာလှလှလေးကို အားမလိုအားမရ မချင့်မရဲဟန်ကြီးနှင့် စိုက်ကြည့်လိုက်ပြီးနောက် ရုတ်ခြည်း ဇော်သား သည် ဆောင်း ခါးကျဉ်ကျဉ်လေးကို သူ့လက်အစုံနှင့် တင်းတင်း ကြီး ရစ်ပတ်လျက် ရင်ချင်းဆွဲကပ်လိုက်သောအခါ

"ရှင်…ရှင် ဘာလုပ်တာလဲ၊ လွှတ်…လွှတ်"

"အဟွန်း…လွှတ်ချင်မှတော့ မင်းလေးကို ခုလိုဖောင် ဖက်မထားဘူး"

"ကြည့်စမ်း ရှင်ဒါဘာစကားလဲ"





"ခင်ဗျားနဲ့ ရင်သွေးလေးကို မခွဲနိုင်တဲ့အကြောင်း ပြောနေ တာ"

"မကြားချင်ဘူး"

"မကြားချင်လို့မရဘူး၊ ကိုယ်တို့ရင်သွေးလေးရဲ့ ရှေ့ရေး ကို ကိုယ်တို့နှစ်ယောက်လုံး ကြည့်ရမယ်"

"အဟွန့်…ခုမှ ရှင်သိပ်သိတတ်နေပါလား ဦးဇော်သား"

"ဆောင်းနော် မင်း ကိုယ့်ကို မခနဲ့နဲ့၊ ကိုယ်ဆိုတဲ့ကောင် က ကိုယ့်ဇနီးနဲ့ ကိုယ့်ရင်သွေးအတွက် အမြဲတမ်းသိတတ်နေမယ့် လူကွ"

ပြောပြောဆိုဆို ဇော်သားသည် ဆောင်းကိုယ်လေးကို အားမလိုအားမရ ဖြစ်လာရသည့်နှယ် သူ့လက်အစုံနှင့် တအားကြီး ပွေ့ဖက်လိုက်တော့…

"အင့်…ကဲ"

နဂိုဒေါသခံစိတ်ကလေးနှင့် သူ့အပေါ် ကျေမနပ်ဖြစ်နေရ သော ဆောင်းမှာ ဇော်သားကိုယ်ကြီးအား တွန်းထုတ်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသိပ်ဆိုးပါလား ဆောင်း"

"ဆိုးတယ်၊ မကျေနပ်တော့ ရှင်ဘာလုပ်ချင်လဲ"

"မင်းတော့လား ကဲကွာ"

"ဟင်"

"ရှင်"

"အို"

ဆောင် မျက်ဝန်းလေးများ ပြာဝေသွားရသလို အသက် ရှူလေးများလည်း မွန်းကြပ်သွားရပါတော့သည်။

"အင်း...ရှင်...ဖယ်..လွှတ်"

"မလွှတ်ဘူး၊ လွှတ်ရင် မင်းကိုယ့်ကို ထားသွားမှာပေါ့"

"အဲဒီလိုထားအောင် ရှင်လုပ်တာပဲမဟုတ်လား"

"ကိုယ်ဝန်ခံပါတယ်၊ အဲဒီအမှားအတွက်လည်း မင်းပြ သားအမိကို ကိုယ်တစ်ဘဝလုံးနဲ့ရင်းပြီး ကျေနပ်အောင် တောင်းပ ဖို့ ဆုံးဖြတ်ထားပြီးပြီ၊ ဒါကို မင်း မင်း မကျေနပ်ဘူးဆိုရင် ကိုယ် အပေါ် ကြိုက်သလိုပြန်ပြီး အနိုင်ယူ ကိုယ်ကျေနပ်တယ်"

"ဟွန့်...ရှင့်ရဲ့ မဟာအကြံအစည်ကြီးက ရှင့်အတွက် အများကြီးနစ်နာနေပါဦးမယ်"

"နစ်နာပါစေဗျာ၊ ကိုယ့်ဇနီးနဲ့ ကိုယ့်ရင်သွေးအတွက် ကိုယ် ဒီထက်မက အနစ်နာခံဖို့ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ထားပြီး သားပါ"

"ရှင်တော်၊ ရှင့်ရဲ့စကားကို ကျွန်မ နားမထောင်နိုင်ဘူး၊ လွှတ် ကျွန်မသွားမယ်"

ဆောင်းသည် ဗညားစကားများကို ဂရုမစိုက်။ အမှုမထား သလို တည်တင်းနေသော မျက်နှာလှလှလေးနှင့် သူ့ရင်ခွင်ထဲက ရုန်းထွက်ရန်ပြင်လိုက်တော့ ဗညားသည် ချစ်ဇနီး၏ ကိုယ်အိအိ နွေးနွေးလေးကို လွှတ်ထွက်သွားမှာ စိုးသည့်အလား တင်းတင်းကြပ် ကြပ်ကြီး ပွေ့ဖက်လာရင်း...

"မင်းနော်...တခဆိတ်ရှိ သွားမယ်သွားမယ်နဲ့ ပြောစမ်း ခင်ဗျားလေးက ဘယ်သွားမှာလဲ"

"ဘယ်ကိုသွားရမှာလဲ၊ ရှင်နဲ့ဝေးတဲ့နေရာကိုပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"အပျွန်း…ကျုပ်နဲ့ဝေးတဲ့နေရာကို မင်းသွားဖို့ဆုံးဖြတ်မယ် ဆိုရင်တော့ အဲဒီဆုံးဖြတ်ချက်ကို မင်းပြင်လိုက်တော့၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်က မင်းအနားမှာ မင်းရဲ့အရိပ်အဖြစ် အမြဲရှိနေမှာမို့လို့ ပဲ"

"အို"

အကြည့်ရူးရူးကြီးများနှင့် ကြည့်ကာပြောရင်း ဗညားသည် ဆောင်း၏ပါးလေးကို ဖျတ်ခနဲ နမ်းလိုက်တော့ ဆောင်းမျက်နှာလှလှ လေး တစ်ပြင်လုံး ရဲရဲတွတ်နီမြန်းသွားရ၏။

ချစ်ဇနီး၏ ထိုအဖြစ်ကိုပင် ဗညားသည် သဘောကျသလို မျက်ဝန်းလေးများ မှေးစင်းရင်းက အပြုံးချောချောကြီးနှင့် ခပ်လွှန့် လွှန့် ရယ်မောလိုက်သည်။

"အပျွန်း…ပျွန်း…ပျွန်း"

"ဆောင်းရယ်"

ရယ်မောရင်းက ဗညားသည် မချင့်မရဲညည်းသံကြီးနှင့် ဆောင်းအား မျက်နှာချင်း ပူးကပ်ယှက်ဖြာထားလိုက်ပြီး



"ဆောင်းတို့သားအမိအပေါ် ကိုယ့်အမှားတွေအတွက် ကိုယ်ဘယ်လိုတောင်းပန်မှ ခွင့်လွှတ်မှာလဲ"

"ဘယ်လိုမှ မတောင်းပန်နဲ့၊ ကျွန်မနဲ့ ကျွန်မရင်သွေး အပေါ် ရှင်ဘယ်လိုပဲ တောင်းပန်တောင်းပန် ကျွန်မ ခွင့်လွှတ်မှာ မဟုတ်ဘူး"

"ကိုယ့်အပေါ် အဲဒီလောက်တောင် မင်းမုန်းနေပြီလား ဆောင်း"

"အဲဒီထက်ပိုတယ်"

"ကောင်းပြီ၊ ကိုယ့်အပေါ် ဒီလောက်မုန်းနေတဲ့ ကောင်မ လေးကို ကိုယ် မတောင်းပန်တော့ဘူး၊ မုန်းလက်စနဲ့ မထူးတော့ မယ့် အတူတူ မင်းလေးလာခဲ့စမ်း"

"အို"

"ဦးဗညား"

"ရှင်နော်"

ထိတ်လန့်မှုနှင့် ဟန့်တားသံလေးက ဆောင်းနှုတ်မှ ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။

သူမမျက်နှာလေးနား ဝဲကပ်လာသည့် ဦးဗညား၏ မျက်နှာချောချောကြီးက ဆောင်းနှလုံးသားကို တုန်လှုပ်စေသည် မဟုတ်ပါလား။

"ပြောစမ်း ကောင်မလေး၊ ကိုယ့်ကို မုန်းဦးမှာလားဆို တာ"

ဆောင်း မဖြေပါ။ နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ ကာ နှုတ်ပိတ်နေလေသည်။

ဗညားစိတ်မှာ မချင့်မရဲ အသည်းယားယားကြီး ဖြစ်သွား ရပြီး...

"ဟေး...မေးနေတာဖြေလေကွာ၊ အေးဗျာ ပြီးမှ ကိုယ့်ကို ကြောက်ပါပြီ မပြောနဲ့နော်"

ထိုအချိန်ထိ ဆောင်းကား မလှုပ်သေးပါ။ တင်းလွှန်း သည့် သူ့ပွေ့ဖက်ထားမှုအောက်မှာ လူက မလှုပ်သာသမျှ နှုတ်ခမ်း စူစူလေးဖြင့် ငြိမ်သက်နေတော့သည်။



"ဒီလောက်ခေါင်းမာတဲ့ကောင်မလေး ကဲ"

"အို"

"ဦးဗညား"

"အဟွန်း...ဟွန်း"

သည်တစ်ခါ အသံထွက်လာရသူက ဆောင်းဖြစ်သည်။ ဆောင်း အသံမထွက်လို့လည်း နေရဲတော့ပါ။

အချစ်ကြမ်းသမားကြီး ဦးဗညားကိုတော့ သူမ တကယ် ပင် ကြောက်လန့်မိလေသည်။

ထို့ကြောင့် သူ့ကို မကြည့်ဖြူ မကျေနပ်သည့်ကြားက သူမနှုတ်မှ သူ့နာမည်ကို ခပ်ဆတ်ဆတ်လေး ခေါ်မိသွားရသည်။

ဗညားသည် သူ့ခေါ်သံကြောင့် သဘောတကျ နှစ်နှစ် ခြိုက်ခြိုက်ကြီး ရယ်လိုက်ပြီး...

"ဆောင်းရယ် မင်းလေး တကယ့်ကလေးလေးလိုပါပဲ လားဗျာ၊ အင်း ဒီပုံနဲ့ဆို ကိုယ်တော့ ခက်မှာသေချာတယ်"

"ရှင်နော် ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ…ဆိုင်တာပေါ့၊ မင်းလေး စဉ်းစားကြည့်လေ ကိုယ့်အပေါ် ဒီလောက်ဆိုးသလို ကိုယ်နဲ့မင်းနဲ့ ရင်သွေးလေးလည်း မင်းဆိုးတာထက် ကိုယ့်အပေါ် ပိုဆိုးရင် ဟောဒီက ဒက်ဒီကြီးတော့ ကြာရင် ကိုယ်မှာ အင်္ကျီကပ်ပါ့မလားမသိဘူး၊ မအေကဆိုး၊ သမီးက ဆိုးနဲ့"

"ဟာ…ဦးဗညား၊ ရှင်နော်…ရှင်ဘာတွေပြောနေတာလဲ"

သူ့စကားကြောင့် ဆောင်းသည် မျက်နှာလေး မထား တတ်အောင် အရှက်သည်းသွားရသည်မို့ မျက်စောင်းလေးထိုးကာ ဗညားရင်ဘတ်ကြီးအား ထုရိုက်နေတော့သည်။

"ဟိတ်…ဟိတ် ကောင်မလေး ဘာလို့ရိုက်နေတာလဲ ဗျာ၊ ကိုယ့်ကို မင်းလေး မချစ်ဘူးဆိုတာ တကယ်ပဲလား"

"ရှင်နော် ဘာဆိုင်လဲ"

"ဒါဖြင့် ကိုယ့်ကိုချစ်တယ်ပေါ့"

"အို…ရှင်"





ရုတ်တရက်မို့ စကားအငိုက်မိသွားရသော ဆောင်း တစ်ယောက် သူ့အား မျက်ဝန်းပြာကြီးနှင့် မော့ကြည့်လာရင်း

"မချစ်ဘူးဆိုရင်ရော"

"မရတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဟောဒီ မာမီကြီးဗိုက်ထဲက သမီးလေးကို မာမီကြီးက ဒက်ဒီကို မချစ်ဘူးဆိုတဲ့အကြောင်း ကိုယ့်သမီးသိအောင် လှမ်းတိုင် ရမှာပေါ့ဗျာ"

"သွား…သူ့အကဲပိုတယ်"

သူ့မဗိုက်ကို လက်နှင့်ခပ်ဖွဖွကိုင်ကာ ပြောလာသည့် ဗညားကို ဆောင်းသည် သူပိုရန်ကောပဟူသည့် ရှက်မျက်စောင်း မဝံ့မရဲလေးနှင့် ရင်ခုန်စိတ်လှုပ်ရှားစွာ ဆိုလိုက်တော့ ဗညားသည် လည်း နှလုံးသားများ အရည်ပျော်သွားရပြီဖြစ်သည်။

တစ်ဆက်တည်း သူသိလိုက်သည်ကလည်း သူ၏ချစ်နေိုး လေး ဆောင်းသည် သူ့အပေါ် ယခင်ကလို တင်းမာခက်ထန်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အမုန်းများ မရှိတော့ဘဲ သူမရင်ထဲ တစ်ရစ်ချင်း ပြေစပြုလာသည့် သူမ၏အတွင်းစိတ်သဘောလေးကိုလည်း သူလှမ်းမြင်တွေ့လိုက်ရပြီမို့ ဗညား၏ နှလုံးသားများ နွေးထွေးကြည်နူးသွား၏။

"ချစ်ရယ်ဗျာ တကယ်တမ်း ကိုယ့်မေတ္တာ၊ ကိုယ့်အချစ်တွေကို မင်းလေး မြင်တွေ့မယ်ဆိုရင် ကိုယ် မင်းလေးအပေါ် ဘယ်လောက်ချစ်တာ မင်းလေး သိလောက်ပါပြီ၊ မင်းကို အရိပ်တကြည့်ကြည့်နဲ့ ချစ်တဲ့အချစ်က ကိုယ့်အချစ်တွေ မင်းအပေါ် ဘယ်လောက်လေးနက်တယ်ဆိုတာ သက်သေပြနေပါပြီချစ်ရယ်"

အိုကွယ်။

ဆောင်းသည် တီးတိုးညည်းလိုက်မိပါသည်။ တကယ်တော့ သူပြောသလို သူမအပေါ်ကို အရိပ်တကြည့်ကြည့်နှင့် သူမလိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးကာ သူမအပေါ် အနွံတာခံကာ သူမဆိုးနွံသမျှ သည်းခံနိုင်သည့် အဖြစ်များက သူမအပေါ် ဦးဗညား သိပ်ချစ်၍ဆိုတာ ဆောင်း သိပါသည်။

ဦးဗညားတစ်ယောက် သူမဘဝကို အနိုင်ယူသိမ်းပိုက်ရက်





သူအဖြစ် သူ့အပေါ်မှာ ဆောင်းသည် အမုန်းစိတ်များ ထားခဲ့ပေမယ့် သူမအပေါ် တယုတယနှင့် ချစ်တတ်ကြင်နာတတ်သည့် သူ့အပြုအမူများနှင့် သူ့အကြည့်၊ သူ့ချစ်စကားများက အဖြူရောင်နှလုံးသားပိုင်ရှင် ဆောင်းကို များစွာတုန်လှုပ်ရင်ဖိုစေခဲ့ရသည်ကိုတော့ ဆောင်း မငြင်းချင်ပါ။

ထိုသည်ကပင် သူ့အပေါ် မသိစိတ်က ချစ်ခင်စွဲလမ်းနေမိမှန်းလည်း ဆောင်းသည် သူနှင့်တစ်မိုးအောက်မှာ အတူနေရက်လေးများ ကြာလာတော့ သူမနှလုံးသားကို သူမ တဖြည်းဖြည်း နားလည်လာခဲ့ရလေသည်။

ဒါကြောင့်လည်း သူမသည် သူ၏ရင်သွေးလေးကို ရင်မှာ စူးနစ်နက်ရှိုင်းစွာ စိုက်ဝင်နေရသည့် ချစ်ခြင်းများဖြင့် လွယ်ခဲ့ခြင်းဖြစ်သည်ကိုတော့ သူ သိမည်မဟုတ်ပါ။

အတွေးစိတ်ကြောင့် ဆောင်းသည် သူမအဖြစ်ကို သူမ လိပ်ပြာမလုံမလဲဟန်လေးနှင့် မျက်ဝန်းလေးထောင့်ကပ်ကာ ဦးဗညားအား မော့အကြည့်



www.burmeseclassic.com

www.burmeseclassic.com



"အို"

သူသည်လည်း ဆောင်းကို တစ်ခါမှ မမြင်ဘူး မတွေ့ဘူး သူတစ်ယောက်လို စူးစူးနစ်နစ်ကြီး ငေးစိုက်ကြည့်နေတာမို့ ဆောင်းသည် ရှက်စိတ်နှင့် မျက်လွှာလေးချသွားရသည်။

"ဆောင်း"

BURMESE CLASSIC .com

"ရှင်"

ခေါ်သံကလည်း အသံများ လှိုက်ဖြာနေရသလို ပြန်ထူးသည့် ဆောင်းအသံကလည်း မသိမသာလေး တုန်ခါနေရသည်။

"ကိုယ့်ကိုချစ်တယ်ဆိုတာ မင်းလေးနှုတ်က ဖွင့်မပြောပေမယ့် ကိုယ့်မေတ္တာရိပ်အောက်မှာ မေတ္တာကမ္ဘာမခြားဘဲ ရှိနေတဲ့ မင်းလေးဟာ ကိုယ့်လိုပဲ ကိုယ့်ကို ပြန်ချစ်နေတယ်ဆိုတာ ကိုယ့်နှလုံးသားက အလိုလိုသိနေပါတယ်ဗျာ"

"ရှင်ရယ်"

ပါးချင်းကပ်ကာ ဆိုလာသည့် ဦးဗညားကို ဆောင်းဒီတစ်ခါတော့ ယခင်ကလို တွန်းထိုးငြင်းဆန်ခြင်းများ မလုပ်ပါ





လေတော့။

အချစ်ဆိုသည့်အရာသည် နူးညံ့သိမ်မွေ့လွန်းသည်မို့ နှလုံးသားမှ လှိုက်ဖြာမှုများဖြင့် ထွက်ပေါ်လာရသော သူမ၏အချစ်များသည် ချစ်ခင်ပွန်း ဦးဗညားအပေါ်မှာ သူမ၏နှုတ်ကနေ ဖွင့်ပြောစရာမလိုရအောင် ခိုင်မာလေးနက်ပေါ်လွင်လွန်းနေရသည်မို့ သူမ၏အချစ်များကို ရင်မှာ သိမ်းဆည်းစရာ မလိုတော့သည့်အတူတူ ရှက်စိတ်လေးများကို ရင်မှာကွယ်ဝှက်ရင်း ဦးဗညား ရင်ခွင်ထဲသို့ ဆောင်းသည် သူမကိုယ်လေးကို တိုးဝင်လိုက်လေသည်။

"ဟာ...ချစ်ရယ်ဗျာ"

"အို"

ရင်မှာ အသက်နှင့်ထပ်တူ ပုံ၍ချစ်ရပါသော ချစ်ဇနီးထံမှ သူမျှော်လင့်တောင့်တနေပါသော အချစ်များကို ဗညားလူချောကြီးသည် ကြည်ဖြူနွေးထွေးစွာ သိမ်းပိုက်ခွင့်ရလိုက်ပြီမို့ အပျော်များက သူ့ရင်ထဲ ဘာနှင့်မျှ နှိုင်းပြခွင့်မရှိပါတော့။

ချစ်သူ၏ရုပ်သွင်သည် ဗညားအတွက် ငွေလမင်းပမာ



www.burmeseclassic.com

www.burmeseclassic.com



လွှန်စွာအေးမြကြည်လင် ကြည်နူးစေရသည့်မို့ ချစ်ဇနီးချော၏ မျှန်ညက်ဝင်းစက်နေရပါသော မိခင်လောင်းတစ်ယောက်၏ အလှများကို ဗညားသည် ငေးစိုက်ကြည့်ရင်းက

"ချစ်"

"ဟင်"

"ကိုယ့်ကို ချစ်စကားမပြောတော့ဘူးလား"

"အဟင်း…သူသိနေပြီပဲ၊ ဘာပြောစရာ လိုသေးလို့လဲ ကိုရယ်"

"ဗျာ…ဘယ်လို"

"ကိုလို့"

"ဆောင်းရယ်"

"သိပ်ချစ်တယ်"

ဗညားသည် ဆောင်း၏ နွေးနွေးအိအိကိုယ်လေးကို မချင့်မရဲ ဖျစ်ညှစ်လိုက်လေသည်။

တကယ်တော့ ဆောင်းလည်း ကို့ကို ချစ်မိပါပြီ။



အိမ်ထောင်သက်လေးများ ကြာပြီဖြစ်ပေမယ့် တစ်ဦးရင်ထဲကအချစ်ကို တစ်ဦး အခုမှ ပိုင်ဆိုင်ခွင့်ရခဲ့ရသော အမုန်းနှင့် ပစ်ခွင်းခဲ့သော အချစ်မြွှားနတ်မောင် သူကြည်စားခဲ့ခြင်းမှသာ ဖြစ်ခြင်းကိုက နှစ်ဦးသဘောတူ လက်ခံတူညီလိုက်ကြရပြီဖြစ်သည်။

ရွှေအဉ္ဇလီ

www.burmeseclassic.com

www.burmeseclassic.com

# ရွှေအာဠူလီ

ချစ်မိသည်



www.burmeseclassic.com